# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

၁၃၈၀ ပြည့်နှစ်၊ နယုန်လပြည့်ကျော် ၆ ရက် | ၂၀၁၈ ခုနှစ်၊ ဇွန် ၄ ရက်၊ တနင်္လာနေ့ | အတွဲ (၅၇)၊ အမှတ် (၂၄၅)

**ပညာဆီမီးကို ရှာဖွေကြိုးစား**

လောဘစသော မီးတဟုန်းဟုန်း တောက်လောင်ခြင်းကို ခံနေရပါလျက် အဘယ်ကြောင့် လူတို့သည် ပြုံးရွှင်ပျော်မြူးနေကြရပါသနည်း။ နှစ်လိုဝမ်းသာခြင်း ဖြစ်နေရပါသနည်း။ ထိုရာဂ စသော မီးတို့ကို ငြိမ်းသတ်နိုင်ရန် အားထုတ်သင့်ကြ၏။ မသိအောင် ဖုံးလွှမ်းထားသော အဝိဇ္ဇာအမှောင်တိုက်ကြီးအတွင်းမှ ထွက်မြောက်ရန် ပညာတည်းဟူသော ဆီမီးကို ရှာဖွေကာ ကြိုးစားသင့်၏။

ရာဇဝဂ်(ဓမ္မပဒ - ၁၄၆)

# ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း (၁၇) ကြိမ်မြောက် အာရှလုံခြုံရေးဆိုင်ရာ ထိပ်သီးအစည်းအဝေး တက်ရောက်

## နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် ရခိုင်ပြည်နယ် အရေးကိစ္စကို ဓမ္မဓိဋ္ဌာန်ကျကျ ရှုမြင်သုံးသပ်ရန် အလွန်အရေးကြီးကြောင်း ပြောကြားခဲ့




ပြည်ထောင်စုဝန်ကြီး အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်း (၁၇) ကြိမ်မြောက် အာရှလုံခြုံရေးဆိုင်ရာ ထိပ်သီးအစည်းအဝေး / The IISS Shangri-La Dialogue သို့ တက်ရောက်စဉ်။

သတင်းစဉ်

**နေပြည်တော် ဇွန် ၃**

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်းသည် စင်ကာပူနိုင်ငံတွင် ဇွန် ၁ ရက်မှ ၃ ရက်အထိကျင်းပသည့် (၁၇) ကြိမ်မြောက် အာရှလုံခြုံရေးဆိုင်ရာ ထိပ်သီးအစည်းအဝေး / The IISS Shangri-La Dialogue သို့ ပါဝင်တက်ရောက်ခဲ့သည်။

အစည်းအဝေးကာလအတွင်း "မြန်မာနိုင်ငံ၊ ရခိုင်ပြည်နယ် လုံခြုံရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပြဿနာ" ခေါင်းစဉ်ဖြင့် ကျင်းပသော အထူးကဏ္ဍဆွေးနွေးပွဲတစ်ရပ်တွင် ရခိုင်ပြည်နယ်၌ လတ်တလောဖြစ်ပွားနေသည့် ပဋိပက္ခ၏ အဓိကအကြောင်းရင်းမှာ အကြမ်းဖက်မှုဝါဒဖြစ်ကြောင်း၊ ARSA ဟုခေါ်သော အကြမ်းဖက်အဖွဲ့က ကျေးရွာများရှိ အုပ်ချုပ်ရေးမှူးများ၊ အပြစ်မဲ့ပြည်သူများအား စနစ်တကျစီမံ၍ ရက်စက်စွာ သတ်ဖြတ်ခဲ့သည့် လုပ်ရပ်များကြောင့် အစ္စလာမ်ဘာသာဝင်များ

*စာမျက်နှာ ၃ ကော်လံ ၁* ◆

**ဟိုပင်၌ အငီစိတွင်းတူးရာမှ ဓာတ်ငွေ့ထွက်လာသဖြင့် ကြိုတင်ကာကွယ်မှုများ ဆောင်ရွက်လျက်ရှိ**

စာ » ၈

............

**ကတ်တလိုးနီးယား ခွဲထွက်ရေးခေါင်းဆောင် စပိန်ဝန်ကြီးချုပ်သစ်နှင့် တွေ့ဆုံရန် ကမ်းလှမ်း**

နိုင်ငံတကာသတင်း  စာ » ၁၄

# ကိုရီးယား-မြန်မာချစ်ကြည်ရေး ရန်ကုန်-ဒလမြစ်ကူးတံတား အမြန်ဆုံးအကောင်အထည်ဖော်နိုင်ရေး ဆွေးနွေး


**ရန်ကုန် ဇွန် ၃**

ကိုရီးယား-မြန်မာချစ်ကြည်ရေး ရန်ကုန်-ဒလ မြစ်ကူးတံတားကြီး အမြန်ဆုံးအကောင်အထည်ဖော် တည်ဆောက်ပေးနိုင်ရေးအတွက် လွှတ်တော်ကိုယ်စားလှယ်များနှင့် ဒေသခံပြည်သူများ တွေ့ဆုံဆွေးနွေးခြင်းကို ယနေ့ မွန်းတည့် ၁၂ နာရီက ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ကမာကသွယ်ရပ်ကွက် မဟာသုမနာရာမကျောင်းတိုက်၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားသို့ မဟာသုမနာရာမကျောင်းတိုက်ဆရာတော်နှင့် မစိုးရိမ်ကျောင်းတိုက်ဆရာတော်၊ ဒလမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ စိန်မြအေး၊ တိုင်းဒေသကြီး အမှတ် (၁) လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းရင်၊ တိုင်းဒေသကြီး အမှတ် (၂) လွှတ်တော်ကိုယ်စားလှယ် ဦးထွေးတင်၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့် သတင်းမီဒီယာများ တက်ရောက်ခဲ့ကြသည်။

ကိုရီးယား-မြန်မာ ချစ်ကြည်ရေး ဒလတံတား တည်ဆောက်မည့်အစီအစဉ် နှောင့်နှေးကြန့်ကြာမှုနှင့်

*စာမျက်နှာ ၃ ကော်လံ ၁* ✻



ကိုရီးယား-မြန်မာချစ်ကြည်ရေး ရန်ကုန်-ဒလ မြစ်ကူးတံတားကြီးပုံစံ။

KBZ BANK
STRENGTH OF MYANMAR

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

# အမျိုးသားရေးတာဝန်

တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် လူငယ်များမူးယစ်ဆေးဝါးသုံးစွဲမှု ပိုမိုများပြားလာသည်ကို သိရှိရပါကြောင်း၊ အနာဂတ်လူငယ်များကို လူညွန့်တုံးစေပါကြောင်း၊ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ပိုမိုတိုးမြှင့်လုပ်ဆောင်ရန် လိုအပ်နေပြီဖြစ်ပါကြောင်း၊ ဗဟိုအဖွဲ့၏မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ပိုမိုအားထည့် ဆောင်ရွက်သွားစေလိုပါကြောင်း နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က မေလ ၃၁ ရက် နံနက်ပိုင်း နေပြည်တော်ရှိ သမ္မတအိမ်တော်၌ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား တွေ့ဆုံမှာကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့အထူးအစည်းအဝေးကို မေလ ၃၀ရက်က ကျင်းပခဲ့ရာတွင် ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေပြောကြားခဲ့သည့် အမှာစကားအနက်မှ မြန်မာနိုင်ငံသည်မူးယစ်ဆေးဝါးပြဿနာနှင့် ပတ်သက်ပြီး စိုက်ပျိုးမှု ပြဿနာ၊ ထုတ်လုပ်မှုပြဿနာ၊ သယ်ဆောင်ရောင်းဝယ်မှုပြဿနာနှင့် သုံးစွဲမှုပြဿနာတို့ကို ရင်ဆိုင်နေရပါကြောင်း၊ ၂၀၁၇ ခုနှစ်တွင် စိုက်ပျိုးမှုအနေဖြင့် ၂၅ရာခိုင်နှုန်း၊ ထုတ်လုပ်မှုအနေဖြင့် ၁၄ ရာခိုင်နှုန်း သိသိသာသာ ကျဆင်းခဲ့ကြောင်း၊ စိတ်ကြွရူးသွပ်ဆေးဝါးထုတ်လုပ် သယ်ဆောင်မှုများ ပြည်တွင်းပြည်ပတွင် မြင့်တက်လာသည်ကို တွေ့ရပါကြောင်း၊ မူးယစ်ဆေးဝါးပြဿနာကြောင့် ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ တည်ငြိမ်အေးချမ်းရေးစသည့် ကဏ္ဍအားလုံးကို တိုက်ရိုက်တစ်မျိုး၊ သွယ်ဝိုက်၍တစ်ဖုံ ပျက်စီးဆုံးရှုံးစေလျက် ရှိသည်ကိုတွေ့ရကြောင်း ပြောကြားချက်များမှာလည်း မှတ်သားဖွယ်ရာများပင်ဖြစ်သည်။

လူငယ်များအကြား မူးယစ်ဆေးဝါးသုံးစွဲမှု ပိုမိုများပြားလာမှုနှင့်အတူ စူးစမ်းတတ်သည့်အရွယ် ဆယ်ကျော်သက်လူငယ်များရှိရာ စာသင်ကျောင်းများကို ပစ်မှတ်ထားကာ မူးယစ်ဆေးဝါး ဖြန့်ဝေရောင်းချသူများက ကျောင်းများ၏ အနီးဝန်းကျင်များအထိ ခြေပုန်းခုတ် လက်သိပ်ထိုး လှုပ်ရှားလာကြကြောင်း တစ်ဆင့်စကားတစ်ဆင့်နား ပြောကြားသံများအပေါ် ကျောင်းသားမိဘများ၏ စိုးရိမ်ပူပန်မှုများ ရှိနေကြကြောင်း မကြာခဏဆိုသလို ကြားသိရသည်။ မူးယစ်ဆေးဝါးရောင်းချမှု၊ သုံးစွဲမှုများနှင့်စပ်လျဉ်း၍ လူမှုကွန်ရက်များ၌ ရေးသားမှုများ၊ ဓာတ်ပုံများ၊ ဗီဒီယိုဖိုင်များပါ ပေါ်ထွက်လာပြီး သက်ဆိုင်ရာက ဝင်ရောက်စီနင်းရှင်းလင်းခဲ့ရာတွင် ဖမ်းဆီးရမိသည့် ပမာဏနည်းပါးခဲ့သည့် အပေါ်၌လည်း ဝေဖန်မှုတို့ ပေါ်ထွက်ခဲ့သည်ကို တွေ့ရသည်။

မူးယစ်ဆေးဝါးကို ပိုမိုနှိမ်နင်းနိုင်ရန် အဓိကထုတ်လုပ်၊ ဖြန့်ဖြူး၊ သိုလှောင်သည့်လက်ကြီးသမားတွေကို ဦးစားပေးနှိမ်နင်းရန် ဖြစ်ပါကြောင်း၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးများ ဖောဖောသီသီ ရောင်းဝယ်ဖောက်ကား နေသည်များကို မသိချင်ယောင်ဆောင်ထားသည့်၊ သိလျက်နှင့် လွှတ်ထားသည့် ဖြစ်စဉ်မျိုးများဖြစ်လာလျှင်လည်း အဓိကတာဝန်ရှိသူကို ဦးစားပေးပြီး အရေးယူမှုများပြုလုပ်ရမှာဖြစ်သလို ကွင်းဆက်ပျောက်သွားသည့်၊ ပိုင်ရှင်မဲ့ဖြစ်သွားသည့် မူးယစ်ဆေးဖမ်းဆီးရမှုများကိုလည်း တင်းတင်းကျပ်ကျပ် ကိုင်တွယ်ရလိမ့်မည်ဖြစ်ကြောင်း၊ မူးယစ်ရဲများ၏ လုပ်ပိုင်ခွင့်ကို မြှင့်တင်ပေးပြီး တစ်ဖက်တွင်လည်း ဆုပေးဒဏ်ပေးစနစ်ကို ထိထိရောက်ရောက်ဖြစ်အောင် ပြင်ဆင်ပေးရမှာဖြစ်ကြောင်း၊ အခြေအနေအရလိုအပ်ပါက ဗဟိုတွင် လျှပ်တစ်ပြက် ဖမ်းဆီးနိုင်သည့် မူးယစ်ဆေးဝါးနှိမ်နင်းရေးအဖွဲ့တစ်ဖွဲ့ထားရှိပြီး ဆောင်ရွက်ရမည်ဖြစ်ကြောင်း နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က မြန်မာနှစ်ဆန်း ၁ ရက် နှစ်သစ်ကူးနှုတ်ခွန်းဆက်စကားတွင် ပြောကြားထားခဲ့ပြီးဖြစ်သည်။

မူးယစ်ဆေးဝါးလုပ်ငန်းသည် အကျိုးအမြတ်ပမာဏ ကြီးမားလှသည့် ဒုစရိုက်လုပ်ငန်းတစ်ခုဖြစ်ရာ မသမာသူတို့အဖို့ စွန့်လွှတ်ရန် ခဲယဉ်းလှသည့်အလျောက် အမြစ်ပြတ်အောင် နှိမ်နင်းရန်လည်း ခဲယဉ်းမည်ပင်ဖြစ်သည်။ သို့ရာတွင် ရပ်ထဲရွာထဲ၌ပင် အခြေစိုက်ကာ ရောင်းဝယ်ဖောက်ကားနေသည့် အခြေအနေ၊ အလွယ်တကူဝယ်ယူရရှိနေသည့် အခြေအနေ၊ စာသင်ကျောင်းများ အနီးသို့ ရောက်ရှိလာသည့် အခြေအနေမျိုးထိ ရောက်ရှိမလာစေရန်မှာမူ အရေးကြီးသည့်အလျောက် တရားဥပဒေစိုးမိုးရေးဖြင့် ထိထိရောက်ရောက် ထိန်းချုပ်ထားရမည်သာ ဖြစ်သည်။ မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားသူ ကိုင်းဖျားကိုင်းနားသာမက ပင်စည်မှသည် အမြစ်ထိပါ နုတ်ပယ်နိုင်အောင် အမျိုးသားရေးတာဝန်အဖြစ် ခံယူကြိုးပမ်းကြရမည်ဖြစ်ပါကြောင်း။ ။



## ကန့်ဘလူမြို့နယ်၌ ဉာဏ်တော် ၃၃၃ ပေ လျောင်းတော်မူ ရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရန် ပန္နက်တင်

**ကန့်ဘလူ ဇွန် ၃**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် မြေမွန်ကျေးရွာ ဗုဒ္ဓဉယျာဉ်တော်ကြီးအတွင်း တည်ထားကိုးကွယ်မည့် ဉာဏ်တော် ၃၃၃ ပေရှိ မဟာအတုလဓမ္မရံသီလျောင်းတော်မူရုပ်ပွားတော်မြတ်ကြီး ပန္နက်တင်မင်္ဂလာအခမ်းအနားကို ဇွန် ၁ ရက်က ကျင်းပခဲ့သည်။

အဆိုပါ ရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရန် ပန္နက်တင်ပွဲတွင် ဆရာတော်များ၊ ဘာသာရေးအသင်းအဖွဲ့များနှင့်တာဝန်ရှိသူ များက ပုဗ္ဗာရုံကျောင်းမှစတင်ကာ ပန္နက်တင်မည့်နေရာ ဗုဒ္ဓဉယျာဉ်တော်သို့ စီတန်းလှည့်လည်ကြပြီး ဆရာတော်များက ပရိတ်တရားတော်များဟောကြားပြီး ရပ်မိရပ်ဖများ၊ ဒေသခံများ၊ ဧည့်သည်တော်များက မင်္ဂလာအချိန်တွင် စုပေါင်းပန္နက်တင်ပေးကြသည်။

ယင်းနောက် ရန်ကုန်မြို့ ကျောက်ကုန်းတောရ မေဒိနီပရိယတ္တိစာသင်တိုက်ပဓာန၊ စာချ၊ မဟာနာယက သိရီပဝရဓမ္မာစရိယ သာသနဇဓမ္မာစရိယ ဝိနယပါရဂူ အဂ္ဂတ္တရနိကာယ ပါဠိပါရဂူ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဆရာတော် ဘဒ္ဒန္တကောဝိဒဇေက အောင်ဂါထာတော်ကို ရွတ်ဖတ်ပူဇော်သည်။

အဆိုပါရုပ်ပွားတော်မြတ်ကြီးကို ဆရာတော်ကဦးစီးနာယကပြု တည်ထားကိုးကွယ်မည်ဖြစ်ပြီး ကျေးရွာနေပြည်သူများ၊ ရပ်နီးရပ်ဝေးမှဒါယကာများ၏ စုပေါင်းလှူဒါန်းမှုဖြင့် တည်ထားကိုးကွယ်မည်ဖြစ်ကြောင်း သိရသည်။ **အောင်ဝင်းငြိမ်း(ကန့်ဘလူ)**



## အင်းစိန် ဗဟိုအကျဉ်းထောင်မှ တက္ကသိုလ်ဝင် စာမေးပွဲ ၃၄ ဦးဖြေဆိုခဲ့ရာ ၁၉ ဦးအောင်မြင်ပြီး ဂုဏ်ထူးရှင် ခြောက်ဦးထွက်ပေါ်

**ရန်ကုန် ဇွန် ၃**

တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများကို ဇွန် ၂ ရက်က တစ်နိုင်ငံလုံးအနေဖြင့် ထုတ်ပြန်ကြေညာခဲ့ရာ ရန်ကုန်မြို့ရှိ အင်းစိန် ဗဟိုအကျဉ်းထောင်မှ အကျဉ်းသား၊ အကျဉ်းသူ ၃၄ ဦးဖြေဆိုခဲ့သည့် အနက် ၁၉ ဦး အောင်မြင်ခဲ့ပြီး သုံးဘာသာဂုဏ်ထူးရှင်တစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် တစ်ဦးနှင့် တစ်ဘာသာဂုဏ်ထူးရှင် လေးဦးထွက်ပေါ်ခဲ့ကြောင်း အဆိုပါအကျဉ်းထောင်မှ သိရသည်။

အင်းစိန်ဗဟိုအကျဉ်းထောင် တာဝန်ခံအရာရှိဒုတိယညွှန်ကြားရေးမှူး ဦးမျိုးဦးက "၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို အင်းစိန်ဗဟိုအကျဉ်းထောင်ကနေ အကျဉ်းသား(ကျောင်းသား) ၃၂ ဦး၊ အကျဉ်းသူတစ်ဦးနဲ့ အချုပ်သားတစ်ဦးတို့အပါအဝင် စုစုပေါင်း ၃၄ ဦးဝင်ရောက်ဖြေဆိုခဲ့ပါတယ်၊ အဲဒီလို ဖြေဆိုတဲ့အထဲက ၁၉ ဦး အောင်မြင်ခဲ့ပါတယ်၊ သုံးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင်တစ်ဦးနဲ့ တစ်ဘာသာဂုဏ်ထူးရှင် လေးဦးထွက်ပေါ်ခဲ့ပါတယ်"ဟု ပြောသည်။

အင်းစိန်ဗဟိုအကျဉ်းထောင်မှ ဦးစီးအရာရှိ ဦးသိန်းသန်းဦးက "တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမယ့် ကျောင်းသား ကျောင်းသူတွေကို ပုံမှန်ကျောင်းချိန်အတိုင်း သင်ခန်းစာတွေကိုတော့ အကျဉ်းထောင်ဝင်းအတွင်းမှာ ဖွင့်လှစ်ထားတဲ့ အင်းစိန်မြို့နယ် အမှတ်(၁၃) အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)မှာ သင်ကြားစေပါတယ်၊ ကျောင်းချိန်ပြီးဆုံးတဲ့အခါ တစ်နေ့တာသင်ကြားခဲ့တဲ့ စာတွေနဲ့ပတ်သက်ပြီး ည ၁၀ နာရီအထိ အကျဉ်းထောင်အတွင်းမှာ ပြန်လည်ကျက်မှတ်လေ့ကျင့်တာမျိုးတွေကို ပြုလုပ်ပေးခဲ့ပါတယ်၊ ဒါ့အပြင်ကျန်းမာရေးကောင်းမွန်အောင် ကိုယ်လက်လှုပ်ရှား အားကစားအစီအစဉ်ကို သတ်မှတ်အချိန်အတိုင်း နေ့စဉ်ပြုလုပ်စေခဲ့ပါတယ်"ဟု ပြောသည်။

အင်းစိန်ဗဟိုအကျဉ်းထောင်အနေဖြင့် ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှ စတင်ကာ အကျဉ်းသား အကျဉ်းသူများအား တက္ကသိုလ်ဝင်တန်းအဆင့်ပညာများကို စတင်သင်ကြားပေးခဲ့ပြီး စာမေးပွဲများကို ဝင်ရောက်ဖြေဆိုခွင့်ပြုခဲ့ရာ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် နှစ်ဦး၊ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် ခုနစ်ဦး၊ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် ၁၁ ဦး၊ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် ကိုးဦးနှင့် ယခုနှစ်တွင် ၁၉ ဦးအောင်မြင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါ အကျဉ်းထောင်အတွင်း၌ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်(ယခုနှစ်)တွင် ပဉ္စမတန်း ၁၀ ဦး၊ ဆဋ္ဌမတန်းကိုးဦး၊ သတ္တမတန်းသုံးဦး၊ အဋ္ဌမတန်း ၁၀ ဦး၊ နဝမတန်း ၁၇ ဦး ၊ ဒသမတန်း ၃၅ ဦးတို့ပညာသင်ကြားလျက်ရှိရာ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွက် ပညာသင်ကြားမှု ဖွင့်လှစ်ခြင်းအခမ်းအနားကို ဇွန် ၁ ရက်က ကျင်းပခဲ့ပြီး စတင်သင်ကြားမှုများကို ပြုလုပ်နေပြီဖြစ်ကြောင်း သိရသည်။

**ဇော်ကြီး**

## ဒလ၌ အဆင့်မြင့်စိုက်ပျိုးရေးစံပြရွာ ဖော်ဆောင်ရန် ဆွေးနွေး



**ရန်ကုန် ဇွန် ၃**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ညောင်ငုတ္တိုလ်ကျေးရွာ၌ ဒေသခံ တောင်သူ ၃၃ ဦးတို့၏ လယ်မြေဧက ၃၀၀ ကို ဘက်စုံအဆင့်မြင့် စိုက်ပျိုးရေးနည်းပညာများဖြင့် စိုက်ပျိုးသည့် စံပြကျေးရွာအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးလုပ်ငန်း ညှိနှိုင်းဆွေးနွေးပွဲနှင့် GAP လုပ်ငန်းစဉ်များရှင်းလင်းပွဲကို မေ ၁ ရက်က ကျေးရွာခန်းမ၌ ကျင်းပခဲ့သည်။

တောင်သူနည်းပညာပေးဆွေးနွေးပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးသူက ဘက်စုံအဆင့်မြင့်နည်းပညာဆိုသည်မှာ မိရိုးဖလာ စိုက်ပျိုးနည်းလမ်းများတွင် ခေတ်မီတိုးတက်သော သိပ္ပံနည်းစနစ်ဖြင့် ပေါင်းစပ်နိုင်ရေးဖြစ်ပြီး စိုက်ပျိုးရေးနည်းစနစ်များကို တောင်သူများနှင့် လက်တွဲညီညီပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ လိုအပ်သောနည်းပညာများကို ပံ့ပိုးပေးခြင်း၊ GAP စိုက်ပျိုးရေးနည်းစနစ်စမ်းသပ်အကောင်အထည်ဖော်မည့် လယ်ယာမြေများမှ မျိုးကောင်းမျိုးသန့်နှင့် အထွက်တိုးမျိုးစပါးများ စိုက်ပျိုးနိုင်ရေး၊ မိုးစပါးအပြင် နွေစပါးနှင့် အခြားအစားထိုးသီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်ရေး စသည့် အဆင့်မြင့်စိုက်ပျိုးရေးနည်းပညာ စံပြကျေးရွာဖြစ်စေမည့်အကြောင်းအရာများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

"ဒလမြို့နယ်အတွင်း မိုးစပါး ၁၂၄၇ ဧက ရှိပါတယ်၊ ကွင်းလေးကွင်းမှာ တောင်သူ ၁၃၈ ဦး ကျော်ရှိပြီး အဆိုပါတောင်သူများဟာ မိုးစပါးအတွက်ပဲ လုပ်ကိုင်လျက်ရှိပါတယ်၊ ကျွန်တော်တို့ အစုဆောင်ရွက်မှာက ကွင်းအမှတ် ၁၉၆ မှ တောင်သူ ၁၄ ဦးတို့ရဲ့ ၈၈ ဧက၊ ကွင်းအမှတ် ၂၁၄ မှ တောင်သူ ၁၃ ဦးတို့ရဲ့ ၁၁၆ ဧက၊ ကွင်းအမှတ် ၁၈၈ မှ တောင်သူ ၁၄ ဦးရဲ့ ၁၀၃ ဧက စတဲ့ကွင်းသုံးကွင်းမှာရှိတဲ့ တောင်သူ ၃၃ ဦးရဲ့ဧက ၃၀၀ နဲ့ စတင်မှာပါ၊ ကျန်ရှိနေတဲ့ တောင်သူများကိုလည်း ဘက်စုံအဆင့်မြင့် စိုက်ပျိုးရေးနည်းပညာ အသုံးပြုလာနိုင်စေဖို့ အားလုံးပါဝင်နိုင်အောင် ကူညီပေးသွားမှာ ဖြစ်ပါတယ်"ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးအရာရှိက ဆက်ပြောသည်။

ထို့နောက် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သင်းသင်းနွယ်ကလည်း ဘက်စုံအဆင့်မြင့်စိုက်ပျိုးရေးနည်းပညာ စံပြကျေးရွာများ၌ မျိုးသန့်မျိုးစေ့ထုတ် အသင်းအဖွဲ့ဖွဲ့စည်းခြင်း၊ လယ်သမားတစ်ဦးလျှင် နှစ်ဧကမှ ခုနစ်ဧကထိဆောင်ရွက်ပေးနိုင်ပါက သမဝါယမဦးစီးဌာနမှ ထောက်ပံ့ချေးငွေ တစ်ဧကလျှင် ကျပ်သုံးသိန်းကို ခြောက်လဆပ် စနစ်ဖြင့် ထုတ်ချေးပေးမည့်အခြေအနေ၊ အသင်း၏ လုပ်ငန်းစဉ်များနှင့် ချေးငွေထုတ်ပေးမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားကာ ဒေသခံတောင်သူများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

**သတင်းနှင့်ဓာတ်ပုံ- နိုင်လင်းကျော်(ဒလ)**

### ဆောမြို့နယ်၌ လူကုန်ကူးမှု တားဆီးကာကွယ်ရေးဟောပြော

**ဆော ဇွန် ၃**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဆောမြို့နယ်အတွင်း လူကုန်ကူးမှုတားဆီးကာကွယ်ရေးအတွက် ပြည်သူများအား အသိပညာပေးဟောပြောပွဲကို ယောမင်းကြီးဦးဘိုးလှိုင်ခန်းမ၌ မေ ၃၁ ရက်က ကျင်းပသည်။

အဆိုပါအသိပညာပေးဟောပြောပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြဝင်းက အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်လင်းက လူကုန်ကူးမှု ဖြစ်ပွားနိုင်သည့်အကြောင်းအရာနှင့် ဖြစ်ပွားပုံ အခြေအနေများကိုလည်းကောင်း၊ မြို့နယ်ဥပဒေအရာရှိ ဦးအောင်မျိုးချစ်က ပြစ်မှုဆိုင်ရာဥပဒေများကိုလည်းကောင်း ဟောပြောဆွေးနွေးခဲ့သည်။ ဟောပြောပွဲသို့ မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးထင်လင်း၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်လှလှခက်နှင့် အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြသည်။ ၁၀၁

## ဦးစားပေး ရည်မှန်းချက်ပန်းတိုင်

**ကျွန်တော့်အနေနဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ဦးစားပေး ရည်မှန်းချက်ပန်းတိုင်တွေဖြစ်တဲ့ (၁)တရားဥပဒေစိုးမိုးရေးနဲ့ ပြည်သူများရဲ့ လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေး၊ (၂) အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ပြည်တွင်းငြိမ်းချမ်းရေး၊ (၃)ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးတို့ကို ဦးတည်ကြိုးပမ်း ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။**

(နိုင်ငံတော်သမ္မတဦးဝင်းမြင့် ၃၀-၃-၂၀၁၈ ရက်နေ့က ပြည်ထောင်စုလွှတ်တော်တွင် ကျင်းပသည့် ကတိသစ္စာပြုပွဲအခမ်းအနား၌ ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## အဖိုးမဖြတ်နိုင်တဲ့ တန်ဖိုး

**အတိတ်က ကျန်ခဲ့တဲ့ အမွေဆိုးတွေကို ဖယ်ရှားကျော်လွှားဖို့၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ရဲ့ အနာဂတ်အတွက် မျှော်လင့်ချက်တွေကို ဖြည့်ဆည်းဖို့ ကြိုးပမ်းတဲ့နေရာမှာ ကျွန်မတို့တွေ သင်ခန်းစာယူနိုင်တဲ့ အခွင့်အရေးတွေ အများကြီးရခဲ့ရပါတယ်။ သစ္စာ၊ မေတ္တာ၊ သတ္တိ၊ မုဒိတာ ဘယ်လောက်လိုအပ်တယ်၊ လောဘ၊ ဒေါသ၊ မောဟတွေ ဘယ်လောက် များပြား ဆိုးဝါးတယ်၊ မိတ်ဆွေကောင်းတွေရဲ့ ကျေးဇူး ဘယ်လောက်ကြီးမားတယ်ဆိုတာကို ပိုမိုလို့ သိနားလည်လာရပါတယ်။ အားလုံးအထက်မှာ ကျွန်မတို့အတွက် အရေးအကြီးဆုံး သင်ခန်းစာကတော့ ပြည်သူရဲ့ နားလည်ထောက်ခံမှု၊ အားပေးမှုများရဲ့ အဖိုးမဖြတ်နိုင်တဲ့ တန်ဖိုးပါပဲ။**

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁ - ၄ - ၂၀၁၈ ရက်နေ့က ပြောကြားသည့် နိုင်ငံတော်အစိုးရတာဝန်ထမ်းဆောင်မှု (၂) နှစ်ပြည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

# ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် လမ်း၊ တံတား ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၃

**ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်သည် ယမန်နေ့ နံနက်ပိုင်းတွင် လှိုင်သာယာ-တွံတေး-ကော့မှူး-ကွမ်းခြံကုန်း-ဒေးဒရဲ လမ်းပြုပြင်ထိန်းသိမ်းထားရှိမှု၊ အဆိုပါလမ်းမကြီးနှင့် ဆက်သွယ်သည့် အကျိုးပြုရွာ နှစ်ရွာ၊ အိမ်ခြေပေါင်း ၁၁၈ အိမ်တို့မှ ပြည်သူများ သွားလာရေးအဆင်ပြေစေရန် ကျိုက်သလဲ-ရေကျော်လမ်း (မြေသားလမ်း Selected Soil ) ဖောက်လုပ်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။**



ထို့ပြင် ပြည်ထောင်စုဝန်ကြီးသည် တွံတေး-ကော့မှူး-ကွမ်းခြံကုန်း-ဒေးဒရဲ လမ်းပေါ်တွင် တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၁၁) မှ အရှည်ပေ ၇၀ ကြံခင်းတံတား၊ အရှည်ပေ ၄၀ ရွှေဂျိုးဖြူတံတားနှင့် အရှည်ပေ ၆၀ ဝါးကောက်သော တံတားများ တည်ဆောက်နေမှုနှင့် တံတားချဉ်းကပ်လမ်း ဆောင်ရွက်မည့် အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကာ တံတားလုပ်ငန်းများ အမြန်ဆုံးပြီးပြတ်အောင် ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဆောင်ရွက်သော ဒေးဒရဲမြို့နယ်အတွင်းရှိ ဒေးဒရဲ-တော်ကမယ်-ကြံကြပ်-သာယာကုန်း-သံဒီဇီးဖြူကုန်း ကွန်ကရစ်လမ်း ဆောင်ရွက်ပြီးစီးမှု အခြေအနေကိုလည်းကောင်း၊ ဒေးဒရဲတံတားကြံ့ခိုင်မှု၊ ဖျာပုံတံတားကြံ့ခိုင်မှုနှင့် ဘိုကလေးတံတားကြံ့ခိုင်မှုအခြေအနေကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ် ဘိုကလေး-စက်ဆန်း-ထော်ပိုင်-အမာလမ်း မိုင်တိုင်အမှတ် (၈/၅) ရှိ သကံချောင်းတံတားသို့ သွားရောက်ကာ တံတားတည်ဆောက်ပြီးစီးမှုကို အသေးစိတ် လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထိုသို့စစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက ဘိုကလေး-စက်ဆန်း-ထော်ပိုင်-အမာလမ်းပေါ်တွင် သကံချောင်းတံတားနှင့် စက်ဆန်းချောင်းတံတား နှစ်စင်း တည်ဆောက်ပြီးစီး၍ ပြည်သူများ အသုံးပြုနိုင်ရန် ဖွင့်လှစ်ပေးပြီးဖြစ်ပါကြောင်း၊ ယခုလို တံတားများ တည်ဆောက်ထားသည့်အတွက် လမ်းပန်းဆက်သွယ်ရေး သာမက သဘာဝဘေးဒဏ် ကျရောက်လာပါက တံတားအနီးပတ်ဝန်းကျင် ပြည်သူများအတွက် အရေးပေါ် ခိုလှုံနိုင်ရန်နေရာအဖြစ် အသုံးပြုနိုင်မည် ဖြစ်ပါကြောင်း၊ လမ်းအပိုင်းကိုလည်း ဘဏ္ဍာရေးနှစ်အလိုက် ဆောင်ရွက်သွားရန် မှာကြားသည်။

အလားတူ ပြည်ထောင်စုဝန်ကြီးသည် စက်ဆန်းချောင်းတံတား တံတားတည်ဆောက်ပြီးစီးမှုကိုလည်း ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကွန်ရက်သဖွယ် ဖောက်လုပ်ထားသည့် ဘိုကလေး-စက်ဆန်း-ထော်ပိုင်-အမာလမ်းမှတစ်ဆင့် ဖျာပုံ-ကျုံကဒွန်း-ဒေါ်ညိမ်း-အမာလမ်းအခြေအနေတို့ကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရှိရသည်။

**သတင်းစဉ်**

◆ *ရှေ့ဖုံးမှ*

နှင့် တိုင်းရင်းသားလူနည်းစုများက နေရပ်စွန့်ခွာသွားခဲ့ကြရကြောင်း၊ ထို့ပြင်ယင်းအကြမ်းဖက်အဖွဲ့က မမှန်မကန် ဝါဒဖြန့်မှုများကြောင့် အခြေအနေမှာ အလွန်ဆိုးရွားသွားခဲ့ရကြောင်း၊ ရခိုင်ပြည်နယ်ရှိ အစ္စလာမ်အသိုက်အဝန်းသာမက ဗုဒ္ဓဘာသာဝင် ရခိုင်လူမျိုးများနှင့် အခြားတိုင်းရင်းသား လူမျိုးစုငယ်များ၊ ဟိန္ဒူဘာသာဝင်များလည်း ထိခိုက်ခံစားခဲ့ကြရကြောင်း ပြောကြားခဲ့သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် ရခိုင်ပြည်နယ်အရေးကိစ္စကို ဓမ္မဓိဋ္ဌာန်ကျကျ ရှုမြင်သုံးသပ်ရန် အလွန်အရေးကြီးကြောင်း၊ အမည်ဖျက်ခြင်း၊ အရှက်ရစေရန် ရည်ညွှန်းပြောဆိုခြင်းများသည် လက်ရှိတင်းမာမှုများကို ပိုမိုဆိုးရွားစေသည့်အပြင် ရခိုင်ပြည်နယ်အရေးကိစ္စနှင့် ပတ်သက်၍ ငြိမ်းချမ်းစွာနှင့် ရေရှည်တည်တံ့နိုင်မည့် အဖြေရှာနေမှုများအပေါ် ဆိုးကျိုးသက်ရောက်စေမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ထို့ပြင် အကြမ်းဖက်သမားများက ၎င်းတို့၏ ရည်ရွယ်ချက်အောင်မြင်စေရေးအတွက် မဟုတ်မမှန် ဝါဒဖြန့်နေခြင်း၊ ဒုက္ခသည်များအား ခုတုံးလုပ်အသုံးချနေခြင်းက အခြေအနေကို သာ၍ ဆိုးရွားစေလျက်ရှိကြောင်း ပြောကြားခဲ့သည်ဟု သတင်းရရှိသည်။

**သတင်းစဉ်**

## လှိုင်သာယာမြို့နယ်တွင် ပြည်သူများအား ကျန်းမာရေးကုသပေး

**ရန်ကုန် ဇွန် ၃**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အမျိုးသားကျန်းမာရေးကွန်ရက်မှ နယ်လှည့်ကွင်းဆင်းရေးလုပ်ငန်း ဆေးကုသခြင်းကို ဇွန် ၃ ရက် နံနက် ၈ နာရီခွဲက ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် အောင်မြေသာယာဘုရားဝင်းအတွင်းရှိ ဗိမာန်တော်ကြီး၌ ပြည်သူများအား ကျန်းမာရေးကုသဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ နယ်လှည့်ဆေးကုသခြင်းကို ခွဲစိတ်အထူးကုပါမောက္ခဆရာဝန်ကြီး ဒေါက်တာတင်မျိုးဝင်း ဦးဆောင်၍ အထွေထွေ၊ မျက်စိ၊ ခံတွင်းနှင့် သွား၊ ကလေး၊ သားဖွားမီးယပ်နှင့် အရေပြားအထူးကုဆရာဝန်ကြီးများ စုစုပေါင်း ၂၇ ဦးတို့က လာရောက်ပြသကြသော ပြည်သူများအား ဇီဝိတဒါန ပါဝင်ကုသပေးခဲ့ကြသည်။ ထို့ပြင် မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း စမ်းသပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပြီး ဆေးဝါးအားဆေးများ အခမဲ့ဝေငှပေးခဲ့ပြီး အချို့လူနာများအား လှိုင်သာယာဆေးရုံကြီးနှင့် ပြည်သူ့ဆေးရုံကြီးများသို့တစ်ဆင့် ပို့ဆောင်ကူညီဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ အဖွဲ့နှင့်အတူ ၁၉၆၄-၁၉၈၈ ခုနှစ်အတွင်း လူရည်ချွန်ဆုရထားသော လူရည်ချွန်ဆရာဝန်ကြီးအချို့က နွမ်းပါးကလေးငယ် ၅၀ ခန့်ကို ကျန်းမာရေးစစ်ဆေးကုသပေးခြင်းနှင့် နံနက်စာ ထမင်းကျွေးမွေးလှူဒါန်းကြပြီး အားဆေးများ ဝေငှပေးကြသည်။ အဆိုပါအဖွဲ့သည် ယခင်နှစ်က လှိုင်သာယာမြို့တွင် တစ်ကြိမ် နယ်လှည့်ကျန်းမာရေးစောင့်ရှောက်ပေးခဲ့ပြီး ယခုနှစ်တွင် ကျန်းမာရေး လာရောက်စစ်ဆေးကုသသူ ပြည်သူ ၄၀၀ ကျော်ရှိခဲ့ကြောင်း သိရသည်။

**တင်စိုး (မြန်မာ့အလင်း)**

✻ *ရှေ့ဖုံးမှ*

ပတ်သက်၍ ဒေသခံပြည်သူများ သိရှိလိုသည့်အကြောင်းအရာများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိန်မြအေးက ရှင်းလင်းပြောကြားခဲ့ရာ ကိုရီးယား-မြန်မာချစ်ကြည်ရေး ဒလတံတားကို (၁၉-၅-၂၀၁၅) ရက်နေ့တွင် နိုင်ငံတော်သမ္မတမှ ဒလတံတားတည်ဆောက်ရေးစီမံကိန်းအား ကိုရီးယား EDCF ချေးငွေရရှိမှု အကောင်အထည်ဖော်ဆောင်ရွက်ရန် အဆိုပြုမှုအား ပြည်ထောင်စုလွှတ်တော်သို့ပေးပို့ခဲ့ရာ ၂၀၁၅ ခုနှစ် မေလ ၂၈ ရက်နေ့တွင် ကျင်းပသည့် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး၏ ၅၁ ရက်မြောက်နေ့၌ ဒလတံတားတည်ဆောက်ရေးစီမံကိန်းအား ကိုရီးယား EDCF ချေးငွေရယူ၍ အကောင်အထည်ဖော်ဆောင်ရွက်ရန် အတည်ပြုခွင့်ပြုခဲ့ကြောင်း၊ ထို့အတူ တံတားတည်ဆောက်ခြင်းနှင့် ကြီးကြပ်ခြင်းလုပ်ငန်းများကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလတွင် စတင်ပြီး ၂၀၂၀ ခုနှစ်အတွင်း ပြီးစီးအောင် တည်ဆောက်သွားမည်ဖြစ်ကြောင်း မေ ၄ ရက်က ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၌ပြုလုပ်သော ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းတံတားဦးစီးဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် ပုဂ္ဂလိကဆိပ်ကမ်းလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေး၍ ရန်ကုန်-ဒလ မြစ်ကူးတံတားစီမံကိန်းဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းဝေးတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာများမှ ရန်ကုန်-ဒလ မြစ်ကူးတံတားကို မူလက အသေးစိတ်ရေးဆွဲထားသော တံတားဒီဇိုင်းနှင့် အမြင့်ပေ ၄၉ မီတာဖြင့် တည်ဆောက်ရန် အတည်ပြုဆုံးဖြတ်ခဲ့ပြီးဖြစ်ကြောင်း ၎င်းက ပြောသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး အမှတ် (၁) လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းရင်၊ အမှတ် (၂)လွှတ်တော်ကိုယ်စားလှယ် ဦးထွေးတင်တို့က ဒလတံတားတည်ဆောက်မှု လုပ်ငန်းများနှင့် ပတ်သက်၍ ဒေသခံပြည်သူများ သိရှိနိုင်ရန် အကြောင်းအရာများကို ရှင်းလင်းဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

ဒလမြို့နယ် မြို့မိမြို့ဖတစ်ဦးဖြစ်သူ ဦးအောင်ကျော်မြင့်က "ကျွန်တော်တို့ ဒလမြို့နယ် ဒေသခံပြည်သူတွေအနေနဲ့ မြစ်ကူးတံတားကြီးကို အမြန်ဆုံး အကောင်အထည်ဖော်ပေးစေချင်ပါတယ်၊ တံတားဧရိယာနဲ့ မလွတ်ကင်းတဲ့ နေအိမ်တွေ၊ ဈေးဆိုင်ခန်းတွေ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၊ မြို့နယ်နာရေးကူညီမှုအသင်းရုံး၊ စာသင်ကျောင်းတွေ၊ သာသနိကအဆောက်အဦးတွေ၊ အောင်တော်မူ ဗုဒ္ဓရုပ်ပွားတော်ကြီးကိုပါ ပြောင်းရွှေ့နေပါတယ်၊ စက်တပ်သမ္ဗန်ကူးတို့ဆိပ်အသစ်ကိုလည်း တည်ဆောက်နေပြီး တံတားထိုးမည့် လမ်းဧရိယာတစ်လျှောက် ဖျက်သိမ်းပြောင်းရွှေ့ပြီးနေပြီ၊ တံတားကြီး အမြန်ဆုံးတည်ဆောက်ပေးဖို့ မျှော်လင့်နေပါတယ်၊ နိုင်ငံတော်အစိုးရမှ ပြည်သူများအားလုံး၏ ဆန္ဒတွေ ပြည့်ဝစေဖို့ အကောင်အထည်ဖော်နိုင်ရန် ကူညီပေးကြပါလို့ ပြောချင်ပါတယ်" ဟု ပြောသည်။

ကိုရီးယား-မြန်မာ ချစ်ကြည်ရေး ဒလမြစ်ကူးတံတား အမျိုးအစားမှာ သံမဏိကြိုးဆိုင်းတံတား (Cable Stayed Bridge)၊ တံတားခံနိုင်ဝန် ယာဉ်တစ်စီးချင်း ၇၅ တန်၊ စုစုပေါင်း တံတားအရှည် ၆၁၄၄ ပေ၊ ပင်မတံတားအရှည် ၁၉၃၆ ပေ၊ ချဉ်းကပ်တံတား (ရန်ကုန်ဘက်ကမ်း) ၂၀၂၆ ပေ၊ ချဉ်းကပ်တံတား (ဒလဘက်ကမ်း) ၂၁၈၂ ပေ၊ ပင်မတံတား အကျယ် (လေးလမ်းသွား) ၈၇ ပေ၊ ချဉ်းကပ်တံတားအကျယ် (ရန်ကုန်ဘက်ကမ်း) ၄၇ ပေ၊ ချဉ်းကပ်တံတားအကျယ် (ဒလဘက်ကမ်း) ၆၈ ပေ၊ ဆင်ခြေလျှောတံတားများအကျယ် (တစ်လမ်းသွား) ၂၃ ပေ၊ ရေလမ်းကင်းလွတ်အမြင့် ၄၉ မီတာ၊ ရေလမ်းကင်းလွတ်အကျယ် ၃၇၀ မီတာနှင့် Dead weight tonnage (DWT) ၁၅၀၀၀ တန်ချိန် ပင်လယ်ကူးသင်္ဘောကြီးများ ဖြတ်သန်းသွားလာနိုင်ကြောင်း သိရသည်။

အဆိုပါ ကိုရီးယား-မြန်မာ ချစ်ကြည်ရေး ဒလမြစ်ကူးတံတားကြီးကို ကိုရီးယားနိုင်ငံ စီးပွားဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေးရန်ပုံငွေ ချေးငွေ အမေရိကန်ဒေါ်လာ ၁၃၇ ဒသမ ၈၃၃ သန်းနှင့် မြန်မာအစိုးရ ထည့်ဝင်ငွေ ၃၀ ဒသမ ၃၄၁ သန်း စုစုပေါင်း ခန့်မှန်းကုန်ကျစရိတ် အမေရိကန်ဒေါ်လာ ၁၆၈ ဒသမ ၁၇၃ သန်း ကုန်ကျမည်ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီး လမ်းတော်မြို့နယ် ဘုန်းကြီးလမ်းနှင့် ဒလမြို့နယ် ဗိုလ်မင်းရောင်လမ်းကို ဆက်သွယ်တည်ဆောက်သွားမည့် လမ်းအူကြောင်းမှာ ထိခိုက်မှုအနည်းဆုံးလမ်းကြောင်းအဖြစ် ရွေးချယ်တည်ဆောက်မည်ဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနမှ သိရသည်။

ရန်ကုန်မြို့နှင့် ဒလမြို့နယ်သို့ ဆက်သွယ်တည်ဆောက်သွားမည့် မြစ်ကူးတံတားကြီး အမြန်ဆုံးအကောင်အထည်ဖော်တည်ဆောက်ပါက ဒလ၊ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်းဒေသများနှင့် ဧရာဝတီတိုင်းဒေသကြီးမှ ပြည်သူများစွာတို့၏ လူမှုစီးပွားဖွံ့ဖြိုးရေးအတွက် များစွာအထောက်အကူပြုနိုင်မည်ဖြစ်ပြီး လူ့စွမ်းအားအရင်းအမြစ်၏ ကုန်ထုတ်စွမ်းအားများလည်း တစ်ဟုန်ထိုး တိုးတက်ပြောင်းလဲလာမည်ဖြစ်သည်။

**သတင်းနှင့် ဓာတ်ပုံ- နိုင်လင်းကျော် (ဒလ)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ဆရာဝန်အရည်အသွေးစဉ်ဆက်မပြတ် မြှင့်တင်မှု အစီအစဉ် အကောင်အထည်ဖော်ဆောင်ရွက်မှု အစည်းအဝေးတက်ရောက်အမှာစကားပြော

**နေပြည်တော် ဇွန် ၃**

ကျန်းမာရေးနှင့် အားကစားဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြင့်ထွေးသည် ဇွန် ၁ ရက် မွန်းလွဲ ၁ နာရီတွင် ဆေးတက္ကသိုလ်(၁)ရန်ကုန် ၌ ကျင်းပသည့် ဆရာဝန်အရည်အသွေး စဉ်ဆက်မပြတ် မြှင့်တင်မှုအစီအစဉ် အကောင်အထည်ဖော် ဆောင်ရွက်မှု အစည်းအဝေးသို့ တက်ရောက်အဖွင့် အမှာစကားပြောကြားသည်။ **(ယာပုံ)**



ပြည်ထောင်စုဝန်ကြီးက Continuing Professional Development (CPD)Program သည် ဆရာဝန်အားလုံးနှင့် သက်ဆိုင်နေကြောင်း ယနေ့ တက်ရောက်လာသူများ အားလုံးသည် မြန်မာ့ဆေးပညာလောက ကဏ္ဍကြီးကို ပုံဖော်နေသူများ၊ အတွေ့ အကြုံကြွယ်ဝသော ပညာရှင်ပုဂ္ဂိုလ် များဖြစ်၍ မြန်မာနိုင်ငံနှင့် သင့်လျော် သော လက်တွေ့လုပ်ဆောင်နိုင်သော (CPD) Program အတွက် မူဘောင် (Frame Work)နှင့် လမ်းပြမြေပုံ (Roadmed)ကို ရေးဆွဲနိုင်မည်ဟု ယုံကြည်ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ပြီးပြည့်စုံသော (CPD) Program တစ်ခုကို ချက်ချင်းဆောင်ရွက်ရန် မဖြစ်နိုင်ဘဲ အဆင့်လိုက်အပိုင်းလိုက် လုပ်နိုင်သည့် အရာများကို ရွေးချယ်ဆောင်ရွက် သွားသင့်ကြောင်း၊ ဆေးတက္ကသိုလ် များ၊ မြန်မာနိုင်ငံ ဆရာဝန်အသင်း၊ မြန်မာနိုင်ငံ ဆေးကောင်စီ၊ မြန်မာနိုင်ငံ ဆေးပညာရှင်များအသင်း၊ ကုသရေး ဆိုင်ရာ နည်းပညာအကြံပေးအဖွဲ့ စသည့်ပညာရပ်နယ်ပယ်စုံ ပူးပေါင်း ညှိနှိုင်းဆောင်ရွက်သွားရန် လိုအပ် ကြောင်း၊ (CPD) အတတ်ပညာ၏ နည်းပညာရပ်များ လေ့လာသင်ကြား ရေးသာမက ဆေးပညာရှင် ကျင့်ဝတ်၊ လူနာနှင့် လူနာရှင်များ ဆက်ဆံရေး၊ ဆေးပညာဆိုင်ရာ ဥပဒေရေးရာကိစ္စ ရပ်များလည်း ပါဝင်ကြောင်း၊ ခေတ်မီ နည်းပညာ International Technology အကူအညီဖြင့် Online Website သုံး၍ ဆောင်ရွက်စေလိုကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် ဆရာဝန် အရည် အသွေး စဉ်ဆက်မပြတ် မြှင့်တင်ရေး အဖွဲ့မှ ဆေးပညာရပ်ဆိုင်ရာ အကြံပေး အဖွဲ့ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာ အေးမောင်ဟန်က ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များနှင့် ခြုံငုံသုံးသပ် ခြင်းများအကြောင်းကို ရှင်းလင်းတင်ပြ ၍ မြန်မာနိုင်ငံ ဆရာဝန်အသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာရဲမြင့်က Provider Roles in (CPD) နှင့် မြန်မာနိုင်ငံ ဆေးကောင်စီဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ အက်စ်ကျော်လှတို့က Regulator Roles ဆရာဝန်အရည်အသွေး စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးဆောင်ရွက် ထားရှိမှုကိုတင်ပြခဲ့ပြီး မြန်မာနိုင်ငံ ကွန်ပျူတာအသင်းဥက္ကဋ္ဌ ဦးသိန်းဦးက အသင်းအနေဖြင့် IT နည်းပညာ နှင့် ပတ်သက်၍ ကူညီပံ့ပိုးပေးမည့် အကြောင်းကို တင်ပြခဲ့ရာ တင်ပြချက် များကို တက်ရောက်လာသူများက ဝိုင်းဝန်းအကြံပြု ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်း အတွင်းဝန် ပါမောက္ခ ဒေါက်တာ သက်ခိုင်ဝင်း၊ ကျန်းမာရေးနှင့်လူ့စွမ်းအား အရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေး မှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် များ၊ ဆေးတက္ကသိုလ်များမှ ပါမောက္ခချုပ် များ၊ ဆေးရုံအုပ်ကြီးများ၊ မြန်မာနိုင်ငံ ဆေးကောင်စီ၊ သွားနှင့် ခံတွင်းဆိုင်ရာ ကောင်စီ၊ သူနာပြု၊ သားဖွားကောင်စီ၊ မြန်မာနိုင်ငံ ဆေးပညာရှင်များအသင်း၊ မြန်မာနိုင်ငံ သူနာပြုနှင့်သားဖွား အသင်း၊ မြန်မာနိုင်ငံ ဆရာဝန်အသင်း၊ ပါမောက္ခ၊ ဌာနမှူးများ၊ ပါမောက္ခ များ၊ တွဲဖက်ပါမောက္ခများ တာဝန်ရှိ သူများ တက်ရောက်ခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးသည် ဇွန် ၂ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်း ဒေသကြီး တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် ပြည်သူ့ဆေးရုံသို့ သွားရောက်၍ ဆေးရုံ ဝန်ထမ်းများနှင့် တွေ့ဆုံအမှာစကား ပြောကြားရာတွင် ကျန်းမာရေး ဝန်ထမ်း များအားလုံး အဆင့်အတန်းအားလုံး သည် ညီတူညီမျှအရေးကြီးပြီး မိမိ အလုပ်ကိုဂုဏ်ယူစွာ အလုပ်လုပ်ကြရန် လိုအပ်ကြောင်း။

တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဆရာဝန်နှင့် သူနာပြုလိုအပ်ချက်များ ရှိနေသည်ကို မိမိတို့သိရှိသော်လည်း လူ့စွမ်းအားအရင်းအမြစ် မွေးထုတ် လေ့ကျင့် သင်ကြားပေးရာတွင် အချိန် ယူရသဖြင့် ချက်ချင်းဖြည့်ဆည်းပေးနိုင် ခြင်းမရှိသည်ကို နားလည်ပေးရန်နှင့် အမြန်ဆုံး ဖြည့်ဆည်းပေးနိုင်ရန် နည်းလမ်းပေါင်းစုံဖြင့် ဆောင်ရွက်နေပါ ကြောင်း၊ ပြည်သူများ၏ ကျန်းမာရေး စာတတ်မြောက်မှုနှင့် အသိပညာ မြင့်မားလာရေး ဆောင်ရွက်ရာတွင် အထောက်အကူပြုစေရန် အတွက် ကျန်းမာရေးဆိုင်ရာ စံပြုအချက်အလက် များစာအုပ်နှင့် Tablet ဖုန်းများကို အခြေခံကျန်းမာရေး ဝန်ထမ်းတိုင်း အား ထောက်ပံ့ပေးနိုင်ရန် စီစဉ် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အခြေခံ ကျန်းမာရေး ဝန်ထမ်းများအနေဖြင့် ပြည်သူများနှင့်တွေ့ဆုံ၍ ရပ်ရွာစကား ဝိုင်းများပြုလုပ်ပြီး ပြည်သူများ၏ အသံကို နားထောင်၍ ကျန်းမာရေး ပညာပေးလုပ်ငန်းများ ဆောင်ရွက်စေ လို ကြောင်း၊ မိုးဦးကျရာသီ ရောက်ရှိလာ ပြီဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီးသည် သွေးလွန်တုပ်ကွေး အဖြစ်များသော ဒေသတစ်ခုဖြစ်၍ သွေးလွန်တုပ်ကွေး ကာကွယ်နှိမ်နင်းရေး လုပ်ငန်းများကို အားဖြည့် ဆောင်ရွက်စေလိုကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ခရမ်းမြို့နယ် ပြည်သူ့ ဆေးရုံ ဆေးရုံအုပ် ဒေါက်တာစောသူ ရိန်က ခရမ်းမြို့နယ်တွင် ကျန်းမာရေး လုပ်ငန်းများဆောင်ရွက်နေမှု၊ ကျေးရွာ များသို့ ကွင်းဆင်းဆေးကုသပေးခြင်း၊ ကျေးရွာများတွင် ပိုးသတ်ဆေးကြောင့် အဆိပ်သင့်မှု အခြေအနေ၊ ကျေးလက် ဒေသတွင် လယ်ယာလုပ်ငန်း လုပ်ကိုင် ရင်း ကြုံတွေ့ရနိုင်သော မြွေအန္တရာယ် ကို ကာကွယ်ရန်နှင့် ကုသပေးရန် နည်းလမ်းများကိုတင်ပြရာ တက်ရောက် လာသူများက အကြံပြုဆွေးနွေးခဲ့သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စု ဝန်ကြီးသည် သုံးခွမြို့နယ် ပြည်သူ့ ဆေးရုံသို့ လှည့်လည်ကြည့်ရှု၍ ဝန်ထမ်း များနှင့်တွေ့ဆုံရာတွင် သုံးခွမြို့နယ် ပြည်သူ့ဆေးရုံ ဆေးရုံအုပ်မှ ကျန်းမာ ရေး စောင့်ရှောက်ပေးမှုကို တင်ပြခဲ့ ပြီး ဝန်ထမ်းများ၏ တင်ပြမှုအပေါ် ချက်ချင်း ဆောင်ရွက်ပေးနိုင်သည်များ ကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး အချိန်ယူဆောင်ရွက်ရမည့် ကိစ္စများကို ဝိုင်းဝန်းဆွေးနွေးပြီး ဆောင်ရွက်ပေးခဲ့ သည်။ **သတင်းစဉ်**

# အကြိမ် (၂၀) မြောက် မြန်မာ -ထိုင်း နှစ်နိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေးပူးပေါင်းဆောင်ရွက်မှု စည်းဝေး

**တောင်ကြီး ဇွန် ၃**

အကြိမ်(၂၀) မြောက် မြန်မာ - ထိုင်း နှစ်နိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေး ပူးပေါင်းဆောင်ရွက်မှု အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီက တောင်ကြီးမြို့ Royal Taunggyi Hotel ၌ ကျင်းပရာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲ စေသော ဆေးဝါးများအန္တရာယ်တားဆီး ကာကွယ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ် အောင်ဝင်းဦးနှင့် ထိုင်းနိုင်ငံ မူးယစ် ဆေးဝါးထိန်းချုပ်ရေးအဖွဲ့ (ONCB) Secretary General Mr. Sirinya Sitdhichai တို့က အမှာစကား ပြောကြားသည်။




အစည်းအဝေးတွင် လက်ရှိ မူးယစ် ဆေးဝါးပြဿနာရပ်များ အခြေအနေ နှင့် (၁၉) ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် အကောင် အထည်ဖော်ဆောင်ရွက်မှုများ ပြန်လည် ဆန်းစစ်ခြင်း၊ တားဆီးနှိမ်နင်းရေး ဆောင်ရွက်မှုများ၊ ပရိကာဆာထိန်းချုပ် ရေးဆောင်ရွက်မှုများ၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးသင်တန်း၊ ကုသရေး နှင့် ပြန်လည်ထူထောင်ရေး စီမံခန့်ခွဲမှု ပြန်လည်ဆန်းစစ်ခြင်း၊ မြန်မာ - ထိုင်း နယ်စပ်တစ်လျှောက် မူးယစ်ဆေးဝါး ပူးတွဲထိန်းချုပ်မှု စစ်ဆင်ရေးစီမံချက် ဆွေးနွေးခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ အစည်းအဝေးကို ဇွန် ၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ကွန်ပျူတာပန်းချီပြိုင်ပွဲကျင်းပ

**ရန်ကုန် ဇွန် ၃**

ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ကွန်ပျူတာ ပန်းချီပြိုင်ပွဲများကို ဇွန် ၃ ရက် နံနက် ၉ နာရီက လှိုင်မြို့နယ် လှိုင်တက္ကသိုလ်နယ်မြေရှိ သတင်း အချက်အလက် နည်းပညာတက္ကသိုလ် တွင် ကျင်းပသည်။

ပြိုင်ပွဲသို့ ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်စိုးမိုး၊ တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးမှူး ဦးမျိုးအောင် ဌေး၊ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် ဝင်းနိုင်နှင့် တိုင်းဒေသကြီး အတွင်းရှိ တပ်ဖွဲ့များမှ ရဲအရာရှိကြီးများ နှင့် သတင်းအချက်အလက်နည်းပညာ တက္ကသိုလ်ပါမောက္ခ ဒေါက်တာစောစန္ဒာ အေးတို့က ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများ၏ ကွန်ပျူတာပန်းချီ ရေးဆွဲယှဉ်ပြိုင်နေမှုများကို လိုက်လံ ကြည့်ရှုအားပေးခဲ့သည်။ **(အောက်ပုံ)**

ပြိုင်ပွဲတွင် အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၆၂ ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး မွန်းလွဲ ၂ နာရီတွင် လသာမြို့နယ် အမှတ် ၂ အခြေခံပညာအထက်တန်းကျောင်းရှိ မြညီလာခန်းမ၌ မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့် ပိုစတာပြိုင်ပွဲကို ဆက်လက်ကျင်းပ သွားမည်ဖြစ်ကြောင်း သိရသည်။ **အောင်စိုးမိုး**



# ရှမ်းပြည်နယ် မြောက်ပိုင်းတွင် တက္ကသိုလ်ဝင်တန်းအောင်ချက်ရာခိုင်နှုန်း မြို့နယ်ပထမဆု မူဆယ်ရရှိ

**မူဆယ် ဇွန် ၃**

ရှမ်းပြည်နယ်မြောက်ပိုင်းတွင် မူဆယ် မြို့နယ်သည် ၂၀၁၇-၂၀၁၈ ပညာ သင်နှစ် တက္ကသိုလ်ဝင်တန်းအောင်ချက် ရာခိုင်နှုန်း ပထမမြို့နယ်အဆင့်ရရှိခဲ့ပြီး သုံးနှစ်ဆက်တိုက် အောင်ချက်ရာခိုင်နှုန်း မြင့်မားသည့် မြို့နယ်ဖြစ်ခဲ့သည်။ မူဆယ် မြို့နယ်မှ တက္ကသိုလ်ဝင်တန်းဖြေဆိုသူ ၁၄၀၆ ဦးရှိသည့်အနက် ၅၁၇ ဦး အောင်မြင်ခဲ့ပြီး အောင်ချက်ရာခိုင်နှုန်း ၃၆ ဒသမ ၇၇ ရာခိုင်နှုန်း အောင်မြင် ခဲ့၍ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် အောင်ချက်ရာခိုင်နှုန်း ပိုမိုခဲ့ခြင်းဖြစ် သည်။ ကျောင်းသား ၅၅၆ ဦးနှင့် ကျောင်းသူ ၈၅၀ ဖြေဆိုခဲ့ကြောင်း သိရ သည်။ မူဆယ်မြို့နယ်တွင် အခြေခံပညာ အထက်တန်းကျောင်း ၁၁ ကျောင်း နှင့် ကိုယ်ပိုင်အထက်တန်းကျောင်း ရှစ်ကျောင်း စုစုပေါင်း ၁၉ ကျောင်းရှိပြီး အဆိုပါကျောင်းများထဲမှ ဂုဏ်ထူးရှင် ဘာသာစုံ တစ်ဦး၊ ငါးဘာသာလေးဦး၊ လေးဘာသာ ၁၀ ဦး၊ သုံးဘာသာ ၁၉ ဦး၊ နှစ်ဘာသာ ၃၂ ဦးနှင့် တစ်ဘာသာ ၁၀၇ ဦးရရှိကာ ဇီဝဗေဒဘာသာရပ်တွင် ဂုဏ်ထူးရှင်ပေါင်း ၈၄ ဦးနှင့် ဓာတုဗေဒ ဘာသာရပ်တွင် ၆၇ ဦးတို့ရှိကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် မွန်ပြည်နယ်အတွင်း လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍဆိုင်ရာလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၃

**လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်သည် ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်နှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် စွပ္ပနူးကျေးရွာအနီးမှ ဝေါမြို့နယ် ရှမ်းကိုင်းကျေးရွာအနီးသို့ တူးဖော်ဆောင်ရွက်လျက်ရှိသည့် စစ်တောင်းမြစ်ဖြတ် သဘာဝဓာတ်ငွေ့ပိုက်လိုင်းတူးဖော်ဆက်သွယ်ခြင်း လုပ်ငန်းစီမံကိန်းသို့ သွားရောက်ကာ စီမံကိန်းလုပ်ငန်းခွင်အတွင်း လုပ်ငန်းဆောင်ရွက်မှုအခြေအနေများအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။** (ယာပုံ)




အဆိုပါ စစ်တောင်းမြစ်ဖြတ် သဘာဝဓာတ်ငွေ့ပိုက်လိုင်းသည် ယခင်က အချင်း ၁၂ လက်မ အရွယ်အစားဖြစ်ပြီး မြစ်ကမ်းပါးပြိုကျမှုကြောင့် ရေတိုက်စားမှုဒဏ်ခံနေရခြင်းအား အစားထိုးရန် ယခု ၂၀ လက်မမြစ်ဖြတ် ပိုက်လိုင်းသွယ်တန်းခြင်းဖြစ်ကြောင်း သိရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မွန်ပြည်နယ် ကျိုက်ထို မြို့နယ်အတွင်းရှိ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန ၂၃၀ ကေဗွီ စစ်တောင်းပင်မဓာတ်အားခွဲရုံသို့ သွားရောက်ရာ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်နှင့် တာဝန်ရှိသူများက ဓာတ်အားခွဲရုံဆိုင်ရာ အချက်အလက်များ၊ ထရန်စဖော်မာများ တပ်ဆင်ထားမှု၊ ဓာတ်အားဖြန့်ဖြူးပေးထားမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများ၊ ကျိုက်ထိုမြို့နယ်အတွင်း ဓာတ်အားစနစ်ကောင်းမွန်စေရေးအတွက် ဆောင်ရွက်မည့် အစီအမံများနှင့် တိုးချဲ့ဓာတ်အားသုံးစွဲလာမည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းအခြေအနေများအား ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး သည် ဓာတ်အားခွဲရုံ ထိန်းချုပ်ခန်းအတွင်း ဓာတ်အားဖြန့်ဖြူးပေးထားမှု အခြေအနေနှင့် Switchyard အတွင်း လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဓာတ်အားဖြန့်ဖြူးပေးပို့ရာတွင် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး၊ လျှပ်စစ်ဓာတ်အား တည်ငြိမ်ပြည့်ဝစွာ ဖြန့်ဖြူးနိုင်ရေးနှင့် ဓာတ်အားပြတ်တောက်မှုမဖြစ်ပေါ်စေရေး အထူးဂရုပြု ဆောင်ရွက်ရန် လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ရှေးခေတ်မြန်မာမှု အသုံးအဆောင်ပစ္စည်းများ အွန်လိုင်းဈေးကွက်ကြောင့် ပြည်တွင်းစိတ်ဝင်စားမှု မြင့်တက်လာ

**မန္တလေး ဇွန် ၃**

နိုင်ငံတကာ ခရီးသွားများကိုသာ အားထား ရောင်းချနေရသည့် ရှေးခေတ်မြန်မာမှုအသုံးအဆောင်ပစ္စည်းများမှာ အွန်လိုင်းဈေးကွက် ပေါ်ပေါက်လာမှုကြောင့် ပြည်တွင်း စိတ်ဝင်စားမှု မြင့်တက်ကာ ဝယ်ယူမှုများပြားလာကြောင်း မန္တလေးမြို့မှ မြန်မာမှုအသုံးအဆောင်ပစ္စည်းများ အွန်လိုင်းဈေးကွက်ရောင်းချသူ ကိုထွန်းမင်းက ပြောကြားသည်။



“ဒီအွန်လိုင်းဈေးကွက်က ပြီးခဲ့တဲ့နှစ်ကစပြီး ပေါ်လာတာပါ၊ အရင်ကတော့ မြန်မာမှုပစ္စည်းတွေကို တန်ခိုးကြီးဘုရားတွေမှာပဲ အများဆုံး ဆိုင်ဖွင့်ရောင်းချနေကြပေမယ့် နိုင်ငံခြားသားတွေပဲ အဝယ်များတယ်၊ ပြည်တွင်းအနေနဲ့က ဈေးနှုန်းကို မမေးရဲကြလို့ ရောင်းချမှုအားနည်းနေတယ်၊ အခုအွန်လိုင်းဈေးကွက်မှာ ပစ္စည်းနဲ့ဈေးနှုန်းကိုတွဲပြီး တင်ပေးထားတဲ့အတွက် ပြည်တွင်းက ပြည်ပထက်တောင် စိတ်ဝင်စားမှုပိုများပြီး အဝယ်များလာတယ်၊ ဒါက မြန်မာမှုပစ္စည်းအရောင်းဆိုင်အသေးလေးတွေကို ပြောတာပါ၊ ဆိုင်ကြီးတွေကတော့ သူ့ဖောက်သည်နဲ့သူ ရှိနေကြတယ်” ဟု ၎င်းက ပြောသည်။

လက်ရှိတွင် ပြည်တွင်းစိတ်ဝင်စားမှု မြင့်တက်နေသည့် အွန်လိုင်းဈေးကွက်ကြောင့် ရှေးခေတ် အသုံးအဆောင်ပစ္စည်းများအား မြန်မာမှုပုံစံအဖြစ် ပိုမိုဆန်းသစ်တီထွင်ထုတ်လုပ်ကာ ဈေးကွက်ချဲ့ထွင်ရောင်းချလာကြောင်း သိရသည်။

“ပြည်တွင်းစိတ်ဝင်စားမှု မြင့်တက်လာတဲ့အတွက် တီထွင်ဆန်းသစ်မှုတွေနဲ့ မြန်မာမှုပစ္စည်းတွေကို ပိုပြီးထုတ်လုပ်လာကြတယ်၊ လောလောဆယ်မှာ အင်းဝက နှီးနဲ့လုပ်ထားတဲ့ ယွန်းအုပ်၊ အိုး၊ ခွက် စတဲ့ ကုန်ကြမ်းပစ္စည်းတွေကို သစ်စေးသရိုးကိုင်ပြီး ရှေးခေတ်မြန်မာမှုပုံစံဖြစ်အောင် ဆန်းသစ်တီထွင်ပြီး အွန်လိုင်းပေါ်မှာ ရောင်းချမှုက တော်တော်လေး စိတ်ဝင်တစားနဲ့ ဝယ်ယူလာတာကို တွေ့ရတယ်”ဟု ကိုထွန်းမင်းက ဆက်လက်ပြောသည်။

ပြည်တွင်းရှိ တန်ခိုးကြီးဘုရားများတွင် ဖွင့်လှစ်ရောင်းချနေသည့် မြန်မာမှုပစ္စည်း အရောင်းဆိုင်များမှာ ခရီးသွားရာသီနှင့် ဘုရားဖူးရာသီကိုသာ အဓိက အားထားနေရသော်လည်း အွန်လိုင်းဈေးကွက်မှာ ရာသီမရွေး အရောင်းအဝယ် ဖြစ်နေကြောင်းနှင့် လက်ရှိ အွန်လိုင်းဈေးကွက်တွင် မြန်မာမှုအသုံးအဆောင်ပစ္စည်းများအား ငွေကျပ် ၃၅၀၀ မှ သိန်း ၂၀ ဝန်းကျင် ဈေးနှုန်းအထိ အော်ဒါမှာယူမှုနှင့် ဝယ်ယူမှုများ ရှိနေကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# မြန်မာစာကို တန်ဖိုးထားချစ်မြတ်နိုးကြစေရန်အတွက် ဖျာပုံမြို့၌ မြန်မာစာဂုဏ်ထူးရှင်များကို ကျပ် နှစ်သိန်းစီချီးမြှင့်

**ဖျာပုံ ဇွန် ၃**

ဇွန် ၂ ရက်တွင် ထုတ်ပြန်ကြေညာလိုက်သည့် ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖျာပုံမြို့ဝင်းပညာဒါနကျောင်းမှ မြန်မာစာဂုဏ်ထူးရရှိခဲ့ကြသော ကျောင်းသားကျောင်းသူနှစ်ဦးကို ယင်းကျောင်းမှ မြန်မာစာပြ အငြိမ်းစားကျောင်းဆရာကြီး ဦးအောင်မြင့်၊ ဆရာမကြီးဒေါ်ထွေးရီ မိသားစုက ဆုငွေ ကျပ်နှစ်သိန်းစီကို ဇွန် ၃ ရက်တွင် ပြုလုပ်သည့် ဝင်းပညာဒါနကျောင်း၏ အာစရိယပူဇော်ပွဲနှင့် ဆုပေးပွဲ၌ ဂုဏ်ပြုချီးမြှင့်လိုက်ကြောင်း သိရသည်။

“မနှစ်ကတော့ မြန်မာစာဂုဏ်ထူးရှင်ကို ငွေကျပ်တစ်သိန်းခွဲချီးမြှင့်ခဲ့ပါတယ်၊ ဒီနှစ်မှာ တစ်ယောက်ကို ငွေကျပ်နှစ်သိန်းအထိ တိုးမြှင့်ချီးမြှင့်ပါတယ်၊ ပိုက်ဆံတွေပိုလျှံနေလို့တော့ မဟုတ်ပါ၊ ကျွန်တော်တို့ဇနီးမောင်နှံ နှစ်ယောက်စလုံး ပင်စင်စားကျောင်းဆရာ၊ ဆရာမတွေပါ၊ ဒီငွေကို ချွေးနဲစာနဲ့စုဆောင်းထားခြင်းပါ၊ စာသင်နှစ်အစကတည်းက တပည့်တွေကို အသိပေးခဲ့တယ်၊ မြန်မာစာဂုဏ်ထူးထွက်ခဲ့ရင် ဘယ်နှယောက်ထွက်ထွက် ငွေကျပ်နှစ်သိန်းစီ ချီးမြှင့်မယ့်အကြောင်း၊ ဒီနှစ်မှာ ဒီပညာဒါန ကျူရှင်က နှစ်ယောက်ထွက်လို့ ငွေကျပ် လေးသိန်းချီးမြှင့်လိုက်ပါတယ်၊ မြန်မာနိုင်ငံသားတွေ မြန်မာစာကို လေးစားတန်ဖိုးထား လေ့လာကြိုးစားကြစေချင်လွန်းလို့ အခုလို ဆုချီးမြှင့်ရခြင်း ဖြစ်ပါတယ် ”ဟု အငြိမ်းစားဆရာကြီး ဦးအောင်မြင့်က ပြောသည်။

ယခုနှစ်တွင် ဖျာပုံမြို့ရှိ ဝင်းပညာဒါနကျောင်းမှ တက္ကသိုလ်ဝင် စာမေးပွဲကို ကျောင်းသား ကျောင်းသူ ၆၀ ဝင်ရောက်ဖြေဆိုခဲ့ရာ ၅၀ အောင်မြင်ခဲ့ပြီး သုံးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ခုနစ်ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၂၂ ဦး ပေါ်ထွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဝင်းပညာဒါနကျောင်းကို လွန်ခဲ့သော ၂၀၁၂ -၂၀၁၃ ပညာသင်နှစ်မှစတင်၍ ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းနေ ဦးကျော်ထွန်း -ဒေါ်ခင်ဝင်းမိသားစုက တက္ကသိုလ်ဝင်တန်းတက်ရောက်ရန် အခက်အခဲရှိသည့် ကလေးငယ်များအား ပညာသင်ကြားရေး ကူညီပံ့ပိုးပေးရန်ရည်ရွယ်ပြီး အခမဲ့ဖွင့်လှစ်ထားသည့်ပညာဒါန အလွတ်ပညာသင်တန်းကျောင်းတစ်ခုဖြစ်သည်။

**ဝ၉၄**




# အလုံမြို့နယ် လူငယ်နှင့် မူးယစ်ဆေးဝါးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ကျင်းပ

**ရန်ကုန် ဇွန် ၃**

ကျောင်းသားကျောင်းသူများ မူးယစ်ဆေးဝါးအန္တရာယ်ကင်းရှင်းစေရန် အသိပညာ၊ ဗဟုသုတရရှိစေရန် ဆွေးနွေးပွဲများတွင် ပါဝင်ဆွေးနွေးတတ်သည့် အလေ့အထများရရှိစေရန် ရည်ရွယ်ပြီး လူငယ်နှင့် မူးယစ်ဆေးဝါး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း (Public Talk) ဆွေးနွေးပွဲအခမ်းအနားကို မေ ၂၉ ရက် မွန်းလွဲပိုင်းက အလုံမြို့နယ် နှင်းဆီလမ်းရှိ သာလွန်ကိုယ်ပိုင်အထက်တန်းကျောင်းတွင် ကျင်းပသည်။

ပြည်သူ့စကားဝိုင်းကို စည်သူဦးတင်လှိုင်(လယ်တွင်းသားစောချစ်)၊ မူးယစ်အထူး ရဲတပ်ဖွဲ့မှ ရဲမှူးသင်းအောင်၊ ဒေါက်တာအောင်သော် စိတ်ရောဂါအထူးကုဆရာဝန်ကြီး (ငြိမ်း)၊ ဦးမြင့်ခိုင် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ဗဟို)တို့ကဆွေးနွေးကာ အလုံမြို့နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌ ဦးလှဝင်းက Moderator အဖြစ်ဆောင်ရွက်ခဲ့သည်။ ယင်းနောက် တက်ရောက်လာသော ကျောင်းသား ကျောင်းသူများက သိလိုသည်များမေးမြန်းကြရာ ဆွေးနွေးသူဆရာကြီးများက ပြန်လည်ဖြေကြား ဆွေးနွေးခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲလွင်၊ အလုံမြို့နယ် အမှတ် (၂)တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်နွယ်နွယ်ဝင်း၊ ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ အဆိုပါကျောင်းမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။ **မြို့နယ်(ပြန်/ဆက်)**

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဇွန် ၃**

ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ ကယားပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ ၊နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် အရှေ့ပိုင်းနှင့် ကရင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့်ရှိနိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားနည်းနေသည်။

**မိုး/ဇလ**

# ကမ္ဘာ့ပတ်ဝန်းကျင်နေ့

## စောမိုးမြင့်(သတ္တုတွင်း)

ဇွန်လ ၅ ရက်နေ့ဟာ **ကမ္ဘာ့ပတ်ဝန်းကျင်နေ့** (World Environmental Day) ဖြစ်ပါတယ်။ ၁၉၇၄ ခုနှစ်မှာ စတင်ဖြစ်ပေါ်ကျင်းပလာတဲ့ ကမ္ဘာ့ပတ်ဝန်းကျင်နေ့ဟာ ကုလသမဂ္ဂက ကြီးမှူးကျင်းပတဲ့ အထိမ်းအမှတ်နေ့ ကြီးများထဲမှာ အကြီးကျယ်ဆုံး၊ အခမ်းနားဆုံးနဲ့ ကမ္ဘာ့ရဲ့နေရာအနှံ့မှာ ကျင်းပတဲ့ အထိမ်းအမှတ်နေ့ကြီးဖြစ်သလို ကမ္ဘာရဲ့ နေရာတိုင်းမှာ နေထိုင်ကြတဲ့ လူသားတိုင်းအတွက်လည်း အထူးအရေးကြီးပါတယ်။

### သစ်တောသစ်ပင်လျော့နည်းလို့ အပူချိန်မြင့်တက်

လူသားများဟာ မိမိတို့ရဲ့ စားဝတ်နေထိုင်ရေး အဆင်ပြေဖို့နဲ့ ဘဝဖွံ့ဖြိုးတိုးတက်မြင့်မားလာရေးအတွက် ပတ်ဝန်းကျင်က သယံဇာတတွေကို ထုတ်ယူသုံးစွဲနေကြပါတယ်။ ဒီလိုထုတ်ယူသုံးစွဲတဲ့နေရာမှာ ဥပဒေအရ ပြဋ္ဌာန်းထားတဲ့ စည်းမျဉ်းစည်းကမ်းဘောင်အတွင်း ထုတ်လုပ်ခဲ့သူတွေရှိသလို မိမိကိုယ်ကျိုး တစ်ခုတည်းသာကြည့်ပြီး ပရမ်းပတာ အလွန်အကျွံ ထုတ်လုပ်တာကိုလည်း နေ့စဉ်ကြားတွေ့သိမြင်နေရပါတယ်။ ကမ္ဘာ့ကုန်းမြေပေါ်မှာသာမက ပင်လယ်သမုဒ္ဒရာတွေထဲက ငါးနဲ့ ရေသတ္တဝါတွေကို မိမိတို့ ရိက္ခာအတွက် စီးပွားရေးအတွက် ရေသတ္တဝါတွေကို မျိုးပြုန်းစေမည့် နည်းပေါင်းစုံနဲ့ ထုတ်ယူနေကြလို့ ယနေ့ ပင်လယ်သမုဒ္ဒရာရေထဲက ငါးနဲ့ ရေသတ္တဝါတွေရဲ့ ဂေဟစနစ်တွေ ပျက်စီးကြရသလို အချို့ မျိုးရင်းတွေဟာ မျိုးသုဉ်းလုအန္တရာယ်တွေနဲ့ ခြိမ်းခြောက်ခံနေကြရပါတယ်။ အလားတူ စိုက်ပျိုးမြေချဲ့ထွင်ဖို့၊ ချက်ပြုတ်ရေးနဲ့ အအေးဒဏ်ခံနိုင်ဖို့၊ အိုးအိမ်ဆောက်လုပ်ဖို့ သစ်တောသစ်ပင်တွေကို အလွန်အကျွံခုတ်ယူနေမှုတွေကြောင့် ဒီသစ်တောသစ်ပင်တွေကို အမှီသဟဲပြုနေထိုင်ကြရတဲ့ တောရိုင်းတိရစ္ဆာန်တွေရဲ့ဂေဟစနစ်ပျက်စီးကြရသလို လူတွေ ဖမ်းယူစားသောက်လို့ အချို့တောရိုင်းတိရစ္ဆာန်တွေဟာ မျိုးသုဉ်းလုအန္တရာယ်တွေနဲ့ ရင်ဆိုင်နေကြရပါတယ်။ ဒီအကျိုးဆက်တွေကြောင့် ကမ္ဘာကြီးကို ပူနွေးစေမယ့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့တွေကို စုပ်ယူပြီး သက်ရှိသတ္တဝါတွေအတွက် အသက်ရှင်သန်ရေးအထောက်အကူပြုတဲ့ အောက်ဆီဂျင်ကို ထုတ်လုပ်ပေးတဲ့ သစ်တောသစ်ပင်တွေ တဖြည်းဖြည်းလျော့နည်းလာလို့ ကမ္ဘာကြီးရဲ့ အပူချိန်ဟာ တဖြည်းဖြည်း မြင့်တက်လာလို့နေပါတယ်။ မြင့်တက်လာတဲ့ ကမ္ဘာကြီးအပူချိန်ကြောင့် ဝင်ရိုးစွန်းတန်းက ရေခဲပြင်တွေ၊ ရေခဲမြစ်တွေ ပျော်ဝင်စီးဆင်းလာလို့ သမုဒ္ဒရာရေမျက်နှာပြင် မြင့်တက်လာပြီး ပင်လယ်သမုဒ္ဒရာတွေထဲ ကျွန်းငယ်တွေ၊ အချို့တိုက်ကြီးတွေရဲ့မြစ်ဝှမ်းဒေသတွေဟာ ရေလွှမ်းမိုးခြင်းဒဏ်ကို စတင်ခံစားနေကြရပြီ ဖြစ်ပါတယ်။




- **ကမ္ဘာကြီးအပူချိန်ကြောင့် ဝင်ရိုးစွန်းတန်းက ရေခဲပြင်တွေ၊ ရေခဲမြစ်တွေ ပျော်ဝင်စီးဆင်းလာလို့ သမုဒ္ဒရာရေမျက်နှာပြင် မြင့်တက်လာပြီး ပင်လယ်သမုဒ္ဒရာတွေထဲ ကျွန်းငယ်တွေ၊ အချို့တိုက်ကြီးတွေရဲ့ မြစ်ဝှမ်းဒေသတွေဟာ ရေလွှမ်းမိုးခြင်းဒဏ်ကို စတင်ခံစားနေကြရ**
- **ကမ္ဘာတစ်ဝန်း သုံးစွဲပြီး စွန့်ပစ်တဲ့ ပလတ်စတစ်အမှိုက်တွေဟာ ခန့်မှန်းတန်ချိန် ၃၂၂ သန်းရှိပြီး လာမည့် ၂၀၅၀ ပြည့်နှစ်မှာ ၅ ဆ တိုးလာမယ်လို့ ခန့်မှန်းထား**




### ပင်လယ်သမုဒ္ဒရာတွေ ပြန်လည်သန့်ရှင်းရေး

ဒီအနုတ်လက္ခဏာဆောင်တဲ့ဖြစ်စဉ်တွေကို အချိန်မီတားဆီးနိုင်ဖို့၊ ကုလသမဂ္ဂအဖွဲ့အစည်းကြီးက လူသားများမှီဝေနေထိုင်တဲ့ ကမ္ဘာကြီး အခွန့်ရှည်တည်တံ့ရေးအတွက် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ဖို့၊ ကမ္ဘာကြီးရဲ့အလှအပတွေကို ပိုမိုထွန်းပြောင်လာစေဖို့နဲ့ ကမ္ဘာကြီးရဲ့အရေးပါပုံကို လူသားတိုင်းသိရှိလာကြပြီး မိမိပတ်ဝန်းကျင်သန့်ရှင်းရေး၊ တောရိုင်းတိရစ္ဆာန်များအပေါ် ပြုမူတဲ့ရာဇဝတ်မှုတွေ ရပ်တန့်ရေး၊ ပြုန်းတီးသစ်တောတွေ ပြန်လည်ပြုစုစိုက်ပျိုးရေး၊ ပလတ်စတစ်အများစုပါဝင်တဲ့ အညစ်အကြေးတွေ ဖုံးလွှမ်းနေတဲ့ ပင်လယ်သမုဒ္ဒရာတွေ ပြန်လည်သန့်ရှင်းရေးနဲ့ သမုဒ္ဒရာတွေထဲမှာ နေထိုင်စားသောက်ကြတဲ့ ငါးနဲ့ ရေသတ္တဝါတွေ ပြန်လည်ရှင်သန်တိုးပွားလာရေးစတဲ့ လှုံ့ဆော်မှုတွေနဲ့ နှစ်စဉ်ဆောင်ပုဒ်(Slogan) တစ်မျိုးစီနဲ့ ကမ္ဘာ့ပတ်ဝန်းကျင်နေ့ကို ခမ်းခမ်းနားနား ကျင်းပခဲ့ပါတယ်။

ပထမဆုံးအကြိမ်အနေနဲ့ ၁၉၇၄ခုနှစ် အမေရိကန်ပြည်ထောင်စုမှာ ကျင်းပခဲ့တဲ့ ကမ္ဘာ့ပတ်ဝန်းကျင်နေ့မှာ လူသားများနေထိုင်တဲ့ ကမ္ဘာဟာ တစ်ခုတည်းသောကမ္ဘာ၊ ဒီကမ္ဘာပျက်စီးသွားရင် အစားမရနိုင်တဲ့အကြောင်း ဖော်ညွှန်းတဲ့ **'တစ်ခုတည်းသောကမ္ဘာ'**(Only One Earth) ဆိုတဲ့ ဆောင်ပုဒ်နဲ့ လှုံ့ဆော်ကျင်းပခဲ့ပါတယ်။

သစ်တောများ အရေးပါပုံ၊ သစ်ပင်တွေ ပြန်စိုက်ပျိုးရန်အတွက်-

- ❖ 'သဲကန္တာရ ပပျောက်ရေး' (Desertification) (ဘင်္ဂလားဒေ့ရှ်-၁၉၈၄)
- ❖ 'ငြိမ်းချမ်းရေးအတွက် သစ်တစ်ပင်' (A Tree for Peace) (ကနေဒါ- ၁၉၈၆)
- ❖ 'တောရိုင်းတိရစ္ဆာန်များ အသက်ရှင်ရေး' (Go Wild for Life) (အင်ဂိုဒါ- ၂၀၁၆)
- ❖ 'အစိမ်းရောင်စီးပွားရေး-သင်ပါရဲ့လား' (Green Economy, Does It include You) (ဘရာဇီး- ၂၀၁၂)
- ❖ 'သင့်ရဲ့အကျိုးဆောင်သစ်တောသစ်ပင်' (Forest, Nature at Your Service) (အိန္ဒိယ- ၂၀၁၁)စတဲ့ ဆောင်ပုဒ်တွေနဲ့ ကျင်းပခဲ့ပါတယ်။

အလားတူ ရေနဲ့ ပင်လယ်သမုဒ္ဒရာတွေကို ထိန်းသိမ်းစောင့်ရှောက်ဖို့-

- ❖ 'ကမ္ဘာကို အသက်ဆက်ဖို့ ကျွန်ုပ်တို့ရဲ့ပင်လယ်များကို ကယ်တင်ပါ' (For Life on Earth, Save Our Seas)(ရုရှား-၁၉၉၈)
- ❖ 'ရေအတွက် လူသားပေါင်း နှစ်ဘီလီယံသေဆုံးနေ' (Water 2, Billion People are Dying)(လက်ဘနွန်- ၂၀၀၃)
- ❖ 'ပင်လယ်နဲ့ သမုဒ္ဒရာများ-အသေရရ အရှင်ရရ'(Wanted Seas and Ocean, Dead or Alive)(စပိန်- ၂၀၀၄)
- ❖ 'သင်ရဲ့အသံကို မြှင့်ပါ၊ ပင်လယ်ရေမျက်နှာပြင်မဟုတ်' (Raise Your Voice, Not the Sea Level)(ဘာသဒိုစ်- ၂၀၁၄)

နောင်လာမည့် မျိုးဆက်သစ်များအတွက်-

- ❖ 'ကျွန်တော်တို့ရဲ့ ကလေးများအတွက် တစ်ခုတည်းသောအနာဂတ်-ပျက်စီးမှုမပါသော ဖွံ့ဖြိုးတိုးတက်ရေး' (Only One Future for Our Children, Development Without Destruction) (ဘင်္ဂလားဒေ့ရှ်-၁၉၇၉)
- ❖ 'စဉ်းစားပါ၊ စားပါ၊ သိမ်းဆည်းထားပါ'(Think, Eat and Save) (မွန်ဂိုလီးယား- ၂၀၁၃)

လွန်ခဲ့တဲ့ ၂၀၁၇ ခုနှစ် ဆောင်ပုဒ်ကတော့ လူသားများကို သဘာဝတရားမမေ့ဖို့၊ သဘာဝကို ထိန်းသိမ်းစောင့်ရှောက်ဖို့ သတိပေးတဲ့အနေနဲ့ **'သဘာဝတရားနဲ့ လူသားများချိတ်ဆက်ရေး'** (Connecting People to Nature)ဆိုတဲ့ ဆောင်ပုဒ်နဲ့ ကနေဒါနိုင်ငံမှာ ကျင်းပခဲ့ပါတယ်။

### ကမ္ဘာတစ်ဝန်း စွန့်ပစ်ပလတ်စတစ်အမှိုက် တန်ချိန် ၃၂၂ သန်းရှိ

မိနစ်တိုင်း အမှိုက်ကားတစ်စီးစာ ပလတ်စတစ်အမှိုက်တွေဟာ အမှိုက်ပုံတွေ၊ လမ်းကြိုလမ်းကြား၊ တိုက်ကြိုတိုက်ကြားနဲ့ မြစ်ချောင်းတွေထဲ စွန့်ပစ်ခံနေရပါတယ်။ ဒီပလတ်စတစ်အမှိုက်ရဲ့ ၅ ရာခိုင်နှုန်းကိုသာ ပြန်သုံး (Recycle, Reuse)လုပ်နိုင်ပြီး အလွန်နည်းတဲ့ ထုထည်ပမာဏကို ချိုင့်တွေထဲ (Land Refill)ပြန်ဖို့ နိုင်ပါတယ်။ ကျန်တဲ့အများစုကတော့ ချောင်းတွေ မြစ်တွေထဲက တစ်ဆင့် ပင်လယ်သမုဒ္ဒရာတွေထဲ မျောပါသွားကြပါတယ်။ ဒီပလတ်စတစ်အမှိုက်တွေကို အစာအမှတ်နဲ့ စားမိတဲ့ ပင်လယ်ပျော်ငှက်မျိုးစုံ ကောင်ရေတစ်သန်းကျော်နဲ့ သမုဒ္ဒရာတွေထဲက နို့တိုက်ရေသတ္တဝါမျိုးစုံ တစ်သိန်းကျော်ဟာ နှစ်စဉ်သေဆုံးနေကြရပါတယ်။ ဂျာမနီနိုင်ငံ Helmoltz သဘာဝပတ်ဝန်းကျင်သုတေသနဌာနက သုတေသီ Herr Christian Schmidt ရဲ့သုတေသနစာတမ်းမှာ လွန်ခဲ့တဲ့ ၂၀၁၅ ခုနှစ်အတွင်း ကမ္ဘာတစ်ဝန်း သုံးစွဲပြီး စွန့်ပစ်တဲ့ ပလတ်စတစ်အမှိုက်တွေဟာ ခန့်မှန်းတန်ချိန် ၃၂၂ သန်းရှိပြီး လာမည့် ၂၀၅၀ ပြည့်နှစ်မှာ ငါးဆ တိုးလာမယ်လို့ ခန့်မှန်းထားပါတယ်။

ပလတ်စတစ်ကြောင့် ဖြစ်ပေါ်လာတဲ့ ညစ်ညမ်းမှုဟာ ကမ္ဘာကြီးကို ကူးစက်ပျံ့နှံ့လွယ်တဲ့ ရောဂါကပ်ဆိုးကြီးတစ်ခုလို ဖြစ်နေပါပြီ။ ဒါကြောင့်မို့ ကမ္ဘာကြီး ရေရှည်ကောင်းမွန်ရေးအတွက် ပလတ်စတစ်တွေကို ဘယ်လိုသုံးစွဲမယ်၊ ပလတ်စတစ်ကြောင့် ဖြစ်ပေါ်လာတဲ့ ညစ်ညမ်းမှုကို ဘယ်လိုနှိမ်နင်းမလဲဆိုတာကို စဉ်းစားသုံးသပ်ဖို့ ကုလသမဂ္ဂသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအစဉ်(United Nations Environment Programme) ကို တက်ရောက်လာတဲ့ ကမ္ဘာ့နိုင်ငံပေါင်း ၁၉၃ နိုင်ငံက ပလတ်စတစ်လျှော့သုံးရေး၊ ပင်လယ်သမုဒ္ဒရာထဲ ပလတ်စတစ်စွန့်ပစ်မှု တားဆီးရေးကို သဘောတူလက်မှတ်ရေးထိုးခဲ့ပါတယ်။ အဲဒီ သဘောတူညီချက်အရ ၂၀၁၈ ခုနှစ် ဇွန်လ ၅ ရက်နေ့မှာ ကျရောက်မည့် ကမ္ဘာ့ပတ်ဝန်းကျင်နေ့ဆောင်ပုဒ်ကို **'ပလတ်စတစ်အမှိုက် ညစ်ညမ်းမှုကို တိုက်ဖျက်ကြပါစို့'**(Beat The Plastic Pollution)သတ်မှတ်ပြီး အိန္ဒိယနိုင်ငံမှာ ကျင်းပဖို့ ဆုံးဖြတ်ထားပါတယ်။

### ဖျက်ဆီးလို့မရနိုင်တဲ့ ပလတ်စတစ်အမှိုက်

မိနစ်တိုင်းမှာ ပလတ်စတစ်အိတ်ပေါင်း တစ်သန်းကို ကမ္ဘာတစ်ဝန်းမှာ သုံးစွဲနေကြပါတယ်။ နှစ်စဉ် ပလတ်စတစ်အိတ်အသုံးဟာ ၅၀၀ ဘီလီလံထိရှိနေပြီး သဘာဝနည်းနဲ့ ဖျက်ဆီးလို့မရနိုင်တဲ့ (Non-biodgrable)ပလတ်စတစ်အမှိုက်တွေဟာ မြေကြီးထဲ၊ ရေထဲမှာ နှစ်ပေါင်း ၁၀၀၀ အထိ ဆွေးမြည့်ဆဲ ရှိနေပါတယ်။ ရန်ကုန်တစ်မြို့တည်းမှာ နေ့စဉ်စွန့်ပစ်တဲ့ အမှိုက်တန် ၂၃၀၀ ထဲမှာ ပလတ်စတစ်အများအပြား ပါဝင်နေပါတယ်။ ပြီးခဲ့တဲ့ ဧပြီလ ၂၁ ရက်က စတင်လောင်ကျွမ်းခဲ့တဲ့ ထိန်ပင်အမှိုက်ပုံမှာ ပလတ်စတစ်အမှိုက်တွေ ပါဝင်ခဲ့လို့ ပလတ်စတစ်အငွေ့ကြောင့် မီးသတ်ဝန်ထမ်းများနှင့် ဘေးပတ်ဝန်းကျင်ကလူတွေ ဆေးရုံရောက်ကုန်ကြရပါတယ်။

ကုလသမဂ္ဂသဘာဝပတ်ဝန်းကျင်အစီအစဉ်(United Nations Environment Programme)မှာ ပလတ်စတစ်လျှော့သုံးရေး၊ ပင်လယ်သမုဒ္ဒရာတွေထဲ ပလတ်စတစ်စွန့်ပစ်မှုကို တားဆီးရေး သဘောတူလက်မှတ်ရေးထိုးခဲ့တဲ့ နိုင်ငံတွေထဲက ဗြိတိန်နိုင်ငံအနေနဲ့ ပလတ်စတစ်အိတ်သုံးစွဲမှုအပေါ် အခွန်ငွေ ၅ ပဲနိ စတင်ကောက်ခံနေပါပြီ။ ပလတ်စတစ်ထုတ်လုပ်တဲ့ ကော်စေ့ထုတ်လုပ်မှုကိုလည်း ကန့်သတ်ထားပါတယ်။ နိုင်ငံခြားမှ ဝင်လာမယ့် ထောက်ပံ့ငွေတွေကို ပလတ်စတစ်ကြောင့် ဖြစ်ပေါ်လာမယ့် ညစ်ညမ်းမှုလျော့ပါးရေး စီမံကိန်းတွေမှာသုံးစွဲဖို့ ဝန်ကြီးချုပ်ထရီဇာမေက တိုက်တွန်းထားပါတယ်။ အလားတူ အိန္ဒိယနိုင်ငံ မဟာရာရှတရာပြည်နယ်မှာ ၂၀၁၈ ခုနှစ် မေလ ၅ ရက်နေ့ကစပြီး ပလတ်စတစ်အိတ်သုံးစွဲမှုကို ပိတ်ပင်လိုက်ပါတယ်။

မြန်မာနိုင်ငံ စီးပွားရေးမြို့တော်ဖြစ်တဲ့ ရန်ကုန်မြို့ကြီးအပါအဝင် မြို့တွေမှာ ပလတ်စတစ်ဈေးဝယ်အိတ်တွေ၊ ရေဘူးတွေ၊ စုပ်သောက်ရတဲ့ ပိုက်တွေနဲ့ ဖော့ဘူးတွေကို စည်းမဲ့ကမ်းမဲ့ ရေမြောင်းတွေ၊ နောက်ဖေးလမ်းကြားတွေထဲ စွန့်ပစ်လို့ ရေမြောင်းတွေ ပိတ်ဆို့ပြီး ရေကြီးရေလျှံမှုတွေ မကြာခဏဖြစ်ပေါ်နေပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ နည်းလမ်းပေါင်းစုံနဲ့ ဖြေရှင်းသလို ပရဟိတအဖွဲ့များကလည်း လုပ်အားပေးအမှိုက်ကောက်ပေမယ့် ဒီပြဿနာဟာ ယနေ့အထိ မဖြေရှင်းနိုင်သေးပါဘူး။ ဒါကြောင့်မို့ ဇွန်လ ၅ ရက်နေ့မှာ ကျရောက်မယ့် ကမ္ဘာ့ပတ်ဝန်းကျင်နေ့ရဲ့ **'ပလတ်စတစ်ညစ်ညမ်းမှုကို တိုက်ဖျက်ကြပါစို့'**ဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ အစိုးရ၊ ပြည်သူနဲ့ ပရဟိတအဖွဲ့အစည်းများ တက်ညီလက်ညီနဲ့ ပူးပေါင်းပါဝင်တိုက်ဖျက်ဖို့ တိုက်တွန်းလိုက်ရပါတယ်။ ။

**မှီငြမ်း** - **http://wikipedia.org/wiki/world-Environment Day**
- **www.india celebrating.com/events/world-Environment Day**

# ရေတာရှည်မြို့နယ်၌ ၁၆ ခုတင်ဆံ့ တိုင်းရင်းဆေးရုံဖွင့်လှစ်



**ရေတာရှည် ဇွန် ၃**
ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်၏ ပထမဦးဆုံး ၁၆ ခုတင်ဆံ့ တိုင်းရင်းဆေးရုံဖွင့်ပွဲအခမ်းအနားကို ဇွန် ၂ ရက် နံနက် ၈ နာရီက ရေတာရှည်မြို့တောင်ဘက် ရွှေပြည်ကုန်း ကျေးရွာအနီး ရှိ တိုင်းရင်းဆေးရုံ ရှေ့မျက်နှာစာ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်း၊ တိုင်းဒေသကြီး စည်ပင်သာယာရေးနှင့်လူမှုရေးဝန်ကြီး ဒေါ်ညွန့်ညွန့်ဌေး၊ တောင်ပိုင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်မျိုးဝင်း၊ တိုင်းရင်းဆေးပညာဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူး ဦးကျော်သိန်းဌေးတို့က တိုင်းရင်းဆေးရုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ **(ယာပုံ)**

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က နိုင်ငံတော်မှ ပြည်သူတစ်ရပ်လုံး၏ ကျန်းမာရေးကို ဦးစားပေးအနေဖြင့် ဆောင်ရွက်လျက်ရှိပြီး တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးကို ဘက်ပေါင်းစုံမှ ဖြည့်ဆည်းဆောင်ရွက်လျက်ရှိသကဲ့သို့ နှစ်စဉ်ကျန်းမာရေးအတွက် ဘဏ္ဍာငွေများကို ပိုမိုတိုးမြှင့်ချထားပေးလျက်ရှိသည့်အပြင် ဆေးရုံ၊ ဆေးခန်းများကိုလည်း တိုးချဲ့ဆောက်လုပ်ပေးလျက်ရှိကြောင်း၊ ထို့အပြင် ဆေးခန်းများ၏ ဖွဲ့စည်းပုံများ၊ တိုးချဲ့ပေးခဲ့သည့်အတွက် တိုင်းရင်း ဆေး ဆရာများ၊ ဆရာဝန်များ၊ သူနာပြုများ စသည့်ကျန်းမာရေးဝန်ထမ်းများကို တိုးမြှင့်ခန့်ထားနိုင်ခဲ့ကြောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်း တိုင်းရင်းဆေးရုံနှစ်ရုံ၊ ခရိုင်အဆင့် တိုင်းရင်းဆေးကုဌာန လေးဌာန၊ မြို့နယ်အဆင့် တိုင်းရင်းဆေးကုဌာန ၂၂ ဌာနတို့ဖြင့် ကျန်းမာရေးစောင့်ရှောက်ပေးနေမှုကို တွေ့ရှိရမည်ဖြစ်ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း မှာရှိသည့် တိုင်းရင်း ဆေးရုံ၊ ဆေးကုဌာနများမှအတွင်း လူနာပေါင်း ၁၀၁၁ ဦး၊ ပြင်ပလူနာပေါင်း ၁၀၉၁၀၁ ဦးတို့ကို ကုသမှုပေးနိုင်ခဲ့ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် တိုင်းရင်းဆေးပညာဦးစီးဌာန တိုင်းဒေသကြီး ဦးစီးဌာနမှူးက ဝန်ကြီးချုပ်အား အထိမ်းအမှတ်အလံနှင့် တိုင်းရင်းဆေးရုံတည်ဆောက်နိုင်ရန် လေးကေအကျယ် မြေကွက်အား လွှဲပြောင်းပေးအပ်ခဲ့သော တောင်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မျိုးဝင်းအား ဂုဏ်ပြုမှတ်တမ်း ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# တနိုင်းမြို့ရှိ တိုက်ပွဲရှောင်ပြည်သူများအား ဆန်ရိက္ခာနှင့် ဆေးဝါးပစ္စည်းများ သွားရောက်ထောက်ပံ့

**မြစ်ကြီးနား ဇွန် ၃**
ကချင်ပြည်နယ်အတွင်း ဖြစ်ပွားလျက်ရှိသော နယ်မြေအခြေအနေများအရ တနိုင်းမြို့နယ်အတွင်းရှိ အောင်လော့ဒ် ဒေသမှ တိုက်ပွဲရှောင်ပြည်သူများသည် တနိုင်းမြို့ ကက်သလစ်ဘုရားကျောင်းများနှင့် နှစ်ခြင်းခရစ်ယာန် (KBC) ဘုရားကျောင်းတို့၌ ခေတ္တတိမ်းရှောင်နေထိုင်လျက်ရှိရာ ဇွန် ၂ ရက်တွင် ပြည်နယ်အစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာများ ပူးပေါင်း၍ မိသားစုများ နေထိုင်စားသောက်မှု အဆင်ပြေစေရေး၊ ဆန်ရိက္ခာနှင့် ဆေးဝါးပစ္စည်းများကို သွားရောက်ထောက်ပံ့ ပေးအပ်ခဲ့ကြသည်။



ယင်းသို့ ဆန်ရိက္ခာနှင့် ဆေးဝါးများကို ထောက်ပံ့ပေးအပ်ရာတွင် ပြည်နယ်ဝန်ကြီးချုပ်၏ ဇနီးဒေါက်တာဂျေကော့ဘူ၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာသင်းလွင်၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် ပြည်နယ်ဝန်ကြီးများ၏ ဇနီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ရှေးဦးစွာ တနိုင်းမြို့ ကင်ဆားရာရပ်ကွက်ရှိ ကက်သလစ်ဘုရားကျောင်းဝင်းအတွင်းရှိ မိသားစုများနှင့် တွေ့ဆုံပြီး ဝန်ကြီးချုပ်၏ ဇနီးနှင့် ပြည်နယ်ဝန်ကြီးတို့က နှစ်သိမ့်အားပေးကြကာ မိသားစုဝင်များအတွက် ပြည်နယ်ဝန်ကြီးချုပ် မိသားစုက ကလေးဝတ်အနွေးထည်များ၊ ပြည်နယ်အစိုးရအဖွဲ့မှ ဆန်အိတ် ၁၁၂ အိတ်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်နယ်ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာနမှ ဆန် ၁၂၇ အိတ် ၁၂ ပြည်နှင့် ဆီနှင့်ပဲ ၁၈၄ ပိဿာ စီ၊ ဆား ၉၂ ပိဿာ၊ ပြည်နယ်ပညာရေးမှ မိသားစုဝင်များ၏ ကျောင်းသားကလေးငယ်များအတွက် ဗလာစာအုပ် ဒါဇင် ၆၀ နှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဆေးဝါးပစ္စည်းများကို ပြည်နယ်ဝန်ကြီးချုပ်၏ ဇနီးနှင့် တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်ခဲ့ကြပြီး မိသားစုဝင်များအား မုန့်များ ဝေငှကျွေးမွေးခဲ့ကြသည်။

ယင်းနောက် တိုက်ပွဲရှောင်ပြည်သူများ နေထိုင်လျက်ရှိသည့် ယာယီအဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး ထမင်း၊ ဟင်းချက်ဆောင်အတွင်း ကျန်းမာရေးနှင့် ညီညွတ်စွာ ချက်ပြုတ်စားသောက်ရေး စစ်ဆေးဆောင်ရွက်သွားရန်အတွက် ပြည်နယ်ကျန်းမာရေးဦးစီးဌာန ဦးစီးမှူးနှင့် တာဝန်ရှိသူများက ညှိနှိုင်းဆွေးနွေးကာ ဆောင်ရွက်ပေးခဲ့ကြသည်။

ဆက်လက်၍ တနိုင်းမြို့ နှစ်ခြင်းခရစ်ယာန်(KBC)ကျောင်းဝင်းအတွင်းရှိ မိသားစုဝင်များအတွက် ပြည်နယ်အစိုးရအဖွဲ့မှ ဆန်အိတ် ၁၂၇ အိတ်ကို ထောက်ပံ့ပေးအပ်ခဲ့ပြီး စခန်းတာဝန်ခံနှင့် တွေ့ဆုံကာ မိသားစုဝင်များ ယာယီနေထိုင်မှု အဆင်ပြေစေရေး ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြသည်။

အဆိုပါ တိုက်ပွဲရှောင်ပြည်သူများသည် မေ ၂၀ ရက်အထိ စာရင်းအရ တနိုင်းမြို့ပေါ်ရှိ ကက်သလစ်အသင်းတော် ဘုရားကျောင်းဝင်းအတွင်း၌ အိမ်ထောင်စု ၁၁၂ စု လူဦးရေ ၅၀၀ နှင့် နှစ်ခြင်းခရစ်ယာန်ကျောင်းဝင်းအတွင်း၌ အိမ်ထောင်စု ၁၂၇ စု လူဦးရေ ၄၅၀ တို့ ယာယီနေထိုင်လျက်ရှိကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်၌ ပြည်ပဧည့်သည် ၁၀၀၀၀ ကျော် လာရောက်လည်ပတ်ခြင်းကြောင့် ခရီးသွားလုပ်ငန်းများအဆင်ပြေ

**မြစ်ကြီးနား ဇွန် ၃**
ကချင်ပြည်နယ်အတွင်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်ထက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်၌ ပြည်ပခရီးသွားဧည့်သည် ၁၀၀၀၀ ကျော် လာရောက်လည်ပတ်ခဲ့ကြောင်း ပြည်နယ်ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးခိုင်ဝင်းက ပြောကြားသည်။

"ကချင်ပြည်နယ်က ခရီးသွားလုပ်ငန်း လုပ်ကိုင်လို့ကောင်းတဲ့ ဒေသတစ်ခု ဖြစ်ပါတယ်၊ ပြည်တွင်း ပြည်ပ ခရီးသွားဧည့်သည်တွေကို ဆွဲဆောင်နိုင်တဲ့ သဘာဝအလှရှုခင်းတွေ၊ ဒေသတွင်းနေ တိုင်းရင်းသားပြည်သူတွေရဲ့လူနေမှုစနစ်နဲ့ ရိုးရာယဉ်ကျေးမှုတွေ၊ ဒေသထွက် တွင်းထွက်သယံဇာတတွေက ပေါကြွယ်ဝနေတဲ့ ပြည်နယ်တစ်ခု ဖြစ်တာကြောင့် လူတိုင်းစိတ်ဝင်စားမှုရှိပါတယ်၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာရင် ဒေသတွင်းနေပြည်သူတွေလည်း အလုပ်အကိုင်အခွင့်အလမ်းတွေ ပိုမိုရရှိလာမှာ မလွဲကေန်ပါပဲ"ဟု ၎င်းက ရှင်းလင်းပြောကြားသည်။

ကချင်ပြည်နယ်အတွင်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ပြည်တွင်းခရီးသွား ၉၄၄၈၀ နှင့် ပြည်ပခရီးသွားဧည့်သည် ၁၃၅၆၃ ဦး လာရောက်လည်ပတ်ရာမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ပြည်တွင်းခရီးသွားဧည့်သည် ၇၉၅၅၁ ဦးနှင့် ပြည်ပခရီးသွားဧည့်သည် ၂၄၄၂၁ ဦး လာရောက်လည်ပတ်ခြင်းကြောင့် ပြည်ပခရီးသွားဧည့်သည် ၁၀၈၅၈ ဦး ပိုမိုလာရောက်လည်ပတ်ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ဟိုတယ် ၂၆ လုံးမှ အခန်းပေါင်း ၇၁၄ ခန်းရှိရာမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ဟိုတယ် ၂၉ လုံးနှင့် အခန်းအရေအတွက် ၈၆၀ အထိ တိုးတက်လာကာ ဆက်လက်၍လည်း တည်ဆောက်ဆဲဟိုတယ်ငါးလုံးရှိကြောင်း ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

ကချင်ပြည်နယ်အတွင်း ခရီးသွားလာမှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာမှုများကြောင့် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ကြီးမှူး၍ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းများကို သင်ကြားပို့ချလျက်ရှိရာ ၂၀၁၆ ခုနှစ် ဇန်နဝါရီလတွင် ဗန်းမော်မြို့၌ သင်တန်းသား သင်တန်းသူ ၆၄ ဦး၊ မြစ်ကြီးနားမြို့၌ မေလတွင် ၁၉၅ ဦးဖြင့် လည်းကောင်း၊ ဩဂုတ်လနှင့် စက်တင်ဘာလတွင် ပူတာအိုမြို့၌ ၉၈ ဦးတို့နှင့် ၂၀၁၈ခုနှစ် မေလတွင် မြစ်ကြီးနားမြို့၌ ၂၁၁ ဦးကို မွေးထုတ်သင်ကြားပေးနိုင်ခဲ့သဖြင့် အလုပ်အကိုင် အခွင့် အလမ်းများ ရရှိနေပြီဖြစ်ကြောင်း သိရသည်။ **ဝင်းနိုင် (ကချင်မြေ)**

# ရွှေပြည်သာ လေဘေးသင့်ပြည်သူများအား ပရဟိတ ၄၄ ဖွဲ့က စုပေါင်းထောက်ပံ့လှူဒါန်း



**ရန်ကုန် ဇွန် ၃**
ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ်အတွင်း မေ ၂၉ ရက် နံနက် ၃ နာရီခွဲခန့်က လေပြင်းများတိုက်ခတ်မှုကြောင့် အမှတ် ၈၊ ၉၊ ၁၁၊ ၁၃၊ ၁၉၊ ၂၀၊ ၂၃ ရပ်ကွက်များ၌ လူနေအိမ်အများအပြား အမိုးများလန်ကာ လွင့်စဉ်သွားခြင်း၊ ပြိုကျပျက်စီးသွားခြင်း၊ ဓာတ်တိုင်များနှင့် သစ်ပင်ကြီးငယ်များ လဲပြိုခြင်းများ ကြုံတွေ့ခဲ့ကြရသော လေဘေးသင့်ပြည်သူများထံ ရွှေပြည်သာမြို့နယ် ပရဟိတအဖွဲ့ ၄၄ ဖွဲ့က လှူသားချင်းစာနာထောက်ထားသောအားဖြင့် စုပေါင်းထည့်ဝင် ငွေကျပ် ၅၆၄၄၀၀၀ ကို ဇွန် ၂ ရက်နှင့် ၃ ရက်တို့တွင် ကွင်းဆင်း၍ ထောက်ပံ့လှူဒါန်းခဲ့ကြကြောင်း သိရသည်။

ရွှေပြည်သာမြို့နယ်အတွင်းရှိ ပရဟိတလူမှုကူညီရေးအသင်း ၄၄ ဖွဲ့အား ပေါင်းစည်းဦးဆောင်နာယက ဦးပိုင်မြင့်က "ကျွန်တော်တို့အဖွဲ့လိုက် ကောက်ခံရရှိငွေ စုပေါင်းလိုက်တဲ့အခါ ငွေကျပ် ၆၄ သိန်းကျော်ရပါတယ်၊ ကျွန်တော်တို့ နှစ်ရက်ပဲကြာတယ်၊ မြို့နယ်က ပြုစုထားတဲ့စာရင်းရှိကို လုံလုံလောက်လောက်ပေးဖို့ စီစဉ်ထားပါတယ်၊ ဇွန် ၂ ရက် မွန်းလွဲပိုင်းက အများဆုံးရင်ဆိုင်ခဲ့ရတဲ့ ၁၉ နဲ့ ၂၀ ရပ်ကွက် ရောက်တယ်၊ ဒီက ပြိုကျပျက်စီးမှုများတယ်၊ ဆုံးရှုံးမှုအများဆုံးအိမ်ကို ငွေကျပ် ၁၈၀၀၀ နှုန်း၊ သွပ်မိုးလန်တာလောက်ဆို ဆုံးရှုံးမှုနည်းရင်တော့ ၅၀၀၀ ကျပ်နှုန်း လှူဒါန်းနိုင်ပါတယ်"ဟု ပြောသည်။

ထပ်မံ၍ လေဘေးသင့်ခံရသူတစ်ဦးက "ကျွန်တော်တို့အိမ်က အဲဒီနေ့မှာ သွပ်မိုးတွေလန်ပြီး ပြိုကျသွားတယ်၊ ညနေပိုင်းမှာ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးဦးစီးဌာနက ငွေကျပ် တစ်သိန်းနဲ့ စားသောက်စရာပစ္စည်းတွေ ထောက်ပံ့ပေးတာ ရလိုက်တယ်၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးက လှူတာလည်း ရပါတယ်၊ ဒီကနေ့တော့ ကျပ်တစ်သောင်းရှစ်ထောင် ရတယ်၊ နောက်နေ့တွေမှာ အိမ်ထောင်စုရှိလူဦးရေအတိုင်း လှူဖို့ရှိတယ်လို့ မြို့နယ်အုပ်ချုပ်ရေးမှူးက ကြိုပြောထားပါတယ်၊ ကလေးတွေ ကျောင်းဖွင့်ရက် ကျောင်းတက်ကြမှာပါ၊ အားလုံး အဆင်ပြေကြပါတယ်" ဟု ပြောသည်။

ယနေ့လှူဒါန်းမှုကို ရွှေပြည်သာမြို့နယ် အမှတ် ၂၀ရပ်ကွက် ဆွမ်းလောင်းဓမ္မာရုံတွင် စုရပ်ပြုလုပ်၍ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲထွန်းအောင်နှင့် အမှတ် ၁၉၊ အမှတ် ၂၀ ရပ်ကွက် အုပ်ချုပ်ရေးမှူးများ ကြီးကြပ်စီမံမှုဖြင့် ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ- မျိုးမင်းသိန်း(မရမ်းကုန်း)**

# နှိုးဆော်လွှာ

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ၊ ရာဇသင်္ဂဟလမ်း၊ကံ့ကော်ပန်းအဝိုင်းအနီးတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး အစဉ်ထာဝရငြိမ်းချမ်းရေးရရှိစေရန် ရည်သန်လျက် ခုနစ်ရက်သားသမီး အလှူရှင် ဘုရားဒါယကာဒါယိကာမများစုပေါင်း၍ **“ထာဝရငြိမ်းချမ်းရေးစေတီတော်”**ကို တည်ဆောက်ပူဇော်သွားမည် ဖြစ်ပါသည်။

ပါဝင်လှူဒါန်းလိုသည့် အလှူရှင်များအနေဖြင့် ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နှိုးဆော်အပ်ပါသည်-

| | | | |
|---|---|---|---|
| **ဦးသောင်းဝင်း** | ညွှန်ကြားရေးမှူး | သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန(ဝန်ကြီးရုံး)၊ရုံးအမှတ်(၃၁)၊နေပြည်တော် | ဖုန်း ၀၉-၄၂၀၇၀၁၄၆၃<br>၀၆၇၃-၄၀၆၂၇၆ |
| **ဦးမောင်မောင်မျိုး** | ညွှန်ကြားရေးမှူး နေပြည်တော်တိုင်း သာသနာရေးမှူး | ထာဝရငြိမ်းချမ်းရေးစေတီတော်ပရိဝုဏ်၊နေပြည်တော် | ဖုန်း ၀၉-၂၁၃၂၁၉၁<br>၀၇၆၃-၅၅၀၁၈၃ |
| **ဦးကြင်ခိုင်** | ညွှန်ကြားရေးမှူး | နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ကမ္ဘာအေးဘုရားဝင်း ရန်ကုန်မြို့ | ဖုန်း ၀၉- ၈၆၀၀၁၁၃<br>၀၉-၅၁၈၃၄၇၁<br>၀၁-၆၆၁၂၇၅ |
| **ဦးကျော်စိန်ဝင်း** | ညွှန်ကြားရေးမှူး | နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ ၆၂လမ်း၊ မန္တလေးမြို့ | ဖုန်း ၀၉- ၂၀၀၀၁၀၀<br>၀၉- ၄၃၁၂၅၃၇၃<br>၀၂- ၆၁၁၁၃ |

**ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ဆောက်ရေးဦးစီးကော်မတီ**

# ကုက္ကိုင်းရေကူးအသင်း အမှုဆောင်ကော်မတီသစ် ရွေးချယ်

**ရန်ကုန် ဇွန် ၃**

ကုက္ကိုင်းရေကူးအသင်း၏ ၂၀၁၈-၂၀၁၉ ခုနှစ် နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးကို ယနေ့နံနက် ၉ နာရီက ဗဟန်းမြို့နယ် ဆရာစံလမ်းရှိ အဆိုပါရေကူးအသင်း၌ ကျင်းပသည်။

အခမ်းအနားတွင် အလှည့်ကျသဘာပတိနာယက ဦးငြိမ်းကျော်က အမှာစကားပြောကြားသည်။ ယင်းနောက် ၂၀၁၇-၂၀၁၈ ခုနှစ်အတွက် အမှုဆောင်ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းကို အတွင်းရေးမှူး ဦးပြည့်လင်းက တင်သွင်းသည်။ ယင်းနောက် ၂၀၁၈-၂၀၁၉ ခုနှစ်အတွက် စာရင်းစစ်အဖွဲ့ ခန့်အပ်ပြီး ရွေးချယ်တင်မြှောက်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌက ၂၀၁၈-၂၀၁၉ ခုနှစ်အတွက် အမှုဆောင်ကော်မတီ ရွေးချယ်တင်မြှောက်ပွဲ ကျင်းပရေးနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် ၂၀၁၈-၂၀၁၉ ခုနှစ် အမှုဆောင်ကော်မတီအသစ်များအား မိတ်ဆက်ပေးပြီး ဥက္ကဋ္ဌ ဦးတောက်ထွန်းက နှုတ်ခွန်းဆက်အမှာစကား ပြောကြားသည်။

ဆက်လက်၍ အလှည့်ကျသဘာပတိနာယက ဦးငြိမ်းကျော်က နိဂုံးချုပ်အမှာစကားပြောကြားပြီး အမှုဆောင်ကော်မတီသစ်များ အမှတ်တရစုပေါင်း ဓာတ်ပုံရိုက်ကြသည်။ ကုက္ကိုင်းရေကူးအသင်း၏ ၂၀၁၈-၂၀၁၉ ခုနှစ် အမှုဆောင်ကော်မတီဥက္ကဋ္ဌအဖြစ် ဦးတောက်ထွန်း၊ ဒုဥက္ကဋ္ဌများအဖြစ် ဦးဇော်ဝင်းနှင့် ဦးလင်းအောင်ဝင်း၊ အတွင်းရေးမှူးအဖြစ် ဦးပြည့်လင်း၊ ဘဏ္ဍာရေးမှူးနှင့် အမှုဆောင်စုစုပေါင်း ၂၀ ဖြင့် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

ကုက္ကိုင်းရေကူးအသင်းကို ၁၉၀၄ ခုနှစ်တွင် စတင်ဖွဲ့စည်းတည်ထောင်ခဲ့ပြီး သက်တမ်းအားဖြင့် နှစ်ပေါင်း ၁၁၄ နှစ်ရှိပြီဖြစ်ကာ အသင်းဝင်ပေါင်း ၉၀၀၀ ကျော်ရှိကြောင်း သိရသည်။

ထို့ပြင် မျိုးဆက်သစ်ရေကူးအားကစားသမားများ ထွက်ပေါ်လာရန် နွေရာသီရေကူးသင်တန်းကို တစ်နှစ်လျှင် နှစ်ကြိမ် ဖွင့်လှစ်ပေးလျက်ရှိကြောင်း သိရသည်။

**ရဲရင့်ရှိုင်း**

# ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အကြိုသစ်ပင်စိုက်ပျိုး



တောင်ကြီး ဇွန် ၃

**၂၀၁၈ ခုနှစ် ဇွန် ၅ ရက်တွင် ကျရောက်မည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အကြိုသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၃ ရက် နံနက် ၈ နာရီက တောင်ကြီးမြို့ ကိုးနဝင်းစေတီတောင်ကုန်းပေါ်၌ ကျင်းပကြောင်း သိရသည်။**

ဆက်လက်၍ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့် ဇနီး ဒေါ်နန်းရွှေမြင့်၊ ပြည်နယ်ဝန်ကြီးများနှင့် ဇနီးများ၊ အစိုးရအဖွဲ့အတွင်းရေးမှူး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ သစ်ပင်ချစ်သူများအဖွဲ့နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများက သတ်မှတ်နေရာအသီးသီးတွင် သစ်ပင်များကို စိုက်ပျိုးပေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ ပြည်နယ်ဝန်ကြီးများနှင့် ဇနီးတို့က သစ်ပင်စိုက်ပျိုးနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုကြသည်။ အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတော်တွင် ချယ်ရီပင် ၁၀၀၊ ရေသင်းဝင် ၅၀၀၊ ဆူးထင်းရှူး ၃၅၀၊ ခါတော်မီ ၃၀၀၊ မဲဇလီ ၂၀၀၊ ပိတောက် ၅၀၊ စိန်ပန်းပြာ ၂၀၀၊ ယူကလစ် ၃၅၀၊ မဟော်ဂနီ ၅၀၊ စုစုပေါင်း အမျိုးအစား အပင်ကိုးမျိုးဖြစ်ပြီး အပင်ရေ ၂၀၀၀ စိုက်ပျိုးပေးခဲ့ကြောင်း သိရသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ကွန်ပျူတာတက္ကသိုလ်၌ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် (၂၁) ကြိမ်မြောက် ကွန်ပျူတာပန်းချီပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်နေမှုကို လေ့လာကြည့်ရှုအားပေးကြသည်။ အဆိုပါပြိုင်ပွဲတွင် အလယ်တန်း၊ အလွတ်တန်းနှင့် လူမှုဝန်ထမ်းဦးစီးဌာနမှပါဝင်၍ ပြိုင်ပွဲဝင် စုစုပေါင်း ၂၁ ဦး ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

❖ *ကျောဖုံးမှ*

ကမ္ဘာ့နိုင်ငံအသီးသီး၌ စက်ဘီးစီးနင်းခြင်းကို သိလာစေရန် နိုင်ငံအလိုက်၊ ဒေသအလိုက်ဖွံ့ဖြိုးမှု မူဝါဒများတွင် စက်ဘီးကိုထည့်သွင်းစဉ်းစားကြစေရန်၊ လူထုအကြား စက်ဘီးကိုရင်းနှီးမှုရှိလာစေရန် စက်ဘီးခရီးစဉ်တွေကို ဒေသအလိုက် စီစဉ်ကြပြီး စိတ်ရောကိုယ်ပါ ကြံ့ခိုင်ကြစေရန်နှင့် စက်ဘီးယဉ်ကျေးမှုတစ်ခုအဖြစ် ထွန်းကားလာရန် တိုက်တွန်းလိုခြင်းကြောင့် သတ်မှတ်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။

ယနေ့ကျရောက်သည် World Bicycle Day အထိမ်းအမှတ် စုပေါင်းစက်ဘီးစီးနင်းမှုကို အမျိုးသားအားကစားပြိုင်ပွဲရုံ ၁ မှ စတင်တာထွက်ရာ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်က သေနတ်ပစ်ဖောက် တာလွှတ်ပေးခဲ့ ပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အပျော်တမ်းစက်ဘီးစီးအားကစားသမား ၁၁၀၀ ကျော်တို့သည် ဝေဇယန္တာလမ်းတစ်လျှောက် စီးနင်းကြကာ ပါရမီမီးပွိုင့်လမ်းဆုံမှ ပြန်လှည့်၍ အမျိုးသားအားကစားပြိုင်ပွဲရုံ ၁ ရှေ့သို့ ပြန်လည်ပန်းဝင်ခဲ့ကြသည်။

**မောင်စိန်လွင်(မြန်မာ့အလင်း)**

# ဟိုပင်၌ အဝီစိတွင်းတူးရာမှ ဓာတ်ငွေ့ထွက်လာသဖြင့် ကြိုတင်ကာကွယ်မှုများ ဆောင်ရွက်လျက်ရှိ

**မြစ်ကြီးနား ဇွန် ၃**

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဟိုပင်မြို့ မြသီတာရပ်ကွက်နယ်မြေ ၅ ရှိ အိမ်ရှင် ဦးကြည်ဝင်း၏ နေအိမ်ဝင်းအတွင်း၌ အဝီစိတွင်းတူးရာမှ အနက်ပေ ၁၉၀ ခန့်အရောက်တွင် ယနေ့ နံနက် ၄ နာရီခန့်၌ ဓာတ်ငွေ့ဟု ယူဆရသော အငွေ့များနှင့် ဆူညံသံများ ထွက်ပေါ်လာသဖြင့် မြို့နေပြည်သူများ စိုးရိမ်ထိတ်လန့်လျက်ရှိကြောင်း ဟိုပင်မြို့ခံများထံမှ သိရသည်။

အဆိုပါ ဖြစ်စဉ်ကြောင့် မြို့အုပ်ချုပ်ရေးပိုင်းနှင့် တာဝန်ရှိသူများက မြို့နေလူထုအန္တရာယ် မဖြစ်ပေါ်စေရေးအတွက် အနီးပတ်ဝန်းကျင်နေအိမ်များ၌ နေထိုင်သူများအား အခြားနေရာများသို့ ခေတ္တတိမ်းရှောင်နေထိုင်ကြရန်နှင့် မီးသတ်တပ်ဖွဲ့မှ မီးသတ်ယာဉ်နှစ်စီးဖြင့် အသင့်စောင့်ဆိုင်းစေပြီး အခင်းဖြစ်ပွားရာနေရာနှင့် ပတ်ဝန်းကျင် ပေ ၁၀၀၀ ပတ်လည်အား ဖြတ်သန်းသွားလာမှုမရှိစေရေး အသိပေးဆောင်ရွက်ခြင်းများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက လုံခြုံရေးရယူဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့မှလည်း သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ချိတ်ဆက်၍ အမြန်ဆုံးကွင်းဆင်း ဆောင်ရွက်နိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ရှိကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

**ဓာတ်ပုံ- ဟိုပင်(ပြန်/ဆက်**



# တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများထုတ်ပြန်

**အင်းတော်**

အင်းတော်မြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုသူ ၂၉၂၀ ဦးရှိပြီး အောင်မြင်သူ အမျိုးသား ၄၄၂ ဦး၊ အမျိုးသမီး ၇၀၄ ဦး ပေါင်း ၁၁၄၆ ဦးဖြစ်၍ အောင်ချက်ရာခိုင်နှုန်းအနေဖြင့် ၃၉ ဒသမ ၂၃ ဖြစ်ကြောင်း သိရသည်။ **ကိုမင်း(အင်းတော်)**

**ဂန့်ဂေါ**

ဂန့်ဂေါမြို့နယ် စာစစ်ဌာနရှစ်ခု၌ တက္ကသိုလ်ဝင်စာမေးပွဲကို ကျောင်းသား ကျောင်းသူ ၃၀၃၁ ဦးဖြေဆိုခဲ့ရာ အောင်မြင်သူ ၈၆၅ ဦးရှိပြီး တစ်ဘာသာဂုဏ်ထူးရှင် ၁၉၅ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၆၆ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၃၂ ဦး၊ လေးဘာသာဂုဏ်ထူးရှင် ရှစ်ဦး ရှိကြောင်းနှင့် အောင်ချက်ရာခိုင်နှုန်း ၂၉ ဒသမ ၁၃ ရာခိုင်နှုန်းရှိကြောင်း သိရသည်။ **၁၀၁**

**ကံမ**

သရက်ခရိုင် ကံမမြို့နယ်တွင် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုသူ ၉၅၀ အနက်မှ ၂၃၃ ဦး အောင်မြင်ပြီး အောင်ချက်ရာခိုင်နှုန်း ၂၄ ဒသမ ၅၃ ရာခိုင်နှုန်းရရှိခဲ့သည်။ ဂုဏ်ထူးဖြင့် အောင်မြင်သူ သုံးဘာသာလေးဦး၊ နှစ်ဘာသာ ၁၀ ဦး၊ တစ်ဘာသာ ၄၁ ဦး စုစုပေါင်း ၅၅ ဦး ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြောင်း သိရသည်။ **ကျော်ဇေယျဝင်း(ပြန်/ဆက်)**

**ကသာ**

ကသာမြို့နယ်အတွင်း ကျေးရွာပေါင်း ၁၄၃ ရွာရှိသည့်အနက် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုသူ ၂၅၅၇ ဦးအနက်မှ အောင်မြင်သူ ၈၃၄ ဦး ဖြစ်ကြောင်း၊ အောင်မြင်မှုရာခိုင်နှုန်း ၃၂ ဒသမ ၆၂ ရာခိုင်နှုန်းဖြစ်ပြီး တစ်ဘာသာဂုဏ်ထူး ၁၈၄ ဦး၊ နှစ်ဘာသာဂုဏ်ထူး ၄၅ ဦး၊ သုံးဘာသာဂုဏ်ထူး ၁၅ ဦး၊ လေးဘာသာဂုဏ်ထူး ခြောက်ဦး၊ ငါးဘာသာဂုဏ်ထူးတစ်ဦး စုစုပေါင်း ၂၅၁ ဦးဖြစ်ကြောင်း သိရသည်။ **ငွေအိုး(ကသာ)**

**ကလိန်အောင်**

တနင်္သာရီတိုင်းဒေသကြီး ကလိန်အောင်မြို့စာစစ်ဌာနတွင် ၂၁ ဒသမ ၄၂ ရာခိုင်နှုန်းဖြင့် အောင်မြင်ခဲ့ကြောင်း၊ ကျောင်းတွင်းနှင့်အလွတ်ဖြေဆိုမှုတွင် ဝင်ရောက်ဖြေဆိုသူ ၉၈ ဦးရှိပြီး၊ ဘောဂဗေဒဂုဏ်ထူးရရှိသူ လေးဦးအပါအဝင် စုစုပေါင်း အောင်မြင်သူမှာ ၂၁ ဦးရှိကြောင်း သိရသည်။ **ကလိန်အောင်(ပြန်/ဆက်)**

# ချောက်-မြင်းခြံ-ကျောက်ဆည်-မန္တလေးဓာတ်ငွေ့ပိုက်လိုင်း ညောင်ဦးမြို့နယ် သူကောင်းတည်ကျေးရွာအနီး ယိုစိမ့်မှုဖြစ်ပွား

**ညောင်ဦး ဇွန် ၃**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်မှ မန္တလေးတိုင်းဒေသကြီး မြင်းခြံ-ကျောက်ဆည်-မန္တလေးမြို့များသို့ ပို့လွှတ်သော ဓာတ်ငွေ့ပိုက်လိုင်းသည် ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် အောက်ညဥ့်အုပ်စု သူကောင်းတည်ကျေးရွာအနီး သမဝါယမအသင်းစု ပေါင်းစည်းလယ်ယာဝင်းအတွင်း ဇွန် ၃ ရက် နံနက် ၉ နာရီက ယိုစိမ့်မှုဖြစ်နေကြောင်း အထက်ညဥ့်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်မျိုးခိုင်ထံမှ သိရသည်။

အဆိုပါဖြစ်ပွားရာနေရာသို့ ချောက်မြို့နယ် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့၊ စက်မှုအင်ဂျင်နီယာဌာနမှ (လက်ထောက်အင်ဂျင်နီယာ)ဦးသန်းဦးနှင့် ဝန်ထမ်းများ ရောက်ရှိလာပြီး ဓာတ်ငွေ့ယိုစိမ့်မှုဖြစ်ပွားနေသည့် နေရာတစ်ဝိုက်အား လုံခြုံရေးကြိုးတားထားကာ ယိုစိမ့်နေရာအားတူး၍ (U.Bolt CLAMP)နှင့် ပတ်ပြီး ဖာထေးပြုပြင်ရာ ညနေ ၃ နာရီတွင် ပြုပြင်ပြီးစီးခဲ့ကြောင်း သိရသည်။

ဓာတ်ငွေ့ယိုစိမ့်သည့်နေရာသို့ ညောင်ဦးခရိုင် မီးသတ်ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသက်နိုင်နှင့်အတူ အုပ်ချုပ်မှုယာဉ်တစ်စီး၊ မီးငြှိမ်းသတ်ယာဉ်တစ်စီးနှင့်အတူ လာရောက်ကာ အဆင်သင့်စောင့်ဆိုင်းနေပြီး လက်ပံခြေပေါ်ရဲတပ်ဖွဲ့စခန်းမှ ဒုရဲအုပ်မင်းကြိုင်နှင့်ရဲတပ်ဖွဲ့ဝင်များကဝိုင်းဝန်းကာ ဆောင်ရွက်ပေးလျက်ရှိကြောင်း အောက်ညဥ့်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးအောင်မျိုးခိုင်ထံမှ သိရသည်။ **ကိုထိန်(ငါ့သရောက်)**

# ကရင်ပြည်နယ်ဝန်ကြီးချုပ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အကြို သစ်ပင်စိုက်ပျိုး

**ဘားအံ ဇွန် ၃**

ကရင်ပြည်နယ် ဘားအံမြို့တွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်နယ်သစ်တောဦးစီးဌာနမှ ကြီးမှူး၍ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အကြိုစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၃ ရက်က ပြည်နယ်၏အထင်ကရနေရာတစ်ခုဖြစ်သောကြောင့် ကမ်လက်စေတီတော် ပရဝဏ်အတွင်း၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့် တက်ရောက်၍ သစ်ပင်များစိုက်ပျိုးပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးစောစံလင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောမိုးမြင့်၊ ပြည်နယ်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သစ်တော၊ သတ္တုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးစောပြည်သာနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ကျောင်းသားကျောင်းသူများ၊ ကမ်လက်ပတ်ဝန်းကျင်ဒေသရှိ ကျေးရွာ ၁၇ ရွာမှ ကျေးရွာသူ ကျေးရွာသားများနှင့်အတူ မဟော်ဂနီ၊ မန်ဂျန်ရှား၊ ငုဝါ၊ စိန်ပန်း၊ ခရေ၊ ပျဉ်းမ စုစုပေါင်းသစ်ပင် ၁၅၀၀ ပင်ကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။ ပြည်နယ်သစ်တောဦးစီးဌာနမှ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်လာကြသော ကျေးရွာသူ ကျေးရွာသားများအား ကျွန်းပျိုးပင် ၅၀၀ ခန့်ကို အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။



**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ကျောက်ဆည်တွင် ပုံစံ ၇ များထုတ်ပေးပွဲ တက်ရောက်

**ကျောက်ဆည် ဇွန် ၃**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်အတွင်းမှ ဒေသခံတောင်သူများအား လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ ၇ များပေးအပ်ပွဲကို ကျောက်ဆည်မြို့တော်ခန်းမ၌ ဇွန် ၁ ရက်က ကျင်းပခဲ့ရာ တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က တက်ရောက်အမှာစကား ပြောကြားသည်။

ထို့နောက် ကျောက်ဆည်ခရိုင် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူး ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး ဦးမြင့်နောင်က လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ ၇ ထုတ်ပေးရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းမင်းဇော်နှင့် တာဝန်ရှိသူများက မြို့နယ်အတွင်းရှိ တောင်သူ ၃၉၀ အား လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ် ပုံစံ ၇ များ ထုတ်ပေးခဲ့ကြသည်။

ကျောက်ဆည်မြို့နယ်တွင် ပုံစံ ၇ လက်မှတ်ထုတ်ပေးရန် လျာထားတောင်သူပေါင်း ၃၁၄၄၉ ဦး၊ ဦးပိုင်ပေါင်း ၅၄၁၆၉ ခုရှိသည့်အနက် တောင်သူပေါင်း ၃၀၅၈ ဦး၊ ဦးပိုင်ပေါင်း ၅၃၀၆၀ ကို စိစစ်ထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ရာ ပုံစံ ၇ ထုတ်ပေးသော တောင်သူ ၃၉၀ အတွက် ဦးပိုင်ပေါင်း ၅၀၁ ခုဖြစ်ကြောင်း မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး၏ ပြောကြားချက်အရ သိရသည်။

**ခရိုင် (ပြန်/ဆက်)**



# လေပြင်းတိုက်ခတ်မှုကြောင့် သရက်ဆိပ်ကမ်းတွင် နစ်မြုပ်ခဲ့သည့် စက်လှေ ၂၁ စင်းကို ပြန်လည်ဆယ်ယူပြီး ကူးတို့လိုင်းပုံမှန်ပြေးဆွဲ

**သရက် ဇွန် ၃**

မကွေးတိုင်းဒေသကြီး သရက်မြို့တွင် မေလနောက်ဆုံးပတ်က ညပိုင်းလေပြင်းတိုက်ခတ်မှုကြောင့် သရက်-အောင်လံ ပြေးဆွဲလျက်ရှိသည့် နန်းထိုက်ဟိန်းကူးတို့လုပ်ငန်းမှ လိုင်းစက်လှေနှစ်စင်းနှင့် ရေယာဉ်အသေး(ကြားစက်လှေ) ၆၃ စင်းအနက် သရက်ဆိပ်ကမ်းတွင် ကြိုးချည်ဆိုက်ကပ်ထားသည့် စက်လှေ ၂၁ စင်း နစ်မြုပ်ခဲ့သည်။ မေ ၃၀ ရက် ရာသီဥတုသာယာသည့်အချိန်မှစတင်၍ ပြန်လည်ဆယ်ယူပြီး ဇွန် ၁ ရက်က အပြီးဆယ်ယူပြီးစီးခဲ့ကာ ယင်းကူးတို့လိုင်းမှာ ရာသီဥတုကြောင့် မေ ၃၀ ရက် နံနက်ပိုင်းက ခေတ္တပိတ်ထားခဲ့ပြီး နံနက် ၁၁ နာရီတွင် ပုံမှန်ပြေးဆွဲလျက်ရှိသည်။

အဆိုပါ ကြားစက်လှေများမှာ မြင်းကောင်ရေ ၂၀ အောက် ခရီးသည် ၁၄ ဦးသာ စီးခွင့်ပြုထားပြီး လိုင်းစက်လှေချိန်မဟုတ်သည့် အချိန်တွင်ပြေးဆွဲသောကြားစက်လှေများဖြစ်ပြီး လေပြင်းတိုက်ခတ်သည့် ညအချိန်တွင် မောင်းသူမရှိဘဲ ဆိပ်ကမ်းတွင် ကြိုးချည်ထားသဖြင့် စက်လှေအချင်းချင်း ရိုက်ခတ်ပြီး နစ်မြုပ်ခြင်းဖြစ်ကာ လူတစ်ဦးတစ်ယောက်မှ ထိခိုက်ဒဏ်ရာမရရှိကြောင်း မြို့နယ်ရေယာဉ်များကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလှနိုင်ထံမှ သိရသည်။

စက်လှေများ ပြန်လည်ဆယ်ယူပြီး ပြုပြင်ရန်လိုအပ်သည့် စက်လှေပိုင်ရှင်များ အဆင်ပြေစေရန် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဈေးသမမှ စက်လှေ ၂၁ စင်းအတွက် တစ်စင်းလျှင် ငွေကျပ်နှစ်သိန်းနှုန်းဖြင့် ခြောက်လဆပ် ငွေထုတ်ချေးပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသိန်းနိုင်ထံမှ သိရသည်။

**ဇော်ထက်(သရက်)**

# ကမ္ဘာ့စက်ဘီးနေ့ အထိမ်းအမှတ် သန်လျင်၌ စက်ဘီးချစ်သူများ စုပေါင်းစက်ဘီးစီးနင်း

**ရန်ကုန် ဇွန် ၃**

ကမ္ဘာ့စက်ဘီးနေ့အထိမ်းအမှတ်အဖြစ် "ပျော်ရွှင်ကျန်းမာဖို့ စက်ဘီးစီးကြစို့" အစီအစဉ်ကို သန်လျင်စက်ဘီးစီးအသင်း (TCC) နှင့် BikeClub @ Thanlyin တို့ ပူးပေါင်းကာ စက်ဘီးချစ်သူ လူကြီး လူငယ်၊ အမျိုးသား အမျိုးသမီးတို့သည် ဇွန် ၃ ရက်က သန်လျင်မြို့တွင်းသို့ စုပေါင်းစက်ဘီးစီးနင်းခဲ့ကြသည်။

အဆိုပါ စုပေါင်းအဖွဲ့သည် သန်လျင်မြို့ မြို့သစ်အရှေ့ရပ်ကွက် ပြည်တော်သာလမ်း (ယခင်-ရာဘာလမ်း)ရှိ ငြိမ်းချမ်းရေးကွင်းမှ စတင်ကာ နာရီစင်လမ်းဆုံ၊ ကျိုက်ခေါက်ဘုရားလမ်း၊ သီဟဒီပ အားကစားကွင်းရှေ့မှ လမ်းသစ်လမ်း၊ ဦးလုဘော်လမ်း၊ ထန်းပင် ကုန်းလမ်းမကြီး၊ သတိပဋ္ဌာန်လမ်း၊ မြို့မလမ်း၊ ဗိုလ်ချုပ်လမ်း၊ သန်လျင်မြို့မဈေး တစ်ပတ်လှည့်ကာ ဈေးနာရီစင်လမ်းဆုံ၊ သိမ်ကျောင်းလမ်းမှ မြို့သစ်အရှေ့ရပ်ကွက် ပြည်တော်သာလမ်း (ယခင်-ရာဘာလမ်း)ရှိ ငြိမ်းချမ်းရေးကွင်းသို့ စုပေါင်းစက်ဘီးစီးနင်းခဲ့ကြသည်။

အဆိုပါ စုပေါင်းစက်ဘီးစီးနင်းပွဲတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ထွန်းနှင့် သန်လျင်စက်ဘီးချစ်သူ အင်အား ၁၀၀ ဝန်းကျင်ခန့် ပါဝင်စီးနင်းခဲ့ကြပြီး ယင်းအစီအစဉ်ကို အပတ်စဉ် တနင်္ဂနွေနေ့တိုင်း စုပေါင်းစက်ဘီးစီးနင်းသွားမည်ဖြစ်ပြီး လူကြီးလူငယ် မည်သူမဆို မိမိကြိုက်နှစ်သက်ရာ စက်ဘီးတို့ဖြင့် ပါဝင်စီးနင်းနိုင်ကြောင်း သိရသည်။

**သက်ခိုင် (သန်လျင်)**



# မိုးများ၍ ကောလင်းမြို့နယ်အတွင်း ကားလမ်းအချို့ရေကျော်

**ကောလင်း ဇွန် ၃**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကောလင်းမြို့နယ်၌ ဇွန် ၁ ရက်က မိုးသည်းထန်စွာရွာသွန်းခဲ့ရာ မိုးရေချိန် ၆ ဒသမ ၆ လက်မအထိ ရှိခဲ့ပြီး ထိုသို့ မိုးများခဲ့သဖြင့် မြို့နယ်အတွင်း ရေကြီး၊ ရေလျှံမှုများဖြစ်ပေါ်ခဲ့ပြီး ရွှေဘို-မြစ်ကြီးနား လမ်းပိုင်းရှိ အချို့နေရာများနှင့် ကျေးရွာချင်းဆက်လမ်းများတွင် ရေကျော်မှုများရှိခဲ့ကြောင်း သိရသည်။



ရွှေဘို-မြစ်ကြီးနား လမ်းပိုင်းတွင် ရေကြီး၊ ရေလျှံပြီး လမ်းရေကျော်မှုများ ဖြစ်ပွားခဲ့သော်လည်း ယာဉ်ကြီး ယာဉ်ငယ်များ သွားလာလျက်ရှိပြီး မြို့နယ်စီမံခန့်ခွဲမှုကော်မတီနှင့် တာဝန်ရှိဌာနများက ယာဉ်များအန္တရာယ်ကင်းစွာ သွားလာနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိကာ ရေကြီးခြင်းကြောင့် လူနှင့် တိရစ္ဆာန်များ ထိခိုက်ဒဏ်ရာရရှိမှု မရှိစေရေးအတွက်လည်း ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ မိုးများခြင်းကြောင့် မြို့နယ်အတွင်း ကျေးရွာ ချင်းဆက်လမ်းများတွင်လည်း လမ်းရေကျော်မှုများ ဖြစ်ပွားခဲ့သလို ခံသာကျေးရွာနှင့် ဆင်ကုန်းကျေးရွာကြား၌ သစ်သားတံတား တစ်စင်း ရေမျောပါခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မန္တလေးတိုင်းဒေသကြီးအစိုးရပိုင် ကျွန်းစိုက်ခင်း စိုက်ပျိုးမည်

**မန္တလေး ဇွန် ၃**

မန္တလေးတိုင်းဒေသကြီးအတွင်း ၁၅ ဧက အကျယ်အဝန်းရှိသည့် တိုင်းဒေသကြီးအစိုးရအဖွဲ့ပိုင် ကျွန်းစိုက်ခင်းများ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီးသယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဦးမျိုးသစ်က ပြောကြားသည်။

"တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ကျွန်းသစ်နဲ့တည်ဆောက်ထားတဲ့ ရှေးဟောင်းအဆောက်အအုံတွေကို သားစဉ်မြေးဆက် ပြုပြင်ထိန်းသိမ်းနိုင်အောင် သစ်တောဦးစီးဌာနနဲ့ညှိနှိုင်းပြီး တိုင်းဒေသကြီးအစိုးရပိုင် ကျွန်းစိုက်ခင်း ၁၅ ဧကလောက် စိုက်မယ်၊ အဲဒါကို တိုင်းဒေသကြီးအစိုးရအဖွဲ့ကို တင်ပြတယ်၊ အစိုးရအဖွဲ့ကလည်း ခွင့်ပြုတယ်။ အဲ့ဒီစိုက်ခင်းကထွက်လာမယ့် ကျွန်းသစ်တွေကို တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ကျွန်းနဲ့တည်ဆောက်ထားတဲ့ အဆောက်အအုံတွေအတွက် နောင်လာနောက်သားတွေ ထုတ်သုံးနိုင်မယ်"ဟု ဝန်ကြီးက ဆက်လက်ပြောသည်။

လက်ရှိတွင် တိုင်းဒေသကြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရ သက်ဆိုင်ရာဝန်ကြီးဌာနသို့ ကျွန်းစိုက်ခင်းစိုက်ပျိုးနိုင်ရန် ဆက်လက်တင်ပြထားပြီး ခွင့်ပြုပါက သက်ဆိုင်ရာ ပြည်ထောင်စု ဝန်ကြီးဌာနနှင့် တိုင်းဒေသကြီးအစိုးရတို့ စာချုပ်ချုပ်ဆို၍ ကျွန်းစိုက်ခင်း စိုက်ပျိုးရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ တိုင်းဒေသကြီးအတွင်းရှိ ကျွန်းသစ်နှင့် ပျဉ်းကတိုးအများဆုံးစိုက်ပျိုးထွက်ရှိရာ စဉ့်ကူးနှင့် သပိတ်ကျင်းမြို့နယ်တို့တွင် အကောင်အထည်ဖော်စိုက်ပျိုးသွားမည်ဖြစ်ပြီး စိုက်ပျိုးနိုင်ရန် မြေနေရာကို သစ်တောဦးစီးဌာနက ရှာဖွေပေးရန် ညွှန်ကြားထားပြီးဖြစ်ကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု ဘူးသီးတောင်ဒေသခံပြည်သူများနှင့်တွေ့ဆုံ

ဘူးသီးတောင် ဇွန် ၃

**မောင်တောမြို့၌ ရောက်ရှိနေသည့် ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးညီပုသည် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက် ၈ နာရီတွင် ဘူးသီးတောင်မြို့ ဦးဉတ္တမခန်းမ၌ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖဒေသခံ ပြည်သူများနှင့် တွေ့ဆုံသည်။** (ယာပုံ)




တွေ့ဆုံစဉ် ပြည်နယ်ဝန်ကြီးချုပ် က ရခိုင်ပြည်နယ်အစိုးရ၏ နှစ်နှစ်တာကာလ ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြရန်လာရောက်ရခြင်းဖြစ်ပါကြောင်း၊ ဆောင်ရွက်ချက်များ၊ ဆက်လက်ဆောင်ရွက်မည့်အစီအမံများ၏ အားနည်းချက် အားသာချက်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးအကြံပြုစေလိုပါကြောင်း၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာကိစ္စရပ်များကို အပြုသဘောဆောင်၍ အကြံပြုဆွေးနွေးစေလိုပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထူးအလေးထားဆောင်ရွက်ပေးလျက်ရှိနေပါကြောင်း၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ခြင်း၏ အကျိုးရလဒ်အသီးအပွင့်များကို ဒေသခံပြည်သူများ လက်တွေ့ခံစားနေကြရပြီဖြစ်ပါကြောင်း၊ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဒေသတွင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးမွေးမြူရေး စသည့်အခြေခံ အဆောက်အအုံများ ဖွံ့ဖြိုးရန်လိုအပ်ပါကြောင်း။



တရားဥပဒေစိုးမိုးရေးနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးသည် အရေးကြီးပါကြောင်း၊ အလားတူ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးသည် အဓိကအရေးပါသည့် အခန်းကဏ္ဍတစ်ရပ်ဖြစ်ပါကြောင်း၊ ဒေသတွင်း တည်ငြိမ်အေးချမ်းမှသာ ဒေသဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း။

ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုစနစ် ပီပြင်စွာပေါ်ပေါက်လာစေရန် အစွမ်းကုန်ကြိုးပမ်းအားထုတ်လုပ်ဆောင်ကြရမည်ဖြစ်ပါကြောင်း၊ ထိုသို့လုပ်ဆောင်ကြရာတွင် တစ်ဦးတစ်ယောက်တည်း၊ အဖွဲ့အစည်းတစ်ရပ်တည်းဖြင့် လုပ်ဆောင်၍မရဘဲ အများပြည်သူဝိုင်းဝန်း လုပ်ဆောင်ကြမှသာ အောင်မြင်မည်ဖြစ်ပါကြောင်း၊ တစ်ဦးနှင့်တစ်ဦး တစ်ဖွဲ့နှင့်တစ်ဖွဲ့ အပြန်အလှန်လေးစားမှု၊ ယုံကြည်မှုများဖြင့် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဘူးသီးတောင်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်မင်းထွန်းက မြို့နယ်ဆိုင်ရာအချက်အလက်များ၊ မြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့်အစီအမံများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် ဒေသခံပြည်သူများက ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီး ဗိုလ်မှူးကြီးဖုန်းတင့်၊ ဦးကျော်လွင်၊ ဒေါက်တာချမ်းသာနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဘူးသီးတောင်မြို့နယ် စံဂိုးထောင်ကျေးရွာရှိ သုံးဆယ့်တစ်ဘုံစေတီတော်မြတ်ကြီးသို့ရောက်ရှိပြီး အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။ (ဝဲပုံ)

ထို့နောက် စေတီတော်မွှာရုံ၌ စံဂိုးထောင်ကျေးရွာရှိ ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် ဖုံညိုလိပ်ကျေးရွာ အဝင်လမ်းတည်ဆောက်မည့် အခြေအနေများနှင့် သရက်ပြင်ကျေးရွာမူလတန်းကျောင်းကို ကြည့်ရှုစစ်ဆေးခဲ့သည်။

**သတင်းစဉ်**

# အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲ စစ်တွေ၌ ကျင်းပ

**စစ်တွေ ဇွန် ၃**

၂၀၁၈ ခုနှစ် ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် (၂၁) ကြိမ်မြောက် ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲကို ယနေ့ နံနက် ၈ နာရီက စစ်တွေမြို့ ဦးဉတ္တမခန်းမ၌ကျင်းပရာ ရခိုင်ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ် ဦးကျော်၊ ရခိုင်ပြည်နယ် ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးကျော်အေးသိန်း၊ အမှတ် (၄) လုံခြုံရေးကွပ်ကဲရေးမှူး ရဲမှူးချုပ် မြဝင်း၊ ရခိုင်ပြည်နယ် ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး လင်းထွဋ်၊ အမှတ် (၃) မူးယစ်တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး ညွန့်လွင်၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ တက်ရောက်ကြည့်ရှု အားပေးခဲ့ကြသည်။

အဆိုပါပြိုင်ပွဲကို "အနာဂတ်ပန်းများ ပွင့်လန်းဖို့ မူးယစ်ဆေးဝါး တိုက်ဖျက်စို့"၊ "မူးယစ်ကင်းဝေးကျန်းမာရေး အားကစားနှင့်မြှင့်တင်ပေး"၊ "နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ မူးယစ်ဆေးကို ဆန့်ကျင်စို့"၊ "လူငယ်ဘဝတိုးတက်ဖို့ မူးယစ်အန္တရာယ် ကာကွယ်စို့"၊ "လူသားအရင်းအမြစ် မျိုးဆက်သစ်မူးယစ်မှန်သမျှ တိုက်ဖျက်ပစ်၊ ဦးစွာနားထောင်ပါ" ဟူသည့် ခေါင်းစဉ်ခြောက်မျိုးဖြင့် ကျင်းပခဲ့ပြီး အခြေခံပညာကျောင်းသား၊ ကျောင်းသူ ၁၈၀ နှင့်၊ တက္ကသိုလ်ကျောင်းသား ကျောင်းသူရှစ်ဦးတို့မှ ပြိုင်ပွဲဝင်ကြရာ ပန်းချီပြိုင်ပွဲတွင် ၆၄ ဦး၊ ကာတွန်းပြိုင်ပွဲတွင် ၅၃ ဦး၊ ပိုစတာပြိုင်ပွဲတွင် ၄၃ ဦးနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲတွင် ၂၆ ဦး၊ အလွတ်တန်းကာတွန်းပြိုင်ပွဲတွင်တစ်ဦး နှင့် အလွတ်တန်း ပိုစတာပြိုင်ပွဲတွင် တစ်ဦး စုစုပေါင်း ၁၈၈ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဆုရ ကျောင်းသား ကျောင်းသူများကို ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်တိုက်ဖျက်ရေးနေ့ အခမ်းအနားတွင် ဆုများပေးအပ် ချီးမြှင့်သွားမည်ဖြစ်ကြောင်း ပထမဆု ငွေကျပ်တစ်သိန်း၊ ဒုတိယဆု ငွေကျပ် ခုနစ်သောင်း၊ တတိယဆု ငွေကျပ် ငါးသောင်းနှင့် နှစ်သိမ့်ဆု ငွေကျပ် သုံးသောင်းအား တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ပြည်နယ်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါး အန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့မှ ပြိုင်ပွဲဝင်များအား ခဲ၊ ရောင်စုံဖယောင်း၊ စုတ်တံ၊ ရေဆေး၊ Color Pan၊ ရောင်စုံခဲတံ၊ ပုံဆွဲခဲတံ၊ ပုံဆွဲစက္ကူ၊ Soft Pan စသည့်ပုံဆွဲကိရိယာများကို အခမဲ့ဖြန့်ဝေကြသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**



၂၀၁၈ ခုနှစ် ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် (၂၁) ကြိမ်မြောက် ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲ ကျင်းပစဉ်။

# နံ့သာတောင်ပညာဒါနပရဟိတကျောင်းမှ ယခုနှစ်တွင် ၂၅ ရာခိုင်နှုန်းထိအောင်မြင်

**မောင်တော ဇွန် ၃**

ရခိုင်ပြည်နယ် မောင်တောဒေသ နံ့သာတောင်ပညာဒါနပရဟိတကျောင်းမှ ယခုဖြေဆိုအောင်မြင်ပြီးခဲ့သည့် ၂၀၁၇-၂၀၁၈ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်မြင်သူ ၂၅ ရာခိုင်နှုန်းအထိရှိခဲ့ကြောင်း သိရသည်။

နံ့သာတောင် ပညာဒါနပရဟိတကျောင်းသည် ပြီးခဲ့သည့် ပညာသင်နှစ်အတွင်း အကြမ်းဖက်မှုဖြစ်စဉ်ဖြစ်ပွားခဲ့ခြင်းကြောင့် မောင်တောမြို့ရှိ မြို့မဘုန်းကြီးကျောင်းသို့ ပြောင်းရွှေ့ကာ ပညာသင်ကြားခဲ့ရသည့် ကျောင်းတစ်ကျောင်းဖြစ်သည်။

အဆိုပါ နံ့သာတောင်ပညာဒါနပရဟိတကျောင်းမှ တက္ကသိုလ်ဝင်တန်းဖြေဆိုသူ ၁၁၆ ဦးအထိရှိခဲ့ပြီး အောင်မြင်သူ ၂၇ ဦးရှိခဲ့ကာ နှစ်ဘာသာဂုဏ်ထူးရှင်တစ်ဦး ထွက်ပေါ်ခဲ့ကြောင်း သိရသည်။

ယခုပညာသင်နှစ်တွင်လည်း မောင်တောမြို့ရှိ မြို့မဘုန်းကြီးကျောင်းတွင် ဆက်လက်ပညာသင်ကြားကာ နံ့သာတောင်ကျေးရွာ တည်ဆောက်ပြီးစီးမှသာ မူလပညာသင်ကြားခဲ့သည့် နံ့သာတောင်ပညာဒါန ပရဟိတကျောင်းသို့ ရွှေ့ပြောင်းပညာသင်ကြားမည်ဖြစ်ကြောင်းနှင့် လက်ရှိ ကျောင်းအပ်လက်ခံထားသည့် ကျောင်းသားကျောင်းသူဦးရေ ၂၀၀ ကျော် ရှိသွားပြီဖြစ်ကြောင်းလည်း အဆိုပါကျောင်းမှ ဆရာဦးထွန်းမင်းနိုင်က ပြောကြားသည်။

**နိုင်လင်းကြည်၊ ဇင်ဦး**

# သံတွဲလေဆိပ်လမ်းမကြီးပေါ်တွင် အရှိန်လွန်ကားတိမ်းမှောက် တစ်ဦးသေဆုံး၊ သုံးဦးဒဏ်ရာရ

**ငပလီ ဇွန် ၃**

ရခိုင်ပြည်နယ် ငပလီမြို့ လေဆိပ်သို့သွားသည့်လမ်းပေါ်တွင် ကားတစ်စီး အရှိန်လွန်တိမ်းမှောက်၍ ယာဉ်မောင်းမှာနေရာတွင် သေဆုံးသွားခဲ့ပြီး သုံးဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၁ ရက် ညနေ ၇ နာရီခွဲက ယာဉ်မောင်း ဦးသက်ဦး မောင်းနှင်လာသော SURF အမျိုးအစားယာဉ်သည် သံတွဲမှ သံတွဲလေဆိပ်ဘက်သွား လမ်းမကြီးပေါ်တွင် ယာဉ်အားအရှိန်မထိန်းနိုင်၍ လမ်းဘေးလမ်းလျှောက်လာသူ နှစ်ဦးအား ပွတ်တိုက်ကာ လမ်း၏ညာဘက်ခြမ်း ပလက်ဖောင်းပေါ်သို့ ကျော်တက်ကာ လမ်းဘေး၌ တိမ်းမှောက်သွားခဲ့သဖြင့် ယာဉ်မောင်းမှာ ယာဉ်ပေါ်မှပြုတ်ကျ၍ ပလက်ဖောင်းနှင့် ဦးခေါင်းရိုက်မိပြီး နေရာတွင် သေဆုံးခဲ့ကြောင်း သိရသည်။ ယာဉ်ပေါ်လိုက်ပါလာသူ ရန်နိုင်မော်မှာ ဦးခေါင်းပေါက်ပြဲဒဏ်ရာနှင့် ဝမ်းဗိုက်ပေါက်ပြဲဒဏ်ရာ (စိုးရိမ်ရ)၊ လမ်းဘေးလမ်းလျှောက်လာသူနှစ်ဦးမှာ ထိခိုက်ဒဏ်ရာအနည်းငယ်ရရှိ၍ သံတွဲပြည်သူ့ဆေးရုံသို့ပို့ဆောင်ကာ အတွင်းလူနာအဖြစ် ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# မြိုင်မြို့နယ်၌ မိုးသည်းထန်မှုကြောင့် ချောင်းရေများကျ ပုသိမ်-မုံရွာ လမ်းရေကျော်၍ သွားလာရေးခက်ခဲ

မြိုင် ဇွန် ၃

**မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ်တွင် ဇွန် ၂ ရက် ည ၉ နာရီခန့်ကစ၍ တစ်ညလုံး မိုးများသည်းထန်စွာ ရွာသွန်းခဲ့သဖြင့် မိုးရေချိန် လက်မ ၂ ဒသမ ၆၁ လက်မရှိပြီး ပခုက္ကူ- မုံရွာသွားကားလမ်းပိုင်းရှိ မြိုင်မြို့နယ် လင်းကတောကျေးရွာအနီး ရေကျော်၌ ချောင်းရေများကျ၍ ပြည်သူများနှင့် ယာဉ်များသွားလာရေး အခက်အခဲတွေ့ကြုံကြောင်း သိရသည်။**



အဆိုပါ သွားလာရေး ခက်ခဲနေစဉ် ဇွန် ၃ ရက် နံနက် ၉ နာရီခွဲမှ မွန်းလွဲ ၁ နာရီခွဲအထိ မြိုင်မြို့နယ် မီးသတ်စခန်းမှ သန္နေတပ်ဖွဲ့ဝင် ၁၀ ဦး၊ လင်းကတောနယ်မြေ မီးသတ်စခန်းမှ သန္နေတပ်ဖွဲ့ဝင် လေးဦး၊ အရန်တပ်ဖွဲ့ဝင် ခြောက်ဦးနှင့် လင်းကတော နယ်မြေရဲတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူတို့သည် ခရီးသွားပြည်သူများအား သွားလာရေးခက်ခဲမှုကို ကြိုးတန်း၍ လက်တွဲခေါ်ဆောင်ပို့ပေးခြင်း(**ယာပုံ**) လက်ဆင့်ကမ်း၍ ပစ္စည်းများ သယ်ယူပေးခြင်းဖြင့် ကူညီဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

အလားတူ မြိုင်မြို့နယ်အတွင်းရှိ ပုသိမ်-မုံရွာသွား ကားလမ်းပိုင်း ကြည့်ကန်ကျေးရွာနှင့် လင်းကတောကျေးရွာကြား မိုင်တိုင်အမှတ် ၄၁၂/၄ နှင့် ၄၁၂/၅ ကြားရှိ လမ်းပေါ်သို့ ရေကျော်မှုဖြစ်၍ ရေပွန်အမှတ် ၄၁၇/၁ အခြေမှ ရေတိုက်စားမှုကြောင့် လမ်းကျိုးပေါက်ပျက်စီးသွားရာ ပေ ၂၀ ခန့် ပျက်စီးခဲ့ပြီး ယာဉ်ကြီး၊ ယာဉ်ငယ်များ၊ ဆိုင်ကယ်များနှင့် ခရီးသွား ပြည်သူများ သွားလာရေး အခက်အခဲ ကြုံတွေ့ခဲ့ကြောင်း သိရသည်။

ယင်းလမ်းပြတ်တောက်မှုနှင့် ပတ်သက်၍ ယာဉ်များနှင့် ပြည်သူများ သွားလာနိုင်ရေးအတွက် ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်အုံ့မောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းစိုး၊ ခရိုင်၊ မြို့နယ်လမ်းဦးစီးဌာနမှ တာဝန်ရှိသူများ၊ ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး တင်မြင့်၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝင်များ၊ လမ်းဦးစီးဌာနမှ အငယ်တန်းအင်ဂျင်နီယာနှင့် မြတ်နိုးသူကုမ္ပဏီမှ တာဝန်ရှိသူများ ညှိနှိုင်းပေါင်းစပ်၍ ရေကျချိန် မြန်ဆန်ရေးအတွက် ဆောင်ရွက်ခြင်း၊ ရေကျပြီးပါက လမ်းအမြန်ပြုပြင်ရန် စီမံဆောင်ရွက်ခြင်း၊ လမ်းပျက်စီးချိန်တွင် မြိုင် - မုံရွာသွား ယာဉ်များကို မြိုင်-ပုသိမ်-မုံရွာ လမ်းပေါ်ရှိ ကြည့်ကန်ကျေးရွာမှ ထွန်းမြတ်ရတနာလမ်းအတိုင်း လက်ယက်မ-ထုံးမ-ဖျာသီးကျေးရွာလမ်းမသို့ မောင်းနှင်ရန်နှင့် ယာဉ်ကြီးများအတွက် လင်းကတော-ရေစကြို-ပခုက္ကူလမ်းမှတစ်ဆင့် ပုသိမ်-မုံရွာလမ်းသို့ မောင်းနှင်ရန် စီစဉ်ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

ထို့နောက် မွန်းလွဲ ၂ နာရီခွဲမှစ၍ ၃ နာရီခွဲအထိ ယင်းလမ်းပျက်စီးမှုကို မြတ်နိုးသူကုမ္ပဏီမှ ကျောက်တင်ယာဉ်ကြီး လေးစီး၊ ဘက်ဟိုးယာဉ်တစ်စီးဖြင့် ကျောက်ကြီး၊ ကျောက်သေးများကို ကျိုးပဲ့ ပျက်စီးသည့်နေရာသို့ အမြန်ဆုံး ကျောက်များချပြီး ခင်းပေးကြရာ ယခုအခါ ယာဉ်ငယ်များ၊ ဆိုင်ကယ်များနှင့်ပြည်သူများ သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

**အောင်ကျော်မြင့်**



# မင်းလှ၌ မိုးရွာသွန်းမှုကြောင့် ချောင်းရေကျော်တစ်ခုတိုက်စားခံရပြီး လူတစ်ဦးရေမျောပျောက်ဆုံး

**မင်းလှ ဇွန် ၃**



သရက်ခရိုင် မင်းလှမြို့နယ်တွင် ဇွန် ၂ ရက် ညပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ချောင်းရေကျော်တစ်ခုတိုက်စားခံရပြီး ချောင်းရေမျောပါ၍ လူတစ်ဦးပျောက်ဆုံးလျက်ရှိသည်။

မင်းလှမြို့နယ် လင်းကယ်ကျေးရွာအဝင် မိုးသည်းထန်စွာ ရွာသွန်းပြီး ချောင်းရေတိုက်စားသဖြင့် ရွာအဝင်လမ်းမှ အရှည် ပေ ၆၀၊ အကျယ် ခြောက်ပေနှင့် ရွာအထွက်လမ်းမှ အရှည် ၁၂ ပေ၊ အကျယ် ခြောက်ပေ ကလိုဏ်ပေါက်ဖြစ်သွားခဲ့ပြီး တန်ဖိုး ၁ ဒသမ ၅ သိန်းခန့် ဆုံးရှုံးသွားသည်။

အလားတူ မင်းလှမြို့နယ် ညောင်ပင်ကျင်းကျေးရွာနေ ဦးသိန်းဦးနှင့် သမက်ဖြစ်သူ ဦးဟိန်းမင်းထက်တို့သည် ဇွန် ၂ ရက် ည ၇ နာရီခွဲက သက္ကယ်ကျင်းရွာမှ ညောင်ပင်ကျင်းရွာသို့ ခြေကျင်ဖြတ်လမ်းမှ ပြန်လာရာ ခွေးလင်ဗန်းချောင်း ဖြတ်ကူးစဉ် ချောင်းရေနှင့်အတူ နှစ်ဦးစလုံးမျောပါသွားသဖြင့် လိုက်လံရှာဖွေခဲ့ရာ ဇွန် ၃ ရက် နံနက် ၈ နာရီခွဲတွင် ဦးဟိန်းမင်းထက်အား အသက်ရှင်လျက် ပြန်လည်ရှာဖွေတွေ့ရှိခဲ့ပြီး ဦးသိန်းဦးအား လိုက်လံရှာဖွေလျက်ရှိကြောင်း သိရသည်။

**ကိုသက်(အထက်မင်းလှ)**

# ဖားကန့်တွင် မိုးကြိုးထိမှန် သေဆုံးမှုဖြစ်

**ဖားကန့် ဇွန် ၃**

ဖားကန့်မြို့နယ် ဟောင်ပါးကျေးရွာအုပ်စု နမ့်ရေတောင်ကျေးရွာ၏ တောစပ်အနီး ရဲစခန်း အနောက်တောင်ဘက် နှစ်မိုင်ခန့်အကွာတွင် မေ ၃၁ ရက်က တောင်ယာတဲအတွင်း မိုးရွာသဖြင့် မိုးခိုနေကြသော ဦးခင်မောင်ဝင်း (၅၀ နှစ်) တောင်သူ နမ့်ရေတောင် ကျေးရွာ၊ ဦးကျော်သူထွန်း(၂၄ နှစ်) တောင်သူ နမ့်ရေတောင်ကျေးရွာ၊ ဦးညဏ်ထွန်း (၃၀နှစ်) တောင်သူ နမ့်ရေတောင်ကျေးရွာ၊ စိုင်းသူရဇော် (၁၉နှစ်) တောင်သူ ရပ်ကွက် ၇ တာမခန်ကျေးရွာနေသူတို့ လေးဦးအား မိုးကြိုးလျှပ်စီးစက်ကွင်းမိပြီး ဦးခင်မောင်ဝင်းမှာ အခင်းဖြစ်နေရာတွင်ပင် သေဆုံးကာ ကျန်သုံးဦးမှာ အကြောကျင်ဒဏ်ရာများရရှိခဲ့သဖြင့် တာမခန်တိုက်နယ်ဆေးရုံတွင် ဆေးကုသမှုခံယူလျက်ရှိပြီး သေဆုံးသူ ဦးခင်မောင်ဝင်းအား တာမခန်တိုက်နယ်ဆေးရုံ ရင်ခွဲရုံသို့ ပို့ဆောင်ထားကြောင်း သိရသည်။

**စိုးနိုင်ဦး(ဖားကန့်)**

# နေအိမ်အဟောင်းတစ်လုံး မီးလောင်မှုဖြစ်ပွား

**ကသာ ဇွန် ၃**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့မှ အရှေ့တောင်ဘက် ၁၄ မိုင်ခန့်ကွာဝေးသော မောင်းကုန်းအုပ်စု မောင်းကုန်းကျေးရွာတွင် ဇွန် ၃ ရက်က လူမနေသည့် နေအိမ်ဟောင်းတွင် နံနက် ၅ နာရီက မီးလောင်မှုဖြစ်ပွားပြီး အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကျေးရွာသူ ၊ ကျေးရွာသားများ မီးငြိမ်းသတ်ယာဉ်တစ်စီးဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ မီးငြိမ်းသွားကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုဖြစ်စဉ်အား မြို့နယ်မီးသတ်ဦးစီးမှူး ဦးဖြိုးညွန့်မောင်ဦးစီးပြီး မောင်းကုန်းရဲစခန်းမှူး ရဲအုပ်စိုးလွင်နှင့် အရန်မီးသတ်တပ်ခွဲမှူး ဦးသန်းငွေတို့က စစ်ဆေးခဲ့ရာ လူတစ်ဦးက မီးရှို့သွားကြောင်း ယူဆရသဖြင့် စုံစမ်းစစ်ဆေးဆဲဖြစ်ကြောင်းနှင့် ထီးချိုင့်မြို့မရဲစခန်းက အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဟန်မျိုးကျော် (ပြန်/ဆက်)**

# ဖားကန့်တွင် အိန္ဒိယနိုင်ငံသားနှစ်ဦး ဖမ်းမိ

**ဖားကန့် ဇွန် ၃**

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့နယ် တာမခန်ကျေးရွာတွင် အိန္ဒိယနိုင်ငံသားနှစ်ဦး ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၃၁ ရက် နံနက် ၁၀ နာရီခွဲခန့်က ဖားကန့်မြို့နယ် တာမခန်ကျေးရွာ နန့်လိုင်းဆိုင်ဘုရားလမ်းပေါ်၌ မသင်္ကာဖွယ် အသက် ၂၀ ခန့် လူနှစ်ဦးတွေ့ရှိ၍ ဘုန်းကြီးမော်ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးကျော်သန်းနှင့် ကိုမောင်စံလှတို့က မေးမြန်းရာ ဘာသာစကား နားမလည်၍ တာမခန် နယ်မြေရဲစခန်းသို့ ၎င်းတို့နှစ်ဦးအား ပို့ဆောင်ခဲ့သည်။

နယ်မြေရဲစခန်းမှ တာဝန်ကျတာဝန်မှူး ရဲအုပ်ညီညီထွန်းက လက်ခံစစ်ဆေးရာ ဘာသာစကား အခက်အခဲရှိသဖြင့် မြို့နယ်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနရုံးသို့ ယာယီစခန်းမှူး ရဲအုပ်မြင့်သိန်းထွန်းက တာဝန်ယူပို့ဆောင်ပေးခဲ့သည်။ ၎င်းတို့အား လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ ဆက်လက်စစ်ဆေးရာ အသက် ၂၀ အရွယ်ခန့်ရှိ အိန္ဒိယနိုင်ငံသားများဖြစ်ကြောင်း၊ အထောက်အထား တစ်စုံတစ်ရာမပါရှိဘဲ တမူးမြို့ဘက်မှ ခန္တီးလမ်းအတိုင်း ဘုန်းကြီးမော် နန့်စမ်းကျေးရွာများကို ဖြတ်ကျော်လာ၍ ငါးညအိပ်ခရီး ခြေကျင်လျှောက်ခဲ့ကြောင်း ကနဦး စစ်ဆေးသိရှိရသည်။

၎င်းတို့နှစ်ဦးအား စစ်ဆေးရာ ဘာသာစကား အခက်အခဲကြောင့် အသေးစိတ်စစ်ဆေးနိုင်ခြင်းမရှိ၍ လူဝင်မှုကြီးကြပ်ရေး ဦးစီးမှူး ဦးဝင်းမြင့်က အထောက်အထား တစ်စုံတစ်ရာမရှိဘဲ နိုင်ငံဖြတ်ကျော် ဝင်ရောက်လာသူနှစ်ဦးအား လူဝင်မှုကြီးကြပ်ရေးဥပဒေများဖြင့် အရေးယူနိုင်ရေး ဆက်လက်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**စိုးနိုင်ဦး(ဖားကန့်)**



**ဖမ်းဆီးရမိ အိန္ဒိယနိုင်ငံသားနှစ်ဦး။**

# သပိတ်ကျင်းမြို့နယ် ရွှေရတနာဈေးအတွင်း မီးလောင်

**သပိတ်ကျင်း ဇွန် ၃**

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် ဇရပ်ကွင်းကျေးရွာ ရွှေရတနာဈေးတွင် ဇွန် ၂ ရက် ည ၁၀ နာရီ မိနစ် ၂၀ က ဈေးရုံအမှတ် (B/8) ဆိုင်ခန်းအမှတ် ၃၊ ၄ ၊ ကုန်စုံပစ္စည်းရောင်းသည့်ဆိုင်ရှင် ဦးအောင်ဇင်ဦး၏ ဆိုင်ခန်း၌ သွယ်တန်းထားသော လျှပ်စစ်ဝိုင်ယာကြိုးများ အပူလွန်ကဲရာမှ မီးစတင်လောင်ခဲ့သဖြင့် သပိတ်ကျင်းမြို့နယ် မီးသတ်ဦးစီးဌာနနှင့် စဥ့်ကူးမြို့နယ် မီးသတ်ဦးစီးဌာနတို့မှ မီးသတ်ယာဉ် ၁၂ စီးတို့ဖြင့် ဒေသခံပြည်သူများ ပူးပေါင်းမှုဖြင့် ဝိုင်းဝန်းငြိမ်းသတ်နိုင်ခဲ့သည်။

မီးလောင်မှုကြောင့် ဈေးရုံ ၁၃ ရုံ၊ ဆိုင်ခန်းပေါင်း ၅၂ ခန်း မီးလောင်ပျက်စီးခဲ့ပြီး လူနှင့်တိရစ္ဆာန်များ ထိခိုက်သေဆုံးမှု၊ မီးစတင်လောင်ခဲ့သည့် ဆိုင်ပိုင်ရှင် ဦးအောင်ဇင်ဦးအား သပိတ်ကျင်းမြို့နယ်ရဲစခန်းက စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**စိုးနိုင်ဝင်း ( သပိတ်ကျင်း)**

# မန္တလေးမြို့၌ ကမ္ဘာ့စက်ဘီးနေ့ အထိမ်းအမှတ်လူထုစုပေါင်းစက်ဘီးစီးပွဲ ပြည်သူ ၉၀၀ ကျော် ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲ

မန္တလေး ဇွန် ၃

**မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ညွှန်ကြားမှုဖြင့် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်နှင့် မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနတို့က ကြီးမှူးပြီး ကမ္ဘာ့ကုလသမဂ္ဂမှ သတ်မှတ်လိုက်သည့် ဇွန် ၃ရက်တွင် ကျရောက်သော (World Bicycle Day) ကမ္ဘာ့စက်ဘီးနေ့ပွဲအထိမ်းအမှတ်အဖြစ် လူထုစုပေါင်းစက်ဘီးစီးပွဲကို ဇွန် ၃ ရက်က မန္တလေးမြို့ ကျုံးတောင်ဘက် ၂၆လမ်းရှိ မြို့တော်စည်ပင်ရုံးရှေ့ စုရပ်နေရာ၌ ပြုလုပ်ခဲ့သည်။**



မန္တလေးတိုင်းဒေသကြီးဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင် ဦးဆောင်၍ လွှတ်တော်ကိုယ်စားလှယ်များ၊ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက် စက်ဘီးစီးကလပ်အသင်းများမှ စက်ဘီးစီး အားကစားသမားများ၊ လူမှုရေး ဘာသာရေးအသင်းအဖွဲ့များ၊ အားကာသိပ္ပံမှ စက်ဘီးသမားများ၊ အခြေခံပညာနှင့် ကိုယ်ပိုင်အထက်တန်းကျောင်း၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းတို့မှ ကျောင်းသား ကျောင်းသူများနှင့် စက်ဘီးစီး အားကစားဝါသနာရှင်ပြည်သူများသည် ကမ္ဘာ့စက်ဘီးနေ့ပွဲ အထိမ်းအမှတ် တီရှပ်များဝတ်စင်၍ အ.ထ.က ၁၆ ဘင်ခရာ အဖွဲ့ဝင်များနှင့်အတူ စက်ဘီးစီးနင်းပွဲကို ပါဝင်ဆင်နွှဲခဲ့ကြသည်။

ရှေးဦးစွာ ကမ္ဘာ့စက်ဘီးစီးနင်းပွဲနေ့ အထိမ်းအမှတ်အခမ်း အနားကို မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးနိုင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်အောင်မိုးနှင့် အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ကမ္ဘာ့စက်ဘီးနေ့လူထုစုပေါင်း စက်ဘီးစီးနင်းပွဲအား မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝေဇင်က အချက်ပြသေနတ်ပစ်ဖောက်၍ တာလွှတ်ပေးလိုက်သည်နှင့် တစ်ပြိုင်နက်ဌာနဆိုင်ရာများ အပါအဝင် စက်ဘီးစီးအားကစားသမားဝါသနာရှင်သက်ကြီး၊ သက်လတ်၊ လူငယ်ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများ စုစုပေါင်း ၉၀၀ ကျော်တို့သည် စုရပ်နေရာမှ စတင်၍ တောင်ဘက် ၂၆ လမ်းအတိုင်းလမ်း ၈၀၊ ၁၂ လမ်း ၆၆ လမ်း အတိုင်း ၂၆ လမ်းသို့၊ ထိုမှ ကျုံးတောင်ဘက်လမ်းအတိုင်း ကျုံးတစ်ပတ်စီးနင်း၍ တာလွှတ်စုရပ်နေရာသို့ စုပေါင်းစက်ဘီး စီးနင်းကာ ပျော်ရွှင်စွာဆင်နွှဲ ပန်းဝင်ရောက်ရှိလာကြပြီး ကိုယ်လက်လှုပ်ရှားကြံ့ခိုင်မှုလေ့ကျင့်ခန်းများ ပြုလုပ်ကြသည်။

ယင်းစက်ဘီးစီးအားကစားဝါသနာရှင် ပြည်သူများအား စေတနာရှင်များက 100 PLUS အားဖြည့် အချိုရည်ဘူးများ ပေးဝေခဲ့ကြကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလားအသက်(၂၅)နှစ်အောက် မြို့နယ်ပေါင်းစုံ စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဆုပေးပွဲကျင်းပ

**မုံရွာ ဇွန် ၃**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ တိုင်းဒေသကြီး အားကစားကွင်းအတွင်းရှိ မိုးလုံလေလုံအားကစားရုံ၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလားအသက်(၂၅)နှစ်အောက် စားပွဲတင်တင်းနစ်အားကစားဆုပေးပွဲကို ဇွန် ၃ ရက် နံနက် ၁၁ နာရီခွဲက ကျင်းပရာ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်းနှင့် ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါ်မွှေးမွှေးခင်တို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

အခမ်းအနားတွင် အသက်(၂၅)နှစ်အောက် အမျိုးသားစားပွဲတင်တင်းနစ်ပြိုင်ပွဲနောက်ဆုံးဗိုလ်လုပွဲအဖြစ် စစ်ကိုင်းမြို့နယ်ကိုယ်စားပြုအသင်းနှင့် ကလေးဝမြို့နယ်ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားရာ စစ်ကိုင်းမြို့နယ်အသင်းက အနိုင်ရဗိုလ်စွဲခဲ့ပြီး ဆုပေးပွဲကို ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။




အမျိုးသမီးပြိုင်ပွဲ ဆုပေးပွဲတွင် ဆုရအသင်းများကို တစ်ဦးချင်း ဆုတံဆိပ်များ၊ တံခွန်စိုက်ဆုဖလားများနှင့် အမျိုးသားပြိုင်ပွဲ ဆုရအသင်းများမှ တစ်ဦးချင်းဆုတံဆိပ်များကို ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးနှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များက လည်းကောင်း၊ အမျိုးသားနှင့်အမျိုးသမီးအသင်းများ၏ တံခွန်စိုက်ဆုဖလားများကို တိုင်းဒေသကြီး လူမှုရေးဝန်ကြီးက လည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

၂၀၁၈ ခုနှစ် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား အသက်(၂၅) နှစ်အောက် စားပွဲတင်တင်းနစ်ပြိုင်ပွဲသို့ တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ အမျိုးသားပြိုင်ပွဲဝင် ၂၈ သင်းနှင့် အမျိုးသမီးပြိုင်ပွဲဝင် အသင်း ငါးသင်းတို့ဖြင့် မိုးလုံလေလုံ အားကစားရုံကြီးအတွင်း ဇွန် ၁ရက်မှ ၃ ရက်အထိ သုံးရက်ကြာ ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

❐*ကျော်ဖုံးမှ*

အင်ဒိုနီးရှားအသင်း၏ ကမ်းလှမ်းမှုအရ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ဇွန်လနောက်ဆုံးပတ်တွင် ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။

**ခြေစမ်းပွဲယှဉ်ပြိုင်ကစားမည်**

မြန်မာအမျိုးသမီးအသင်းသည် ပြည်တွင်းခြေစမ်းခရီးစဉ်အပြီးတွင် ကစားသမားနှစ်ဦးလျှော့ချခဲ့ပြီး ပဏာမကစားသမား ၂၄ ဦးဖြင့် ဆက်လက်လေ့ကျင့်လျက်ရှိသည်။ မြန်မာအမျိုးသမီးအသင်းသည် ပြိုင်ပွဲအတွက် အပြီးသတ်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိပြီး ဇွန် ၂ ရက်တွင် နွေရာသီဘောလုံးသင်တန်းနည်းပြဆရာများအသင်းနှင့် ခြေစမ်းပွဲယှဉ်ပြိုင်ကစားရာ ခြောက်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ မြန်မာအမျိုးသမီးအသင်းသည် ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ဇွန် ၁၁ ရက်မှ ၁၇ ရက်အထိ ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ သွားရောက်လေ့ကျင့်မည်ဖြစ်ပြီး ဇွန် ၁၂ရက်နှင့် ၁၆ ရက်တို့တွင် ထိုင်းလက်ရွေးစင်အမျိုးသမီးအသင်း၊ ဇွန် ၁၄ ရက်တွင် ထိုင်းကလပ်အမျိုးသမီးအသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် ထိုင်းခြေစမ်းခရီးစဉ်တွင် အပြီးသတ်ကစားသမား ၂၃ ဦး ရွေးချယ်မည်ဖြစ်ပြီး ပြိုင်ပွဲမတိုင်မီ ကြိုတင်သွားရောက်ကာ အင်ဒိုနီးရှားအမျိုးသမီးအသင်းနှင့် ခြေစမ်းပွဲယှဉ်ပြိုင်ကစားမည် ဖြစ်သည်။

**ပါဝင်သူများ**

လက်ရှိလေ့ကျင့်နေသည့် မြန်မာအမျိုးသမီးအသင်းတွင် နည်းပြချုပ်အဖြစ် ဦးဝင်းသူမိုး၊ လက်ထောက်နည်းပြအဖြစ် ဦးခင်မောင်ထွေး၊ ဦးစထက်နိုင်ဝင်း၊ ဒေါ်ဇင်မာဝမ်း၊ ဂိုးနည်းပြအဖြစ် ဦးမြတ်ကိုမင်း၊ ကစားသမားများအဖြစ် ဂိုး-မေဇင်နွယ်၊ ဇာဇာမြင့်၊ သင်းသင်းစိုး၊ နောက်တန်း- အေးအေးမိုး၊ အိရတနာဖြိုး၊ ဇင်မာဝင်း၊ ဝေဝေအောင်၊ ခင်သန်းဝေ၊ ခင်မျိုးဝင်း၊ ငယ်ငယ်ထွေး၊ ယမင်းလွင်၊အလယ်တန်း- ခင်မိုးဝေ၊ နုနု၊ ခင်မာလာထွန်း၊ ခင်မိုမိုထွန်း၊ သန်းသန်းထွေး၊ သန္တာမိုး၊ နော်အားလိုဝါးဖော၊ နီလာမြင့်၊ သင်းသင်းယု၊ ရှေ့တန်း-နီလာဝင်း၊ ရီရီဦး၊ ဝင်းသိင်္ဂီထွန်းနှင့် ဂျူလိုင်ကျော်တို့ ပါဝင်ကြသည်။

**သတင်း-ညီမြတ်သော်တာ**

## ကမ္ဘာ့စက်ဘီးနေ့အထိမ်းအမှတ် လူထုစက်ဘီးစီးနင်းပွဲ ဘားအံမြို့၌ ပြုလုပ်

**ဘားအံ ဇွန် ၃**

ဘားအံမြို့၌ ကမ္ဘာ့စက်ဘီးနေ့ကို ကရင်ပြည်နယ်အစိုးရအဖွဲ့၏ ညွှန်ကြားမှုဖြင့် ကရင်ပြည်နယ်အားကစားနှင့်ကာယ ပညာဦးစီးဌာနနှင့်မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်တို့ပူးပေါင်းကာ ဇွန် ၃ ရက် နံနက် ၆ နာရီက ကျင်းပရာ ဘားအံသီရိကွင်းမှစတင်ကာ တာလွှတ်ပြီး ဘားအံမြို့နာရီစင်တွင် ပန်းဝင်ခဲ့ကြောင်း သိရသည်။

ကမ္ဘာ့စက်ဘီးနေ့ လူထုစုပေါင်းစက်ဘီးစီးနင်းပွဲတော်တွင် ဘားအံမြို့ရှိ Rider Club စက်ဘီးအဖွဲ့မှ ဦးဆောင်ကာ ဘားအံမြို့အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ၊ ဘားအံမြို့ပေါ်ရပ်ကွက်များမှ စက်ဘီးစီးဝါသနာရှင်များ စုစုပေါင်း ၁၅၀ ပါဝင်စဉ်နွှဲကြရာ ကရင်ပြည်နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ ပြည်နယ်ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဦးတေဇထွဋ်လှိုင်ထွေးကဘားအံသီရိကွင်းမှ စတင်ကာသေနပ်ပစ်ဖောက် တာလွှတ်ပေးသည်။

အဆိုပါ လူထုစုပေါင်းစက်ဘီးစီနင်းပွဲတော်ကို စက်ဘီးစီးနင်းအားကစားအတွက် အထောက်အကူပြုစေခြင်း၊ ကျန်းမာကြံ့ခိုင်စေရေးအတွက် အထောက်အကူဖြစ်စေခြင်းအတွက် လည်းကောင်းရည်ရွယ်၍ ပြုလုပ်ခြင်းလည်းဖြစ်ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

## ကမ္ဘာ့စက်ဘီးနေ့အထိမ်းအမှတ် လူထုစုပေါင်း စက်ဘီးစီးနင်းပွဲ ကျင်းပ

**နေပြည်တော် ဇွန် ၃**

၂၀၁၈ ခုနှစ် ကမ္ဘာ့စက်ဘီးနေ့အထိမ်းအမှတ် လူထုစုပေါင်း စက်ဘီးစီးနင်းပွဲကို အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံစက်ဘီးစီး အဖွဲ့ချုပ်တို့ ပူးပေါင်းကာ ဇွန် ၃ ရက်က ပြည်ထောင်စုနယ်မြေ ပေါင်းလောင်းအားကစားကွင်းရှေ့၌ ကျင်းပရာ နေပြည်တော်ကောင်စီမှ ဗိုလ်မှူးကြီး မင်းနောင်က သေနတ်ပစ်ဖောက် တာလွှတ်ပေးခဲ့ကြောင်း သိရသည်။

စက်ဘီးအားကစားနည်းကို ပြည်သူလူထု တစ်ရပ်လုံး စိတ်ပါဝင်စားလာစေရန်၊ စက်ဘီးစီးခြင်းဖြင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်လာစေရန်နှင့် မျိုးဆက်သစ်စက်ဘီး အားကစားသမားများ ထွက်ပေါ်လာစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

အဆိုပါ စက်ဘီးစီးနင်းပွဲ ပါဝင်သူများသည် ပေါင်းလောင်းအားကစားကွင်းရှေ့မှ ပန်းခင်းလမ်း- ရထားသံလမ်း - ရာဇဌာနီလမ်းမှတစ်ဆင့် ပေါင်းလောင်းအားကစားကွင်းသို့ ပန်းဝင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

●*ကျော်ဖုံးမှ*

Southern အသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး ၁၃ မိနစ်တွင် အောင်မိုး၏ ဖန်တီးပေးမှုမှတစ်ဆင့် ထူးထူးအောင်က အဖွင့်ဂိုးသွင်းယူခဲ့သည်။ ၁၅ မိနစ်တွင် ဖွန်ဆီကာ၏ ကန်ချက် ဘားတန်းထိခဲ့၍ ဇွဲကပင်အသင်း နစ်နာခဲ့ရပြီး ပွဲကိုထိန်းချုပ်ထားသည့် Southern အသင်းက ၂၉ မိနစ်တွင် ဂိုးထပ်ရခဲ့ကာ ကောင်းစည်သူက သွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် ဇွဲကပင်အသင်း ချေပဂိုးရရန် ကြိုးပမ်းလာပြီး ၅၇ မိနစ်တွင် ဖွန်ဆီကာက ပယ်နယ်တီမှတစ်ဆင့် ဂိုးပြန်သွင်းခဲ့သည်။ ဇွဲကပင်အသင်းသည် ချေပဂိုးထပ်ရရန် ကြိုးပမ်းခဲ့သော်လည်း Southern အသင်းအတွက် အနိုင်သေချာစေမည့် တတိယဂိုးကို ၆၅ မိနစ်တွင် ကောင်းစည်သူက သွင်းယူခဲ့သည်။

မုံရွာကွင်း၌ ကျင်းပသည့်ပွဲတွင် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းက စစ်ကိုင်းအသင်းကို နှစ်ဂိုးပြတ် အနိုင်ရခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် ဒုတိယအကျော့တွင် နှစ်ပွဲဆက် အနိုင်ရခဲ့ပြီး ထိပ်ဆုံးမှ ရန်ကုန်အသင်းကို ငါးမှတ်အကွာဖြင့် ဆက်လက်ဖိအားပေးလျက်ရှိသည်။ ရှမ်းယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးများကို ၅ မိနစ်တွင် ခရစ္စတိုဖာ၊ မိနစ် ၅၀ တွင် ရန်နိုင်ဦးတို့က သွင်းယူခဲ့သည်။ ပုသိမ်ကွင်း၌ ကျင်းပသည့်ပွဲတွင် ရောဝတီနှင့် GFA အသင်း တစ်ဂိုးစီ သရေကျခဲ့သည်။ ၃၇ မိနစ်တွင် အီဖာက GFA အတွက် ဂိုးစတင်သွင်းယူခဲ့သော်လည်း မိနစ် ၈၀ တွင် ရန်ပိုင်စိုးက ရောဝတီအတွက် ချေပဂိုး ပြန်သွင်းခဲ့သည်။

ပွဲစဉ်(၁၄)အပြီးတွင် ရန်ကုန်အသင်းက ၁၃ ပွဲကစား ၃၂ မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေပြီး ရှမ်းယူနိုက်တက်အသင်းက ၁၃ ပွဲကစား ၂၇ မှတ်၊ မကွေးအသင်းက ၁၃ ပွဲကစား ၂၄ မှတ်၊ ရတနာပုံအသင်းက ၁၃ ပွဲကစား ၂၃ မှတ်၊ ဟံသာဝတီအသင်းက ၁၃ ပွဲကစား ၂၁ မှတ်၊ ရခိုင်အသင်းက ၁၄ ပွဲကစား အမှတ် ၂၀၊ Southern အသင်းက ၁၄ ပွဲကစား ၁၉ မှတ်၊ ဇွဲကပင်အသင်းက ၁၃ ပွဲကစား ၁၇ မှတ်၊ ရောဝတီအသင်းက ၁၃ ပွဲကစား ၁၆ မှတ်၊ စစ်ကိုင်းအသင်းက ၁၄ ပွဲကစား ၁၁ မှတ်၊ GFA အသင်းက ၁၄ ပွဲကစား ၁၀ မှတ်၊ မြဝတီအသင်းက ၁၃ ပွဲကစား နှစ်မှတ်ရထားသည်။

**သတင်း-ညီမြတ်သော်တာ**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် ဇွန် ၃** - မှတ်သားဖွယ်ရာမိုးရေချိန်များမှာ မိုးကုတ်မြို့တွင် ၃ ဒသမ ၃၄ လက်မ၊ ထီးလင်းမြို့တွင် ၃ ဒသမ ၃၁ လက်မ၊ မုံရွာ(ကြေးမုံ)တွင် ၃ ဒသမ ၂၃ လက်မ၊ ကသာမြို့တွင် ၂ ဒသမ ၄၀ လက်မ၊ မုံရွာမြို့တွင် ၂ ဒသမ ၃၆ လက်မ၊ မင်းကင်းမြို့တွင် ၂ ဒသမ ၂၄ လက်မ၊ ကျောက်ပန်းတောင်းမြို့တွင် ၂ ဒသမ ၁၆ လက်မ၊ ရေဦးမြို့၊ ရမည်းသင်းမြို့နှင့် သရက်မြို့တို့တွင် ၁ ဒသမ ၉၇ လက်မစီ၊ အောင်လံမြို့တွင် ၁ ဒသမ ၉၃ လက်မ၊ မတူပီမြို့နှင့် မြိတ်မြို့တို့တွင် ၁ ဒသမ ၈၆ လက်မစီတို့ဖြစ်ကြသည်။

**မိုး/ဇလ**

# မြန်မာ့ရုပ်မြင်သံကြား

၄ -၆- ၂၀၁၈ (တနင်္လာနေ့)

**နံနက်ပိုင်း**

- ၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၇း၃၅ - MRTV Travelogue
- ၉း၃၅ - ရတနာအလား ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်များ "Angkon Throm" (Combodia)
- ၉း၄၅ - ကျန်းမာရေးမဂ္ဂဇင်း "အရေးပေါ်ဆီးချို၊ သွေးချိုတက်လျှင်ဘယ်လို ကုသရမလဲ"(အပိုင်း-၂)
- ၁၀း၃၀ - စိုက်ပျိုးရေးရာ အဖြေရှာ "2018 မျိုးစေ့ပြပွဲ"
- ၁၁း၃၅ - မြန်မာ့ ရုပ်မြင်သံကြား လူငယ်အစီအစဉ်
- ၁၂း၄၅ - "မဆုံးနိုင်သော ချစ်ခြင်းမေတ္တာ"
- ၁၄း၀၀ - Tasty Trip
- ၁၅း၀၀ - နိုင်ငံခြားဇာတ်လမ်းတွဲ "မကြွေတဲ့ နှင်းဆီ" (အပိုင်း- ၃၃)

**ညပိုင်း**

- ၁၆း၃၀ - အဝေးသင် တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ဒုတိယနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
- ၁၆း၅၀ - "သံစဉ်ငြိမ်းချမ်း ချင်းရိုးရာ တေးသွား"
- ၁၇း၀၅ - This Week's special Interest
- ၁၇း၃၅ - Yes or No Talk Show
- ၁၈း၂၀ - Football Magazine
- ၁၈း၃၅ - ဥပဒေရေးရာ အဖြာဖြာ "၁၉၄၀ ပြည့်နှစ်၊ လာဘ်ပေးလာဘ်ယူ အဂတိလိုက်စားမှု စုံစမ်းရေးကော်မတီ၏ အစီရင်ခံစာအကြောင်း သိကောင်းစရာ" (အပိုင်း-၂) [ဦးဟန်ညွန့် ( ဥပဒေ၊ တရားလွှတ်တော် ရှေ့နေနှင့် နိုတြီပဗ္ဗလစ်) (ဒါရိုက်တာ-ဝေဠု(ဝသန်)]
- ၁၉း၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ "မဟာကာလီ" (အပိုင်း-၁၃)
- ၂၀း၀၀ - ပြည်တွင်းသတင်း၊နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀း၃၅ - မျက်မှောက်ရေးရာ သုံးသပ်စရာ
- \- နိုင်ငံခြားဇာတ်လမ်းတွဲ "မျဉ်းဖြောင့်တစ်ကြောင်းရဲ့ မှတ်တမ်း"(အပိုင်း-၁၈)

# မဂ်လာဒုံနှင့် ထန်းတပင်မြို့နယ်တို့တွင် နိုင်ငံခြားဖြစ်အရက်တုများ ပြုလုပ်ရောင်းချသူများကို ဖမ်းဆီးရမိ

ရန်ကုန် ဇွန် ၃

**မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်မြို့နှင့် ထန်းတပင်မြို့နယ်တို့တွင် နိုင်ငံခြားဖြစ် အရက်တုမျိုးစုံပြုလုပ်ကာ သိုလှောင်ရောင်းချသူများကို ဖမ်းဆီးရမိခဲ့ပြီး အမှုဖွင့်အရေး ယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။**



အောင်စိုး၊ မျိုးတင့်၊ မျိုးမြင့်ခိုင် နှင့် သက်သေခံပစ္စည်းများ

မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံး၊ မှုခင်းနှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များသည် ဇွန် ၁ ရက် မွန်းလွဲ ၁ နာရီက ထန်းတပင်မြို့နယ် ပေါက်တန်းကျေးရွာ ကွက်သစ်နေသူများဖြစ်သည့် အောင်စိုး (၂၅)နှစ်နှင့် မျိုးတင့် (၁၉) နှစ်တို့၏ နေအိမ်တွင် နိုင်ငံခြားဖြစ်အရက်များ အတုပြုလုပ်ကာ သိုလှောင်ရောင်းချနေကြောင်း သတင်းအရ သက်သေများနှင့် သွားရောက်ရှာဖွေခဲ့ရာ Glan Master တံဆိပ် အရက်ဖာ လေးဖာ၊ Black Label တံဆိပ်အရက်ဖာ နှစ်ဖာ၊ Ballantines တံဆိပ်အရက်ဖာ တစ်ဖာ၊ Red Label တံဆိပ်အရက်ဖာ နှစ်ဖာ၊ kingdon တံဆိပ် အရက်ဖာ ခြောက်ဖာ၊ ပုလင်းခွံ၊ ပုလင်းအဖုံးခွံများနှင့် အရက်ရောစပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့ ညနေ ၄ နာရီခွဲတွင် မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များသည် မင်္ဂလာဒုံမြို့နယ် ထောက်ကြန့် မြသီတာရပ်ကွက်ရှိ မျိုးမြင့်ခိုင်(ခ)ကိုမျိုး (၃၆)နှစ်၏ နေအိမ်တွင် နိုင်ငံခြားဖြစ် အရက်မျိုးစုံ အတုပြုလုပ်ကာ သိုလှောင်ရောင်းချနေကြောင်း သတင်းအရ သက်သေများနှင့် သွားရောက်ရှာဖွေခဲ့ရာ နေအိမ်၏ ဂိုဒေါင်အတွင်း မြေအောက်ခန်းနှင့် ဂိုဒေါင်အတွင်းခန်းတို့မှ kingdon တံဆိပ် အရက်ဖာ ကိုးဖာနှင့် ပုလင်းခွံ အလုံး ၂၀၊ Glan Master တံဆိပ် အရက်ဖာ နှစ်ဖာ၊ Donfife တံဆိပ် အရက်ဖာ လေးဖာနှင့် ပုလင်းခွံ အလုံး ၃၀၊ Red Label တံဆိပ် အရက်ဖာ သုံးဖာ၊ B&G တံဆိပ်အရက်ဖာ နှစ်ဖာ၊ Sired Wards တံဆိပ် အရက်ဖာ တစ်ဖာ၊ ပုလင်းအဖုံးခွံများ၊ အရက်ရောစပ်ရာတွင်အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့သည်။

ယင်းသို့ သိမ်းဆည်းရမိခဲ့သဖြင့် မျိုးမြင့်ခိုင်(ခ) ကိုမျိုးအား မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်နယ်မြေ ရဲစခန်းက လည်းကောင်း၊ အောင်စိုး၊ မျိုးတင့်တို့နှစ်ဦးအား ထန်းတပင်မြို့နယ် တက်သစ်နယ်မြေရဲစခန်းက လည်းကောင်း အမှုများရေးဖွင့်ကာ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ပုသိမ်မြို့၌ ဆိုင်ကယ်ဖြင့် ပိုက်ဆံအိတ်လုယက်သူများ ဖမ်းဆီးရမိ

**ပုသိမ် ဇွန် ၃**

ပုသိမ်မြို့ပေါ်၌ မှုခင်းကြိုတင်ကာကွယ်ရေးအတွက် ပုသိမ်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး ခင်မောင်စိုးနှင့် မြို့မရဲစခန်းမှူး ဒုရဲမှူး မျိုးသူတို့ ကြီးကြပ်လျက် ရဲတပ်ဖွဲ့ဝင်များသည် မြို့ပေါ်ရှိ ရပ်ကွက်များသို့ လှည့်ကင်းများ ဆောင်ရွက်လျက်ရှိသည်။

ဇွန် ၂ ရက် ည ၈နာရီခန့်တွင် မြို့သစ်ဈေးအနီးမှ ဈေးဝယ်ပြန်လာသော မနှင်းဝေလှိုင်သည် သူငယ်ချင်းဖြစ်သူ ဆိုင်ကယ်နောက်မှ စီးနင်းလိုက်ပါလာစဉ် ကိုးဆူကျောင်းလမ်းမှ ဗန္ဓုလလမ်းသို့ ထွက်ရန် မြောင်းမြကျောင်း မှောင်ရိပ်ဖြတ်စဉ် လူသုံးဦးက ဆိုင်ကယ်တစ်စီးဖြင့် လိုက်ပါလာပြီး မနှင်းဝေလှိုင်၏ ပိုက်ဆံအိတ်ကို လုယူသွားခဲ့ကြောင်း၊ ၎င်းတို့ ၁၀ ပေခန့် အကွာအရောက်တွင် လုယက်သူတို့၏ ဆိုင်ကယ်လည်း တိမ်းမှောက်သဖြင့် ကိုယ်လွတ်ရုန်း၍ ထွက်ပြေးသွားကြကြောင်း ဖြစ်စဉ်နှင့် ပတ်သက်၍ ညတွင်းချင်း စုံစမ်းရှာဖွေခဲ့ရာ အခင်းဖြစ်ပွားအပြီး ၅ နာရီခန့်အကြာ ညီညီအောင်(ခ)ဗန်းကြီး (၂၁နှစ်)၊ အံ့ဖွယ် (ခ) အံ့ဖွယ်သာနှင့် ရဲလင်းထွန်း (ခ)သာခွားတို့အား ဖမ်းဆီးရမိခဲ့သည်။

၎င်းတို့သည် ပုသိမ်မြို့ပေါ်တွင် ကျောက်ရုပ်အဝိုင်း၊ ရေပေါ်ဈေး၊ မြကျွန်းသာနှင့် ကန်သာယာနေရာများတွင်လည်း ခရီးသွားများထံ ဆိုင်ကယ်တစ်စီးဖြင့် လုယက်မှုကျူးလွန်ခဲ့ဖူးသော ပြစ်ဒဏ်ကျခံဖူးသူများဖြစ်ကြောင်း သိရသည်။

**ပုသိမ်လှကြည်**

## ကိုယ်ဝန်ရှိမှ ကွာရှင်းပေးရန်ပြော၍ လင်မယားချင်းစကားများကာ ခင်ပွန်းဖြစ်သူအား ဓားဖြင့်ခုတ်သတ်မှုဖြစ်ပွား

**ရေတာရှည် ဇွန် ၃**

အိမ်ထောင်ကျပြီး လေးလအကြာ ကိုယ်ဝန်သုံးလရှိမှ ခင်ပွန်းဖြစ်သူက နိုင်ထက်စီးနင်းပြုကာ မကြာခဏ ကွာရှင်းပေးဖို့ပြော၍ လင်မယာချင်း စကားများရန်ဖြစ်ကာ ခင်ပွန်းဖြစ်သူကို ဓားဖြင့်ခုတ်သတ်ခဲ့သော အမှုတစ်ခု ရေတာရှည်မြို့နယ် ဇဝင်းကျေးရွာ လှည်းပွဲလေးကွင်း၌ ဇွန် ၁ ရက် ညနေ ၅ နာရီက ဖြစ်ပွားခဲ့သည်။

အခင်းဖြစ်ပွားသည့်နေရာသို့ ဆွာနယ်မြေစခန်းမှူး ရဲအုပ် နေလင်းအောင် ဦးစီးအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ ဇဝင်းကျေးရွာမှ တစ်မိုင်ခွဲခန့်အကွာ လှည်းပွဲလေးကွင်းရှိ နေအိမ်ပေါ်တွင် အောင်ကိုလတ် (၂၀ နှစ်)သည် နေအိမ်ပေါ်ဘုရားစင်ရှေ့၌ ဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရှိရသည်။

အမှုနှင့်ပတ်သက်၍ဆက်လက်စစ်ဆေးခဲ့ရာ အောင်ကိုလတ်သည် တစ်ရွာတည်းနေ မဇင်မာဦး (၂၃ နှစ်)နှင့် လွန်ခဲ့ သောလေးလခန့်က အိမ်ထောင်ပြုခဲ့ပြီး မဇင်မာဦးတွင် ကိုယ်ဝန်သုံးလရှိနေပြီဖြစ်ကြောင်း၊ ကိုယ်ဝန်ရှိမှန်းသိလျက် မကြာခဏ ဆိုသလို ငွေဘယ်လောက်ပေးရမလဲမေးကာ ကွာရှင်းပေးဖို့ပြောသည့်အပြင် ကိုယ်ဝန်ပျက်ကျစေရန် အရက်နှင့် ဆေးထုပ်များ နှစ်ခါ တိုက်ခဲ့ရာ တစ်ခါတွင် ငြင်းဆန်ခဲ့ပြီး နောက်တစ်ခါတွင် သောက်ခဲ့ရကြောင်း၊ အခင်းဖြစ်သည့် နေ့လယ်ပိုင်းတွင် မဇင်မာဦး က ဇဝင်း ကျေးရွာသို့ လိုက်လာကာ ခင်ပွန်းဖြစ်သူအား တောထဲသို့ ပြန်လိုက်ခဲ့ရန်ပြောစဉ် အောင်ကိုလတ်မှ ဇနီးဖြစ်သူ၏ ဝမ်းဗိုက်အား ခြေထောက်ဖြင့် တစ်ချက်ဆောင့်ကန်ခဲ့ပြီး တစ်ယောက်တစ်ခွန်းစကားများခဲ့ကြောင်း၊ ယင်းနောက် ဆိုင်ကယ်ဖြင့် တောလမ်းအတိုင်း ကြမ်းတမ်းစွာ မောင်းနှင်ခဲ့ပြီး တဲအရောက်တွင် အောင်ကိုလတ်က နင့်ကိုမပေါင်းနိုင်ဘူး၊ ငါ့ကို ကွာရှင်းပေးဟုပြောရင်း စကားများရန်ဖြစ်ခဲ့ကြောင်း၊ ထိုသို့ စကားများစဉ် အောင်ကိုလတ်က မဇင်မာဦး၏ ဝမ်းဗိုက်ကို ခြေထောက်ဖြင့် ဆောင့်ကန်၍ နေအိမ်ပေါ်ရှိ ထင်းခုတ်ဓား ကိုယူပြီး ခုတ်မည်လုပ်စဉ် မဇင်မာဦးက ဓားကိုင်သော လက်ကိုပြန်လုကာ ခုတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မဇင်မာဦးသည် ဝမ်းဗိုက်အားခြေထောက်ဖြင့် ကန်ခံရသည့် ဒဏ်ရာကြောင့် ဆွာတိုက်နယ်ဆေးရုံတွင် အတွင်းလူနာအဖြစ် စောင့်ကြည့်ကုသမှုခံယူနေရပြီး ဖြစ်စဉ်နှင့် ပတ်သက်၍ ဆွာနယ်မြေရဲစခန်းမှ အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

## ငွေကျပ်သိန်း ၃၀ လိမ်လည်ထွက်ပြေးသူအား အရေးယူပေးရန် တိုင်ကြား

**မြိုင် ဇွန် ၃**

မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် ဆူးဝင်းကျေးရွာနေ မောင်ကျော်ထွန်းဆိုသူက ရေနံစိမ်းဆီ ရောင်းမည်ဟု ဆိုပြီး ငွေကျပ်သိန်း ၃၀ ကို လိမ်လည်ကာ ယူဆောင်၍ ထွက်ပြေးမှု ဇွန် ၁ ရက်က ဖြစ်ခဲ့သည်။

မကွေးမြို့ ကံသာရပ်ကွက်နေ ရေနံစိမ်းဆီ အရောင်းအဝယ်ပြုလုပ်သည့် ဦးနိုင်ထက်ဦး (၄၀ နှစ်)သည် မတ် ၂၆ ရက်က လက်ပံတိုရေနံမှော်တွင် ရှိနေစဉ် မြိုင်မြို့နယ် ဆူးဝင်းကျေးရွာနေ မောင်ကျော်ထွန်း (၂၂ နှစ်) ရောက်ရှိလာပြီး ရေနံစိမ်းဆီရောင်းမည်ဟု ပြောကာ လက်ပံတို ရေနံမှော်ရှိ ၎င်းပိုင် ရေနံတွင်းကို လိုက်လံပြသခဲ့ကြောင်း၊ ဆီဈေးနှုန်းများ ညှိနှိုင်းပြောဆိုပြီး ဦးနိုင်ထက်ဦးက လက်ထဲတွင် ငွေကျပ်သိန်း ၃၀ ရှိသဖြင့် မောင်ကျော်ထွန်းအား စရန်သဘောမျိုးပေးလိုက်ရာ ကျော်ထွန်းက ငွေယူပြီး အခြားသူ ဇော်မင်းဦး၏ ရေနံစိမ်းများ လိုက်လံပြသခဲ့ကြောင်း၊ သို့သော်ယခုထိ စုံစမ်းမရသဖြင့် ဦးနိုင်ထက်ဦးက ကျော်ထွန်းအား အရေးယူပေးပါရန် ဗဟန်းနယ်မြေ ရဲစခန်းသို့ တိုင်တန်းခဲ့ရာ အမှုဖွင့်ပြီး ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်ကျော်မြင့်**

## မန္တလေး-မူဆယ်လမ်း နားခဲရွာအနီး ဆိုင်ကယ်နှင့်ကုန်တင်ယာဉ်တိုက် တစ်ဦးသေ၊ တစ်ဦးဒဏ်ရာရ

**သီပေါ ဇွန် ၃**

သီပေါမြို့နယ် မန်ဟဲကျေးရွာအုပ်စု နားခဲကျေးရွာအနီး မန္တလေး-လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ် ၁၂၄/၄-၅တွင် ဇွန် ၃ရက် နံနက် ၄ နာရီခွဲက ဆိုင်ကယ်နှင့် ကုန်တင်ယာဉ်တိုက်မှုဖြစ်ခဲ့၍ တစ်ဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရခဲ့သည်။

လားရှိုးမှ မန္တလေးသို့ ဆင်းမည့် ရဲမင်းပိုင်မောင်းနှင်သော ဆိုင်ကယ်သည် မျက်နှာချင်းဆိုင် မန္တလေးမှ လားရှိုးသို့သွားမည့် ယာဉ်မောင်းဇော်မိုး မောင်းနှင်၍ ကုန်မျိုးစုံတင်ဆောင်လာသော ခြောက်ဘီးယာဉ်၏ခေါင်းပိုင်းကို ဝင်တိုက်မိပြီး ဆိုင်ကယ်မောင်းသူ ရဲမင်းပိုင်မှာ အခင်းဖြစ်နေရာတွင်သေဆုံးကာ နောက်မှစီးနင်းလိုက်ပါလာသူ တင်လင်းထွန်းမှာ ဒဏ်ရာများရရှိသဖြင့် ပြည်သူ့ဆေးရုံ၌ တက်ရောက်ကုသလျက်ရှိသည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ သီပေါရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## ရေပူစစ်ဆေးရေးအဖွဲ့ ယာဉ်စစ်ဆေးရှာဖွေရာမှ ပိတောက်ဓားရွေတုံးများ ဖမ်းမိ

**နေပြည်တော် ဇွန် ၃**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇွန် ၂ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၁၂၇ စီး၊ သွင်းကုန် ၉၅၈ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၅ စီး၊ သွင်းကုန် ၁၆၆ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇွန် ၂ ရက်တွင် ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းမှ တားဆီးမှုလေးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၅၈ ဒသမ ၃၄၆ သန်းခန့် မရမ်းချောင် အမြဲတမ်း စစ်ဆေးရေးစခန်းမှ တားဆီးမှု နှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၀ ဒသမ ၂၆၁ သန်းခန့် စုစုပေါင်းတားဆီးမှု ခြောက်မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၈ ဒသမ ၆၀၇ သန်း ခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဇွန် ၂ ရက်တွင် ရေပူအမြဲတမ်း စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်စဉ် ကင်တာမော်တော် ယာဉ်တစ်စီးနှင့် ခရီးသည်တင်မော်တော်ယာဉ်တစ်စီးတို့ကို စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ပိတောက်ခားရွေ ၅၄ တုံး (၂ ဒသမ ၄၃၆၈တန်)၊ တမလန်းခားရွေ ၁၅ တုံး (၀ ဒသမ ၃၄၅၂ တန်) နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ် နှစ်စီး စုစုပေါင်းခန့်မှန်း တန်ဖိုး ငွေကျပ် ၅၈ ဒသမ ၃၄၆ သန်းခန့်အား တွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ပိတောက်၊ တမလန်းတုံးများနှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ်

# ဒူတာတေးက ကုလသမဂ္ဂလူ့အခွင့်အရေးကျွမ်းကျင်သူအား “ငရဲကိုသွား”ဟု ပြောခဲ့



**မနီလာ ဇွန် ၃**

ဖိလစ်ပိုင်နိုင်ငံ၏ ထိပ်တန်းတရားသူကြီးကို သတိပေးခြိမ်းခြောက်ခဲ့သည့် ဖိလစ်ပိုင်သမ္မတ ရိုဒရီဂိုဒူတာတေးကို ဝေဖန်ခဲ့သည့်ကိစ္စနှင့်ပတ်သက်ပြီး ဖိလစ်ပိုင်သမ္မတက ကုလသမဂ္ဂလူ့အခွင့်အရေးကျွမ်းကျင်သူတစ်ဦးအား ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်သည်ဆိုကာ “ငရဲကိုသွား”ဟု ပြောခဲ့သည်။

တရားသူကြီးများနှင့် ဥပဒေသမားများ လွတ်လပ်ခွင့်ဆိုင်ရာ ကုလသမဂ္ဂ အထူးအကြံပေးပုဂ္ဂိုလ် ဒီဂိုဂါစီယာစေယန်က ယခင်တရားသူကြီးချုပ် မာရီယာလော့ဒက်စ်ဆီရီနိုကို ဆန့်ကျင်သည့် သမ္မတ၏ ကြေညာချက်သည် တရားရေးမဏ္ဍိုင်ကို ပြင်းပြင်းထန်ထန် ထိခိုက်စေခဲ့ကြောင်း ပြောပြီးနောက် ဖိလစ်ပိုင်သမ္မတ ရိုဒရီဂိုဒူတာတေးက ယခုကဲ့သို့ ပြောကြားလိုက်ခြင်း ဖြစ်သည်။

အစိုးရအငြင်းပွားအဆိုပြုချက်များကို ဆန့်ကျင်ထောက်ခံခဲ့သည့်အတွက် ဖိလစ်ပိုင်သမ္မတ ဒူတာတေးက တရားသူကြီးချုပ် ဆီရီနိုကို အန္တရာယ်ရှိသူအဖြစ်ဖော်ပြခဲ့သည်။ လွန်ခဲ့သောလကလည်း ဖိလစ်ပိုင်အဆင့်မြင့်ဆုံး တရားရုံးက တရားသူကြီးချုပ် ဆီရီနိုကို ထုတ်ပယ်ရန် ဆန္ဒမဲပေးခဲ့သည်။ ၎င်းကိုထုတ်ပယ်လိုက်ခြင်းက အခြားတရားရေးမဏ္ဍိုင်များတွင် လုပ်ကိုင်နေသူများကို ဂယက်ရိုက်စေခဲ့သည်။

ကုလသမဂ္ဂလူ့အခွင့်အရေးကျွမ်းကျင်သူအား မိမိတို့နိုင်ငံ၏ကိစ္စကို ဝင်မစွက်ဖက်ရန်နှင့် ငရဲကိုသွားရန် ပြောကြားလိုကြောင်း ဒူတာတေးက မနီလာ၌ သတင်းထောက်များကိုပြောခဲ့သည်။ သူသည် အထူးပုဂ္ဂိုလ်မဟုတ်ကြောင်း၊ သူ၏စာတမ်းတင်သွင်းမှုအပေါ်လည်း အသိအမှတ်မပြုကြောင်း ဒူတာတေးက ပြောခဲ့သည်။

အသက် ၇၃နှစ်ရှိ ဖိလစ်ပိုင်သမ္မတ ရိုဒရီဂိုဒူတာတေးသည် ယခင်ကတည်းက စကားများကို စိတ်လိုက်မာန်ပါ ပြောလေ့ရှိသည်။ ဖိလစ်ပိုင်သမ္မတ ရိုဒရီဂိုဒူတာတေး အာဏာရလာပြီးနောက် မူးယစ်တိုက်ဖျက်ရေးစစ်ပွဲများကို ပြင်းပြင်းထန်ထန် ဆင်နွှဲခဲ့သည်။

**အေအက်ဖ်ပီ**

# သမ္မတရွေးကောက်ပွဲမကျင်းပမီ မာလီနိုင်ငံ၌ ဆန္ဒပြမှုများဖြစ်ပွား



**ဘာမာကို ဇွန် ၃**

မာလီနိုင်ငံ သမ္မတရွေးကောက်ပွဲကျင်းပရန် နှစ်လအလိုတွင် မာလီနိုင်ငံ ဘာမာကိုမြို့၏ တားမြစ်နိုင်ငံရေးလူထုစည်းဝေးပွဲတစ်ခု၌ အတိုက်အခံဆန္ဒပြသူများနှင့် ရဲတပ်ဖွဲ့တို့ ထိတွေ့မှုဖြစ်ပွားခဲ့ရာ အနည်းဆုံးလူ ၁၂ ဦးခန့် ဒဏ်ရာရရှိခဲ့သည်။

လက်ရှိသမ္မတအီဘရာဟင် ဘိုဘာကာကေတာ၏ငြိမ်းချမ်းရေး ဒီမိုကရက်တစ်မဟာမိတ်ပါတီ ဌာနချုပ်အပြင်ဘက်ရှိ လူထုစည်းဝေးပွဲကြီးကို ရဲတပ်ဖွဲ့က ဖြိုခွဲရန် ကြိုးစားသည့်အနေဖြင့် မျက်ရည်ယိုဗုံးများပစ်ပေါက်ခဲ့သလို တုတ်တိုများဖြင့်လည်း ရိုက်ခတ်ခဲ့သည်။

အဆိုပါလူစုခွဲသည့် ဖြစ်စဉ်တွင် လူပေါင်း ၁၂ဦးခန့်ဒဏ်ရာရရှိရာ ရဲတပ်ဖွဲ့ဝင်တစ်ဦးနှင့် နိုင်ငံရေးသမားတစ်ဦးလည်းပါဝင်ကြောင်း လူထုစည်းဝေးပွဲအနီး ဂါဘရီရယ်တိုရီဆေးရုံမှ ဆရာဝန်တစ်ဦးက အေအက်ဖ်ပီသို့ ပြောခဲ့သည်။

ချီတက်ဆန္ဒပြပွဲတွင် မိမိလည်း ဒဏ်ရာအနည်းငယ်ရရှိခဲ့ကြောင်း အများပြည်သူ ယုံကြည်စိတ်ချရသည့် ရွေးကောက်ပွဲတစ်ရပ် ပေါ်ပေါက်လာရေးအတွက် လူထုချီတက် ဆန္ဒပြပွဲတွင် ပါဝင်ခဲ့သည့် ဘဏ္ဍာရေးနှင့်စီးပွားရေးရာဝန်ကြီးဟောင်းတစ်ဦးဖြစ်သူ မာမာဒိုအီဂေါဒိုင်ယာရာက လူမှုကွန်ရက်စာမျက်နှာဖြစ်သည့် တွစ်တာတွင် ဖော်ပြခဲ့သည်။

၎င်းအနေဖြင့် ဒဏ်ရာရရှိခဲ့သည့် အမျိုးသမီးများနှင့် ကလေးငယ်များ အပါအဝင် လူအချို့အား ကူညီနိုင်ခဲ့သဖြင့် ဘုရားသခင်ကို ကျေးဇူးတင်ကြောင်း ဘဏ္ဍာရေးနှင့်စီးပွားရေးရာ ဝန်ကြီးဟောင်းတစ်ဦးဖြစ်သူ မာမာဒိုအီဂေါဒိုင်ယာရာက ပြောခဲ့သည်။

ဒိုင်ယာရာသည် ၂၀၁၅ ခုနှစ်နှင့် ၂၀၁၆ခုနှစ်တွင် ဘဏ္ဍာရေးနှင့်စီးပွားရေးဝန်ကြီးဖြစ်ခဲ့သည်။ ၎င်းသည် ဇူလိုင် ၂၉ ရက်နေ့တွင် ကျင်းပမည့် သမ္မတရွေးကောက်ပွဲဝင်ပြိုင်မည့် အမတ်လောင်း ၁၅ ဦးအနက် တစ်ဦးဖြစ်ကြောင်းလည်း သိရသည်။

မာလီနိုင်ငံဘာမာကိုမြို့တွင် ပြုပြင်ပြောင်းလဲရေးယာယီညွန့်ပေါင်းအဖွဲ့က စီစဉ်သည့် ငြိမ်းချမ်းစွာ ချီတက်ဆန္ဒပြမှုကို အာဏာပိုင်များက တားမြစ်ထားသည်။ “ ဘာကြောင့် ကျွန်တော်တို့ကို ဆိတ်ဆိတ်နေခိုင်းတာလဲ။ ကျွန်တော်တို့သည် ပွင့်လင်းမြင်သာမှုရှိပြီး တန်းတူညီတူဖြစ်ရေး တိုက်တွန်းသွားမည်”ဟု နိုင်ငံပိုင်ရုပ်သံလွှင့် အိုအာရ်တီအမ်သို့ အိုမာဆန်ဂါရီက ပြောခဲ့သည်။

အသက် ၇၃ နှစ်ရှိ မာလီသမ္မတ အီဘရာဟင်ဘိုဘာဂါကေတာက ၎င်း၏ ဒုတိယသက်တမ်းအတွက် မေ ၂၈ ရက်က ကြေညာခဲ့သည်။

**အေအက်ဖ်ပီ**

## အီဂျစ်သမ္မတ ဒုတိယသက်တမ်းအတွက် ကျမ်းသစ္စာကျိန်ဆို

**ကိုင်ရို ဇွန် ၃**

အီဂျစ်သမ္မတ ဖာတာအယ်လ်စီစီသည် ဒုတိယသမ္မတသက်တမ်းအတွက် ဇွန် ၂ရက်က ကျမ်းသစ္စာကျိန်ဆိုခဲ့ပြီး လာမည့် ၂၀၂၂ ခုနှစ်အထိ တာဝန်ယူထမ်းဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံ၏ လွတ်လပ်ရေးကိုကာကွယ်ရန်နှင့် ပြည်သူတို့၏ အကျိုးစီးပွားကို စောင့်ထိန်းရန်၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဥပဒေကိုလေးစားရန်၊ နိုင်ငံအတွင်းစည်းလုံးညီညွတ်မှုရှိစေရန်နှင့် အီဂျစ်သမ္မတနိုင်ငံကိုကာကွယ်ရန် ဘုရားသခင်ထံတွင် သစ္စာပြုပါကြောင်း အီဂျစ်လွှတ်တော်တွင် ကျင်းပသော ကျမ်းသစ္စာကျိန်ဆိုပွဲတွင် သမ္မတစီစီက ပြောခဲ့သည်။ ပိုပြီးတည်ငြိမ်မှုရှိသည့် အနာဂတ်တစ်ခုကို တက်လှမ်းနိုင်ဖို့အတွက် အခက်အခဲများကို ရင်ဆိုင်ကျော်ဖြတ်သွားမည်ဖြစ်ကြောင်း စီစီက ဆက်လက်ပြောကြားခဲ့သည်။ ၂၀၁၈ သမ္မတရွေးကောက်ပွဲတွင် စီစီသည် တစ်နိုင်ငံလုံး မဲရလဒ် ၉၇ ရာခိုင်နှုန်းဖြင့် အနိုင်ရခဲ့ပြီး ဒုတိယသက်တမ်းအတွက် ပြန်လည်အရွေးခံခဲ့ရခြင်းဖြစ်သည်။

**ဆင်ဟွာ**

## ကတ်တလိုးနီးယားခွဲထွက်ရေး ခေါင်းဆောင် စပိန်ဝန်ကြီးချုပ်သစ်နှင့် တွေ့ဆုံရန်ကမ်းလှမ်း

**ဘာစီလိုနာ ဇွန် ၃**

ကတ်တလိုးနီးယားခွဲထွက်ရေးခေါင်းဆောင် ကွင်တော်ရာက စပိန်ဝန်ကြီးချုပ်သစ်နှင့် တွေ့ဆုံဆွေးနွေးမှုပြုလုပ်ရန် ကမ်းလှမ်းခဲ့သည်။ စပိန်ဝန်ကြီးချုပ်သစ်အနေဖြင့် ကျမ်းသစ္စာကျိန်ဆိုခြင်းသည် စိတ်လှုပ်ရှားစရာကောင်းသည့် ပွဲတစ်ခုဖြစ်ပါကြောင်းနှင့် လွတ်လပ်ရေးကိုထောက်ခံသည့် အမှတ်သင်္ကေတတစ်ခုလည်း ဖြစ်ပါကြောင်း ကတ်တလိုးနီးယားခွဲထွက်ရေးခေါင်းဆောင် ကွင်တော်ရာကပြောခဲ့သည်။

ယခုကဲ့သို့ စပိန်ဝန်ကြီးချုပ်သစ်တစ်ပါးအနေဖြင့် ကျမ်းသစ္စာကျိန်ဆိုလိုက်ခြင်းသည် မက်ဒရစ်တွင် ဖြစ်ပွားလေ့ရှိသော ချမ်းသာကြွယ်ဝမှုအပေါ် လက်ဝါးကြီးအုပ်မှုကို အဆုံးသတ်စေခဲ့သည်။ စပိန်ဝန်ကြီးချုပ်သစ် ပီဒရိုဆန်ချက်ဇ်က “သင်နဲ့ကျွန်ုပ် တို့ဆွေးနွေးကြမယ်၊ စွန့်စားမှုတွေလုပ်ရမယ်”ဟု ဝန်ကြီးချုပ်သစ်အဖြစ် ကျမ်းသစ္စာကျိန်ဆိုပွဲတွင် ပြောခဲ့သည်။

**အေအက်ဖ်ပီ**

# ပါလက်စတိုင်းနှင့်အစ္စရေးတို့ တင်းမာမှုများမြင့်တက်

**ဂါဇာ ဇွန် ၃**

ပါလက်စတိုင်း ဒုံးကျည်ပစ်ခတ်မှုသည် လွန်ခဲ့သည့်ရက်များက သဘောတူခဲ့သည့် အပစ်ရပ်စဲရေးကို ချိုးဖောက်သလိုဖြစ်ပြီးနောက် အစ္စရေးလေကြောင်းတပ်ဖွဲ့က ဂါဇာရှိ အကြမ်းဖက်စစ်သွေးကြွများကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့ကြောင်း စစ်ဘက်ဆိုင်ရာက ဇွန် ၃ ရက်ကပြောခဲ့သည်။

ဂါဇာတောင်ပိုင်းနယ်စပ်တွင် အကြမ်းဖက်မှုများဖြစ်ပွားခဲ့ရာ စေတနာရှင်လုပ်အားပေး အမျိုးသမီးသူနာပြုတစ်ဦး အစ္စရေးတို့၏ ပစ်ခတ်မှုကြောင့်သေဆုံးခဲ့ပြီးနောက် ၎င်း၏ဈာပနသို့ ပါလက်စတိုင်းထောင်ပေါင်းများစွာ တက်ရောက်ခဲ့ပြီး မကြာမီ အချိန်အတွင်း ပါလက်စတိုင်းနှင့်အစ္စရေးတို့၏ နှစ်ဖက်တင်းမာမှုများ ဖြစ်ပွားခဲ့သည်။

လေကြောင်းတိုက်ခိုက်မှုပထမဖြစ်စဉ်တွင် အစ္စရေးတို့၏ ဂျက်လေယာဉ်များက ဂါဇာကမ်းမြောင်ဒေသအကြမ်းဖက်အဖွဲ့ဟုလူသိများသည့် ဟားမားစ်တို့ပိုင်ဆိုင်သော စစ်ဘက်ဆိုင်ရာအဆောက်အအုံသုံးခုကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့ကြောင်း စစ်ဘက်ဆိုင်ရာ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။

ပစ်မှတ်ထားပစ်ခတ်ခဲ့သော နေရာများတွင် ဟားမားစ်တို့၏ လက်နက်ထုတ်လုပ်ရေးနှင့်သိုလှောင်ရုံကိုလည်း ထိမှန်ခဲ့ကြောင်း စက်ဘက်ဆိုင်ရာကပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**



## နိုင်ငံတကာ သတင်းတိုထွာ

### အမေရိကန်လောင်းအိုင်လန်၌ လေယာဉ်တစ်စင်းပျက်ကျ နှစ်ဦးသေ၊ နှစ်ဦးပျောက်ဆုံး

**ဝါရှင်တန် ဇွန် ၃**

လေယာဉ်ငယ်တစ်စင်း လောင်းအိုင်လန်၏ ကမ်းလွန်ပင်လယ်ပြင်ထဲသို့ ပျက်ကျခဲ့ရာ လူနှစ်ဦးသေဆုံးပြီး နှစ်ဦး ပျောက်ဆုံးနေကြောင်း အမေရိကန်ကမ်းခြေစောင့်တပ်ဖွဲ့မှ မကြာသေးမီက ပြောခဲ့သည်။

လူလေးဦး လိုက်ပါလာသော လေယာဉ်ငယ်သည် လောင်းအိုင်လန်၏ Indian Wells Beach ကမ်းလွန် တစ်မိုင်ခန့်အကွာတွင် ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း ကမ်းခြေစောင့်တပ်ဖွဲ့က ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြခဲ့သည်။

သေဆုံးသူနှစ်ဦးကို ရှာဖွေတွေ့ရှိခဲ့ကြောင်း၊ သို့သော်လည်း ကျန်နှစ်ဦးမှာ ပျောက်ဆုံးလျက်ရှိကြောင်း အဆိုပါ ထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြထားသည်။ သေဆုံးသူများ၏ မိသားစုနှင့် ချစ်ခင်ရသူများနှင့်ထပ်တူ အလွန်တရာစိတ်မကောင်းဖြစ်မိကြောင်း ကမ်းခြေစောင့်တပ်ဖွဲ့ ဗိုလ်ကြီး ကယ်လ်ဗင်ရိဒ်က ထုတ်ပြန်ကြေညာချက်တွင် ပြောခဲ့သည်။

ကမ်းခြေစောင့်တပ်ဖွဲ့များ၊ အမျိုးသားလေကြောင်းကာကွယ်ရေးတပ်ဖွဲ့များ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ဒေသတွင်းငါးဖမ်းလှေများလည်း လေယာဉ်ပျက်ကျမှုကြောင့် ပျောက်ဆုံးခဲ့သော လူများကို ပူးပေါင်းရှာဖွေမှုများ လုပ်ဆောင်လျက်ရှိကြောင်း ကမ်းခြေစောင့်တပ်ဖွဲ့က ဆက်လက် ပြောကြားခဲ့သည်။

လေယာဉ် ပျက်ကျရသည့် အကြောင်းရင်းကို မသိသေးသော်လည်း ဆက်လက် စုံစမ်းလျက်ရှိကြောင်း သိရသည်။

**အေအက်ဖ်ပီ**

### ဆီးရီးယားသမ္မတက အမေရိကန်တပ်ဖွဲ့များကို နိုင်ငံတွင်းမှ ထွက်ခွာပေးရေး တောင်းဆို

**ဒမတ်စကတ် ဇွန် ၃**

ဆီးရီးယားသမ္မတ ဘတ်ရှာ အယ်လ်အာဆတ်အစိုးရတပ်ဖွဲ့သည် နိုင်ငံတွင်းရှိ နယ်မြေအားလုံးကို သိမ်းပိုက်မည်ဖြစ်သောကြောင့် အမေရိကန်တပ်ဖွဲ့များ နိုင်ငံတွင်းမှ ထွက်ခွာသွားရေး တောင်းဆိုလိုက်သည်။

ဆီးရီးယားနိုင်ငံ အစိုးရအနေဖြင့် နိုင်ငံတွင်းရှိ မည်သည့်ဒေသကိုမဆို ထိန်းချုပ်သွားနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အစိုးရတပ်ဖွဲ့အနေဖြင့် လက်နက်ကိုင် အဖွဲ့အစည်းများထံမှ နယ်မြေများအားလုံးကို ပြန်လည်သိမ်းပိုက်ရန် ဆုံးဖြတ်ချက်ချမှတ်ထားကြောင်း၊ လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ဆွေးနွေးခြင်းသည် အကောင်းဆုံးဖြစ်သော်လည်း အစွန်းရောက်အဖွဲ့များအတွက်မူ တိုက်ခိုက်မှုသည် တစ်ခုတည်းသောရွေးချယ်ရမည့် နည်းလမ်းဖြစ်ကြောင်း အာဆတ်က ရုရှားနိုင်ငံပိုင် ရုပ်သံဌာနတစ်ခု၏ တွေ့ဆုံမေးမြန်းမှုတစ်ခုတွင် ဖြေကြားခဲ့သည်။ **ဆင်ဟွာ**

# ကုန်သွယ်မှုစစ်ပွဲမဖြစ်ပွားရေး တရုတ်နိုင်ငံ ဘယ်လိုလုပ်မလဲ

**တင်လင်းအောင်**

**တရုတ်နိုင်ငံရဲ့စီးပွားရေးဟာ သူ့ရဲ့ခေတ်သစ်သမိုင်းနဲ့ ကမ္ဘာကြီးမှာ အရေးကြီးပြီး အချက်အချာကျတဲ့နေရာကနေ ပါဝင်လာပါတယ်။ သို့သော်လည်း တကယ့်ကြီးမားတဲ့ စိန်ခေါ်မှုကတော့ လာမယ့် ၂၀၅၀ ပဲ ဖြစ်ပါတယ်။ တရုတ်ကွန်မြူနစ်ပါတီနဲ့ သူ့ရဲ့ဦးဆောင်မှုရဲ့တကယ့်ရည်မှန်းချက်ကတော့ တရုတ်ခေတ်သစ်တစ်ခုကို ပုံဖော်ဖို့ပဲဖြစ်ပါတယ်။**




အနာဂတ်ကို မျှော်ကြည့်ရတာ ယုံကြည်ချက်တွေ ခုန်ပေါက်ပြေးလွှားသလိုပါပဲ။ သို့သော်လည်း တရုတ်နိုင်ငံရဲ့ အရေးကြီးဆုံး ကုန်သွယ်ဖက်ဖြစ်တဲ့ အမေရိကန်ကိုတော့ ကျော်ခွသွားလို့ မရပါဘူး။ ကုန်သွယ်မှုစစ်မက်ဖြစ်မယ့် အနေအထားတောင် ရောက်ရှိနေသလိုပါပဲ။ ဒါပေမယ့်လည်း ကုန်သွယ်မှုစစ်မက်တော့အဖြစ်မခံဘူးလို့ အမေရိကန် သမ္မတက ပြောခဲ့ပါတယ်။

**ကုန်သွယ်မှုစစ်ပွဲမဖြစ်ပွားစေဖို့**

ဒါကြောင့်မို့ပဲ အမေရိကန်နဲ့ တရုတ် ကမ္ဘာ့အင်အားကြီးစီးပွားရေး ပြိုင်ဘက်နှစ်ခုကြား ကုန်သွယ်ရေး စစ်ပွဲကြီးဖြစ်ပေါ်စေဖို့ ဦးတည်စေတဲ့ အခွန်အကောက်တွေနဲ့ ပတ်သက်ပြီး တင်းမာမှုတွေ လျော့နည်းစေရေးအတွက် ဆွေးနွေးညှိနှိုင်းမှုတွေ ဆောင်ရွက်ရန် အမေရိကန်ကုန်သွယ်ရေးဝန်ကြီး ဝယ်လ်ဘာရော့စ်ဟာ ပေကျင်းကို ဇွန် ၂ ရက်က ရောက်ရှိလာခဲ့ပါတယ်။

ယခင်လအစောပိုင်းမှာ အခွန်အကောက်တွေနဲ့ ပတ်သက်ပြီးတော့ ယာယီ အဆင်ပြေချောမွေ့ကြောင်း ကြေညာခဲ့သော်လည်း တကယ့်လက်တွေ့မှာတော့ အမေရိကန်ပြည်ထောင်စုဟာ တရုတ်ရင်းနှီးမြှုပ်နှံမှုတွေကို ကန့်သတ်ခြင်းတွေ၊ တင်ပို့မှုကို ထိန်းချုပ်ခြင်းတွေနဲ့ တရုတ်နည်းပညာကုန်စည်တန်ဖိုး ၅၀ ဘီလီယံမှာ ၂၅ ရာခိုင်နှုန်း အခွန်ကောက်ခံခြင်းတို့အပါအဝင် နောက်ဆုံးမှာ တရုတ်နိုင်ငံအပေါ် ပိတ်ဆို့အရေးယူမှုတွေပြုလုပ်ဖို့ ကြိုးစားခဲ့ပါတယ်။

**တန်ပြန်ခြိမ်းခြောက်မှုတွေပြုလုပ်**

အမေရိကန်ရဲ့ အဲလိုလုပ်ဆောင်ချက်တွေအပေါ် တရုတ်နိုင်ငံကလည်း ငြိမ်မနေပါဘူး။ အမေရိကန်ကုန်စည်တွေနဲ့ပတ်သက်တဲ့ အခွန်အကောက်တွေနဲ့ပတ်သက်ပြီး တန်ပြန်ခြိမ်းခြောက်မှုတွေ ပြန်လည်ပြုလုပ်ခဲ့ပါတယ်။

လတ်တလော ပေကျင်းကို ရောက်ရှိနေတဲ့ အမေရိကန်ကုန်သွယ်ရေးဝန်ကြီး ဝယ်လ်ဘာရော့စ်ဟာ အဲဒီမြို့မှာ ဇွန် ၃ ရက်အထိ နေပြီးတော့ လိုအပ်တာတွေ ဆောင်ရွက်သွားမယ်လို့ အမေရိကန်အစိုးရ အရာရှိတစ်ဦးဟာ မကြာသေးမီက ပြောခဲ့ပါတယ်။

**တရုတ်သဘောထား ပျော့ပျောင်း လာနိုင်**

အမေရိကန်ကုန်သွယ်ရေးဝန်ကြီး ဝယ်လ်ဘာရော့စ်အနေနဲ့ တရုတ်နိုင်ငံကို ရောက်ရှိလာတဲ့အတွက် တရုတ်နိုင်ငံအနေနဲ့ ၎င်းရဲ့သဘောထားအနည်းငယ် ပျော့ပျောင်းလာမယ်လို့ ယူဆရပါတယ်။ သို့သော်လည်း ရှေ့အနာဂတ်မှာ ဘာတွေဆက်ဖြစ်မလဲဆိုတာကတော့ စောင့်ကြည့်ရမှာပဲဖြစ်ပါတယ်။

**ပြည်တွင်းညှိနှိုင်းမှုတွေ အကောင်အထည်ဖော်ဖို့လို**

တစ်ဖက်ကလည်း ကုန်သွယ်ရေးစစ်ပွဲ၊ တခြားတစ်ဖက်က ကြည့်မယ်ဆိုရင်လည်း တရုတ်နိုင်ငံစီးပွားရေးဖွဲ့စည်းပုံမျှတအောင် ပြည်တွင်းညှိနှိုင်းမှုတွေကို အပြည့်အဝအကောင်အထည်ဖော်ဖို့ လိုအပ်ပါတယ်။ ထုတ်လုပ်မှုမှသည် ပြည်သူ့ဝန်ဆောင်မှုအထိ အပါအဝင် တင်ပို့ဖြန့်ဖြူးမှုမှသည် တစ်မိသားစုချင်းစီရဲ့စားသုံးမှုအထိ၊ အပိုအလျှံစုဆောင်းမှုမှသည် ပုံမှန်စုဆောင်းမှုနဲ့ တစ်ပြည်နယ် ထုတ်ကုန်တစ်မျိုးမှသည် စီးပွားရေးဈေးကွက်အထိရောက်ရှိအောင် ပြုလုပ်ဖို့လိုပါတယ်။

တရုတ်နိုင်ငံဟာ မှန်ကန်တဲ့စီးပွားရေးလမ်းကြောင်းပေါ် ရောက်နေတယ်ဆိုတဲ့အချက်ကို သူ့ရဲ့စီးပွားရေးတိုးတက်မှုတွေကိုကြည့်ခြင်းဖြင့် သိမြင်နိုင်သလို ထင်ရှားတဲ့ သက်သေတွေလည်းရှိပါတယ်။

၂၀၀၈ ကမ္ဘာ့စီးပွားရေးပျက်ကပ်လိုအခြေအနေမျိုးနဲ့ နှိုင်းယှဉ်ကြည့်ရင် တရုတ်နိုင်ငံရဲ့ စီးပွားရေးဟာ ကောင်းမွန်တဲ့အခြေအနေ ရှိနေချိန်မှာ နိုင်ငံခြားတင်ပို့မှုတွေဟာလည်း နိုင်ငံ့ဂျီဒီပီ (အသားတင်ထုတ်လုပ်မှုတန်ဖိုး)ရဲ့ ၂၀ ရာခိုင်နှုန်းရှိနေပါသေးတယ်။

> **“ကုန်သွယ်မှု စစ်ပွဲမဖြစ်ပွားရေး တရုတ်နိုင်ငံဟာ စီးပွားရေးအတွက် နောက်ထပ်ခြေလှမ်းတစ်ရပ်ကို ထပ်လှမ်းတဲ့အခါမှာ ဖြစ်ပေါ်နိုင်သမျှသော အခြေအနေအရပ်ရပ်အပေါ်အခြေခံပြီး စဉ်းစားရမှာဖြစ်သလို ၎င်းရဲ့တည်ငြိမ်မှုရှိရေးနဲ့ သဟဇာတဖြစ်ရေးအပေါ် မကြာသေးမီက ချဉ်းကပ်မှုဟာ ဂျပန်နိုင်ငံကဲ့သို့မဖြစ်အောင် သတိထားရမှာပဲဖြစ်”**

ထို့အတူ ထုတ်ကုန်ထက်ဝက်လောက်ဟာ ပြည်တွင်း တစ်မိသားစုချင်းစီရဲ့ စားသုံးမှုကို ထောက်ပံ့လို့နေပါသေးတယ်။

သို့သော်လည်း တရုတ်နိုင်ငံရဲ့ စားသုံးသူဦးဆောင်တဲ့ အနေအထားဟာ အစောပိုင်းအဆင့်မှာပဲရှိသေးပြီး စီးပွားရေးအရ မမျှော်မှန်းနိုင်တဲ့ အခြေအနေတွေအတွက် ပြည့်စုံတဲ့အင်အားနဲ့ တောင့်တင်းမှုမရှိသေးပါဘူး။ ထို့အတူ ကမ္ဘာ့ရာသီဥတု အနှောင့်အယှက်တွေက တရုတ်နိုင်ငံအတွက် ပြဿနာတစ်ရပ် ဖြစ်စေပါတယ်။

တရုတ်နိုင်ငံရဲ့ပြည်တွင်းစီးပွားရေး ဖွဲ့စည်းပုံမျှတအောင် ပြုလုပ်ခြင်းဟာ ဟာကွက်တွေကို မဖြစ်ပေါ်အောင် ပြုလုပ်လိုက်သလိုပါပဲ။ ကမ္ဘာ့စီးပွားရေးရဲ့ အရေးကြီးတဲ့ ပြောင်းလဲမှုတွေနဲ့ တခြား ကမ္ဘာ့စီးပွားရေးအင်အားကြီး နိုင်ငံတွေနဲ့ တရုတ်နိုင်ငံရဲ့ ဆက်ဆံရေးတွေမှာ အကျိုးရလဒ်တွေဖြစ်ပေါ်လာစေနိုင်ပါတယ်။

**ဘက်ပေါင်းစုံအခြေအနေတွေကို လေ့လာရမယ်**

ဒီအခြေအနေမှာ တရုတ်နိုင်ငံဟာ မကြာသေးမီက ဖွံ့ဖြိုးတိုးတက်မှုတွေဖြစ်လာတဲ့ ကမ္ဘာ့အခြေအနေကို အတော်လေ့လာရမှာပဲဖြစ်ပါတယ်။ အဲဒီလိုလေ့လာတဲ့ နေရာမှာ ၁၉၉၀ ပြည့်နှစ်နှောင်းပိုင်း အာရှဘဏ္ဍာရေးအကျပ်အတည်းကိုလည်း ချန်လုပ်ထားလို့မရပါဘူး။ ထို့အတူ ၂၀၀၈ ခုနှစ် ကမ္ဘာ့စီးပွားပျက်ကပ်နဲ့ ဂျပန်နိုင်ငံမှာဖြစ်သွားတဲ့ စီးပွားရေးဆိုင်ရာ အခြေအနေတွေကို လေ့လာရမှာ ဖြစ်ပါတယ်။

အခုလို ဖြစ်စဉ်တစ်ခုချင်းဆီမှာ ဆိုးရွားရှုပ်ထွေးလှတဲ့ ကမ္ဘာ့စိန်ခေါ်မှုရဲ့ မြန်မြန်ဆန်ဆန် ပြောင်းလဲမှုတွေသတိထားရမှာပဲဖြစ်ပါတယ်။ တရုတ်နိုင်ငံအနေနဲ့လည်း ၎င်းရဲ့ စီးပွားရေးပြုပြင်ပြောင်းလဲမှုမှာ နောက်ထပ်စိန်ခေါ်မှုတွေနဲ့ ရင်ဆိုင်ရနိုင်ခြေရှိပါတယ်။

ဂျပန်နိုင်ငံဟာ ခေတ်သစ်အာရှရဲ့ ပထမဆုံး တိုးတက်မှုကိစ္စအပေါင်းကို ကြုံတွေ့ခဲ့ရတဲ့နိုင်ငံဖြစ်ပြီး သူ့ဆီက သင်ခန်းစာအချို့ကို တရုတ်နိုင်ငံအနေနဲ့ လေ့လာမှုပြုသင့်ပါတယ်။ ပထမဆုံး သင်ခန်းစာကတော့ ကုန်သွယ်မှုဆိုင်ရာ ငွေကြေးချုပ်ချယ်ခြင်း၊ နိုင်ငံခြားသို့တင်ပို့မှုတွေဆောင်ရွက်ခြင်း၊ တခြား ကျန်ရှိနေတဲ့ ကမ္ဘာ့နိုင်ငံများနဲ့ ကုန်သွယ်မှုဆိုင်ရာ တင်းမာမှုတွေကို ရှောင်ရှားခြင်းတို့ပဲ ဖြစ်ပါတယ်။

ဒုတိယတစ်ချက်အနေနဲ့ ကျွမ်းကျင်လိမ္မာမှုနဲ့ ဩဇာအရှိန်အဝါကြား အားပြိုင်မှုအပေါ် လျစ်လျူမရှုရေးနဲ့ တတိယအချက်ကတော့ တိုးတက်မှုမရှိတဲ့ ကုမ္ပဏီတွေကို ငွေကြေးထောက်ပံ့မှုနဲ့ ထုတ်လုပ်မှုအပေါ်အခြေခံတဲ့ စွန့်စားမှုမျိုး မပြုလုပ်ရေးတို့ကို ရှောင်ရှားရမှာဖြစ်ပါတယ်။

ကုန်သွယ်မှု စစ်ပွဲမဖြစ်ပွားရေး တရုတ်နိုင်ငံဟာ စီးပွားရေးအတွက် နောက်ထပ် ခြေလှမ်းတစ်ရပ်ကို ထပ်လှမ်းတဲ့အခါမှာ ဖြစ်ပေါ်နိုင်သမျှသော အခြေအနေအရပ်ရပ်အပေါ် အခြေခံပြီး စဉ်းစားရမှာဖြစ်သလို ၎င်းရဲ့ တည်ငြိမ်မှုရှိရေးနဲ့ သဟဇာတဖြစ်ရေးအပေါ် မကြာသေးမီက ချဉ်းကပ်မှုဟာ ဂျပန်နိုင်ငံကဲ့သို့ မဖြစ်အောင် သတိထားရမှာပဲ ဖြစ်ပါတယ်။

**အမေရိကန်ရဲ့အခွန်စည်းကြပ်မှုက ကုန်သွယ်မှုကိုဖရိုဖရဲဖြစ်စေ**

အမေရိကန်နိုင်ငံရဲ့ အခွန်စည်းကြပ်မှုတွေဟာ အရေးပေါ်အခြေအနေတွေကို ဖြစ်ပေါ်စေပါတယ်။ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်ရဲ့ အခွန်စည်းကြပ်မှုဟာ တရုတ်နိုင်ငံကို ရိုက်ခတ်စေပါတယ်။ ထို့အတူပဲ ဆိုးရွားလှတဲ့ ကုန်သွယ်မှုသဘောတူညီချက်တွေကို ဖရိုဖရဲဖြစ်စေပါတယ်။

အမေရိကန်ရဲ့ နည်းဗျူဟာတွေဟာ ပြစ်ချက်တွေ များလှပါတယ်။ အခွန်စည်းကြပ်မှုတွေနဲ့ အခြားပိတ်ဆို့မှုတွေ အသုံးပြုပြီး တရုတ်နဲ့ ကုန်သွယ်မှုလိုငွေပြနေမှုကို လျှော့ချခြင်နေတဲ့ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်ဟာ အမေရိကန်နဲ့ နိုင်ငံပေါင်း ၁၀၀ ကျော်လောက်ရဲ့ ဘက်ပေါင်းစုံ ကုန်သွယ်မှု လိုငွေပြနေမှုအပေါ် သက်သာစေမယ့် နည်းလမ်းတွေ မဖန်တီးပေးနိုင်သလိုပါပဲ။ ဒါကြောင့် အမေရိကန်ရဲ့နည်းဗျူဟာက လက်ရှိဘဏ္ဍာရေးဈေးကွက်အပေါ် ဖိအားတွေပိုလို့ သက်ရောက်စေတာကို တွေ့ရပါတယ်။

၂၀၁၇ ခုနှစ် နှောင်းပိုင်းမှာ ကြီးမားတဲ့ အခွန်ဖြတ်တောက်မှု ဥပဒေထုတ်ပြန်ပြီးနောက် အမေရိကန်ပြည်ထောင်စုရဲ့ ဘတ်ဂျက်လိုငွေပြနေချိန်နဲ့ တိုက်ဆိုင်စွာပဲ ပြည်တွင်းစုဆောင်းငွေအပေါ် လိုငွေပြနေတဲ့ နိုင်ငံရဲ့စီးပွားရေးမညီမျှမှုဟာလည်း ပိုပြီးဆိုးရွားလာပါတယ်။ ဒီလိုအခြေအနေတွေမှာ ပြဿနာတွေဟာ ဆိုးရွားသထက် ပိုမိုဆိုးရွားလာပါတယ်။

နိဂုံးချုပ်အနေနဲ့ပြောရမယ်ဆိုရင် တရုတ်နိုင်ငံဟာ ကုန်သွယ်ရေးစစ်ပွဲတွေ မဖြစ်စေဖို့ စီးပွားရေးဆိုင်ရာ စိန်ခေါ်မှုတွေကို ရင်ဆိုင်တဲ့အခါမှာ လက်ရှိကျင့်သုံးနေတဲ့မူဝါဒတွေအပေါ်ပြန်လည်သုံးသပ်မှုတွေ လုပ်ဆောင်ရမှာ ဖြစ်ပါတယ်။ ဂျပန်နိုင်ငံလိုလည်း စီးပွားရေးဆိုင်ရာ တိုးတက်မှုအပေါ် အလွန်အမင်း ဦးစားမပေးစေသကဲ့သို့ အမေရိကန်နိုင်ငံလိုလည်း အခွန်စည်းကြပ်မှုတွေအပေါ် အတင်းအကျပ် ကျင့်သုံးတာမျိုး မဖြစ်စေဘဲ သင့်တင့်လျောက်ပတ်တဲ့ ပုံစံနဲ့ ဆက်လက် ကျင့်သုံးသွားရမှာ ဖြစ်ပါတယ်။ ။ **ကိုးကား-အေအက်ဖ်ပီ၊ ချန်နယ်နယူးအေးရှ**

# ဆောက်လုပ်ရေးလုပ်ငန်းများ ဘေးကင်းလုံခြုံမှုအားနည်း

**ရန်ကုန် ဇွန် ၃**

ရန်ကုန်မြို့တွင် ဆောက်လုပ်လျက်ရှိသော ဆောက်လုပ်ရေးလုပ်ငန်းများသည် တစ်ကိုယ်ရေသုံး ဘေးကင်းလုံခြုံရေးပစ္စည်းများ ဝတ်ဆင်မှုနည်းပါးနေခြင်းကြောင့် လုပ်ငန်းခွင်အန္တရာယ်များ မကြာခဏဖြစ်ပေါ်လျက်ရှိကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ဒီကနေ့ ဆောက်လုပ်ရေးလုပ်ငန်းခွင်အသီးသီးမှာ ဘေးကင်းလုံခြုံမှုက အားနည်းနေပါတယ်၊ အရင်တုန်းက Safety နဲ့ပတ်သက်လို့ တင်းတင်းကျပ်ကျပ်လုပ်တဲ့ အဖွဲ့အစည်းမရှိပါဘူး၊ နိုင်ငံခြားဆောက်လုပ်ရေးကုမ္ပဏီတွေဝင်လာတော့ သူတို့က တင်းတင်းကျပ်ကျပ်လုပ်တာ တွေ့ရတယ်၊ ဒီအတွက် သင်တန်းပေးရခြင်း ဖြစ်ပါတယ်" ဟု AGTI ကျောင်းသားဟောင်းများအသင်းဥက္ကဋ္ဌ ဦးငြိမ်းအောင်က ယနေ့နံနက်က အင်းစိန် GTI ကျောင်းဝင်းသင်တန်းကျောင်းခန်းမ၌ ပြုလုပ်သော ဆောက်လုပ်ရေးလုပ်ငန်းများ ဘေးကင်းလုံခြုံမှုဆိုင်ရာ သင်တန်းဖွင့်ပွဲတွင် ပြောကြားသည်။

အဆိုပါသင်တန်းသို့ ဆောက်လုပ်ရေးလုပ်ငန်းရှင်များ၊ လုပ်ငန်းခွင်ကြီးကြပ်သူများ၊ ဆောက်လုပ်ရေးလုပ်သားများ စုစုပေါင်း ၁၀၀ ကျော်တက်ရောက်ခဲ့ရာ သင်တန်းတွင် တစ်ကိုယ်ရေကာကွယ်ရေးပစ္စည်းများ အသုံးပြုခြင်း၊ ငြမ်းများအသုံးပြုခြင်း၊ အမြင့်တွင် လုပ်ငန်းများဆောင်ရွက်ခြင်း၊ လျှပ်စစ်အန္တရာယ်ကာကွယ်နိုင်ခြင်း၊ စက်ပစ္စည်းများ အသုံးပြုခြင်း၊ လေအိုးမီးများအသုံးပြု၍ ဖြတ်တောက်ခြင်း၊ ကရိန်းများအသုံးပြုခြင်း၊ လုပ်ငန်းခွင်အတွင်း သတ်မှတ်ထားသော စည်းကမ်းများ လိုက်နာခြင်း စသော အသိပညာများကို ဝါရင့်ကျွမ်းကျင်ပညာရှင်များက သင်ကြားပို့ချပေးမည်ဖြစ်သည်။

ယခုအခါ ရန်ကုန်မြို့ ဆောက်လုပ်ရေးလုပ်ငန်းများတွင် နိုင်ငံခြားကုမ္ပဏီများ ဝင်ရောက်လုပ်ကိုင်မှု ပိုမိုများပြားလာလျက်ရှိရာ ဆောက်လုပ်ရေးလုပ်ငန်းခွင် အဝင်ဂိတ်များ၌ ဆောက်လုပ်ရေးလုပ်ငန်းသုံး ကာကွယ်ရေးပစ္စည်းများဖြစ်သည့် ဦးထုပ်၊ ဖိုက်ဘာခမောက်၊ ဖိနပ်၊ ခါးပတ်တို့ကို အသုံးပြုခြင်း ရှိ၊ မရှိကို စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-မြင့်မောင်စိုး**




# လိုအပ်သည့် ဖွံ့ဖြိုးရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ရန်အတွက် တိုင်းဒေသကြီးအစိုးရက တင်ပြသည့် အသုံးစရိတ်များကို စိစစ်ရန်ဆွေးနွေး

**ရန်ကုန် ဇွန် ၃**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပေးပို့သော ၂၀၁၈-၂၀၁၉ ခုနှစ်၊ ရန်ကုန်တိုင်းဒေသကြီး၏ အရအသုံးမှန်းခြေငွေစာရင်း(လျာထားချက်)နှင့် စပ်လျဉ်း၍ လွှတ်တော်ကော်မတီများနှင့် ကိုယ်စားလှယ်များက ဇွန်လ ၁ ရက်နေ့က ကျင်းပသော တိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးတွင် ဆွေးနွေးခဲ့ကြသည်။

ပြည်သူ့ငွေစာရင်းကော်မတီ၊ အင်းစိန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဦးသာအောင်၊ ကျောက်တံတားမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဒေါ်ကြည်ပြာ၊ ဒဂုံမြို့သစ်တောင်ပိုင်း မြို့နယ်မဲဆန္ဒနယ် အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ၊ လှိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော်ထွန်း၊ ကွမ်းခြံကုန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဦးမန်းအောင်ကိုမင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂) လွှတ်တော်ကိုယ်စားလှယ် ဦးရန်အောင်နှင့် ဘဏ္ဍာရေး၊ စီမံကိန်းနှင့် စီးပွားရေး ကော်မတီတို့က ဆွေးနွေးခဲ့ကြသည်။

**ဘတ်ဂျက်ကိုသေချာစွာပြန်စစ်ဆေးဖို့အကြံပြု**

ထိုသို့ဆွေးနွေးမှုများအနက် မင်္ဂလာတောင်ညွန့်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးရန်အောင်က "လူထုအကျိုးစီးပွားဆိုတဲ့ ခေါင်းစဉ်အောက်မှာ ကျွန်တော်တို့တွေဟာ အပြန်အလှန်ထိန်းကျောင်းရင်း အပြန်အလှန် အမှီသဟဲပြုရင်း၊ အပြန်အလှန်ဖေးမရင်းနဲ့ ဆက်လက်ပြီး ချီတက်ရပါလိမ့်မယ်၊ အစိုးရက အသစ်၊ ဝန်ထမ်းယန္တရားက အဟောင်း၊ တချို့အဟောင်းတွေကျတော့လည်း အရင်တုန်းကလို လုပ်ထုံးလုပ်နည်းတွေနဲ့ အယူအဆဟောင်း တွေနဲ့ ခေါက်ရိုးကျိုးနေကြပြီး ခေတ်သစ်စနစ်သစ်ကိုသိပ်ပြီးတော့ နှစ်ခြိုက်လိုလားပုံ မရပါဘူး၊ ဒါကြောင့် အစိုးရသစ်က ဒီလိုဝန်ထမ်းတွေကိုကျစ်ကျစ်လျစ်လျစ်နဲ့ ကိုင်တွယ်နိုင်ဖို့ လိုအပ်ပါတယ်၊ ဒီလိုမှ မလုပ်နိုင်ရင် အစိုးရသစ်ရဲ့ အာနိသင်ကျဆင်းတတ်ပါတယ်၊ ဒီဘတ်ဂျက်ကိစ္စနဲ့လည်း ပတ်သက်နေပါတယ်၊ ကျွန်တော်တို့ သီးခြားရရှိထားတဲ့ သတင်းအချက်အလက်အရလည်းကောင်း ဘတ်ဂျက်တွေကို သေသေချာချာကြည့်လိုက်တော့ လက်မခံနိုင်စရာ အနေအထား၊ သံသယဖြစ်ဖွယ်အနေအထားတွေကို တွေ့ရပါတယ်၊ ဆိုလိုရင်းကတော့ အစိုးရတာဝန်ရှိသူတွေအနေနဲ့ ဘတ်ဂျက်ကို သေချာစွာပြန်စစ်ဆေးဖို့ အကြံပြုလိုပါတယ်၊ ထိုက်သင့်တဲ့ လေ့လာစုံစမ်းမှုများကို သေသေချာချာ မလုပ်နိုင်ဘူးဆိုရင်တော့ ပြည်သူလူထုရဲ့ ချွေးနဲ့စာတွေဟာ အဟောသိကံဖြစ်မှာ ဖြစ်ပါတယ်။

**မလိုအပ်တဲ့လုပ်ငန်းတွေထည့်ထား**

"ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေရယ်၊ သက်ဆိုင်ရာဌာနဆိုင်ရာတွေရယ် ရန်ကုန်တိုင်းအစိုးရအဖွဲ့ရုံးမှာ လုပ်ငန်းစီမံချက်တွေကို ကျွန်တော်တို့ ဆွေးနွေးပါတယ်၊ ဒါဟာအစိုးရသစ်လက်ထက်မှာ စပြီးဖြစ်တည်လာတဲ့ ဖြစ်ပေါ်တိုးတက်မှုတစ်ခုပါ၊ ကျွန်တော်တို့တစ်တွေ ဝိုင်းဝန်းအကြံပြုဆွေးနွေးထားတဲ့ သက်ဆိုင်ရာမြို့နယ်တွေအတွက် အဓိကလိုအပ်နေတဲ့ လုပ်ငန်းတွေဟာ ဘတ်ဂျက်ထွက်လာတဲ့အခါမှာ ပါမလာဘူး ဖြစ်သွားပါတယ်၊ မလိုအပ်တဲ့ လုပ်ငန်းတွေထည့်ထားပါတယ်၊ ဥပမာအားဖြင့် မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်းမှာ မြေထိန်းနံရံအုတ်ရေမြောင်း၊ မြေသားပြုပြင်ခြင်းနဲ့ ပိုင်ရိုက်ခြင်းလုပ်ငန်းများ ထည့်ထားပါတယ်၊ အဲဒီလုပ်ငန်းတွေရဲ့ ကုန်ကျစရိတ်က မြန်မာငွေကျပ် ၁၃၂၅ သန်းဆိုပြီး ပါဝင်ပါတယ်၊ တကယ်လိုအပ်တဲ့ လုပ်ငန်းတွေကို ပစ်ပယ်ပြီးတော့ ဘာကြောင့်မလိုအပ်တဲ့လုပ်ငန်းတွေကို ထည့်သွင်းထားရပါသလဲ၊ ကျွန်တော့်အနေနဲ့ ဥက္ကဋ္ဌကြီးကနေတစ်ဆင့် ပစ်ပယ်လိုက်တဲ့ မြို့နယ်အတွက် အမှန်တကယ်လိုအပ်လျက်ရှိတဲ့လုပ်ငန်းတွေကို သေသေချာချာ ပြန်ပြီးထည့်ပေးပါလို့ တောင်းဆိုပါတယ်"ဟု ဆွေးနွေးခဲ့သည်။

**ငွေလုံးငွေရင်းအသုံးစရိတ်**

ထို့ပြင် ဘဏ္ဍာရေး၊ စီမံကိန်းနှင့် စီးပွားရေးကော်မတီမှ သုံးသပ်အကြံပြုရာတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ သာမန်ရငွေရှင်းလင်းချက်ကို ဖော်ပြရာတွင် မြေတိုင်းခများ၊ ဈေးဝင်ငွေများ၊ မြို့တော်ဂေါက်ကွင်းမှ ရငွေများ၊ ရေဖိုးနှင့် ရေပုပ်စုပ်ခရငွေများ၊ အမှိုက်သိမ်းခရငွေများကို အားလုံးပေါင်းသာ ဖော်ပြထားကြောင်း တွေ့ရှိရသည့်အတွက် လာမည့်ဘဏ္ဍာနှစ်မှစ၍ ရငွေများအား သီးခြားတစ်ပုဒ်ချင်းစီ ဖော်ပြပေးနိုင်ပါရန် တင်ပြပါကြောင်း၊ စည်ပင်သာယာရေးအဖွဲ့များမှ သာမန်ရငွေများကို ဖော်ပြရာတွင်လည်း ဌာနတစ်ခုချင်းစီမှ မည်မျှရသည်ကို လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အသေးစိတ်မသိရှိရပါသောကြောင့် အဆောက်အအုံ ငှားရမ်းခ၊ မြေငှားရမ်းခ၊ ဈေးဆိုင်ငှားရမ်းခ၊ ဈေးဆိုင်များ မီးပေးခြင်းမှ ရငွေစာရင်းများကို လာမည့်ဘဏ္ဍာနှစ်တွင် သီးခြားတစ်ခုချင်းစီ ဖော်ပြပေးနိုင်ပါရန် တင်ပြပါကြောင်း၊ ငွေလုံးငွေရင်း အသုံးစရိတ်ရှင်းလင်းချက်တွင် ဌာနဆိုင်ရာအသီးသီးမှ ရုံးသုံးယာဉ်များ ဝယ်ယူရန် တင်ပြထားသည့်အနက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ Toyota Ford ၁၀ စီး တန်ဖိုးငွေကျပ်သန်း ၁၀၀၀ နှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ရုံးသုံးယာဉ်များ ဝယ်ယူရန် တန်ဖိုးငွေကျပ်သန်း ၂၆၄၄ စုစုပေါင်းတန်ဖိုး ငွေကျပ်သန်း ၃၆၄၄ တောင်းခံခြင်းနှင့် ပတ်သက်၍ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှလည်း Double Cab ၂၀ စီးအတွက် ငွေကျပ်သန်း ၁၀၅၀ အား ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် တင်ပြထားသည်ကို တွေ့ရှိရပါကြောင်း။

**ကာလပေါက်ဈေးအတိုင်း တိုးမြှင့်ကောက်ခံသင့်**

တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ တင်ပြထားသော မော်တော်ယာဉ်များဝယ်ယူရန် တန်ဖိုးငွေကျပ်သန်း ၃၆၄၄ အား မြို့နယ်များတွင် လိုအပ်သည့် ဖွံ့ဖြိုးရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများ ပိုမိုလုပ်ဆောင်နိုင်ရန်အတွက် ခွင့်ပြုရန် မသင့်ပါ၍ ဖြတ်တောက်သင့်ပါကြောင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ လှည်းကူးမြို့နယ် (ဖောင်ကြီး) အနောက်ကျေးရွာအုပ်စု၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး နေအိမ်ခုနစ်လုံး တည်ဆောက်ခြင်းအတွက် ငွေတောင်းခံထားရှိခြင်းအား ခွင့်မပြုသင့်ပါကြောင်း တင်ပြပြီး အခြားသောမြို့နယ်များတွင် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးခန်းများ ဆောက်လုပ်ရန်အတွက် ရန်ပုံငွေလိုအပ်ချက်များ ရှိနေသေးသောကြောင့် ဖြစ်ကြောင်း၊ မြို့တော် ဂေါက်ကွင်းအတွက် ဘာဂီယာဉ်များ ဝယ်ယူခြင်းအပါအဝင် Brush Cutter (Honda) အစီး ၂၀ ဝယ်ယူခြင်းများနှင့် အခြားအသုံးစရိတ်များအတွက် ငွေကျပ်သန်း ၁၀၇ ဒသမ ၆၅ တောင်းခံထားခြင်းအား ၂၀၁၈ ဘဏ္ဍာရေးနှစ် ခြောက်လဘတ်ဂျက်၌လည်းကောင်း ငွေကျပ်သန်း ၁၅၃၅ ဒသမ ၅၀၀ သုံးစွဲရန် ခွင့်ပြုထားပြီးဖြစ်သောကြောင့် ဖြတ်တောက်သင့်ပါကြောင်း၊ မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန၏ သာမန်ရငွေ ရှင်းလင်းချက်တွင် ရုပ်ရှင်ရုံနှင့် ဆိုင်ခန်းများ၏ ငှားရမ်းခငွေမှာ ငွေကျပ်သန်း ၃၃၇ ဒသမ ၃၉၆ ဖြစ်ကြောင်း သိရှိရပြီး ယခင်နှစ်ရငွေမှာ ငွေကျပ်သန်း ၁၆၁ ဒသမ ၆၃၉ ဖြစ်သောကြောင့် ငွေကျပ်သန်း ၁၇၅ ဒသမ ၇၅၇ ပိုမိုကောက်ခံရရှိသည်ကို သိရပါကြောင်း၊ သို့သော် ဆိုင်ခန်းများ၏ ငှားရမ်းခမှာ တိုးမြှင့်ကောက်ခံခြင်း မရှိသေးကြောင်း သိရပါသဖြင့် လာမည့်နှစ်တွင် ရုပ်ရှင်ရုံနှင့် ဆိုင်ခန်းများ ငှားရမ်းခကို ကာလပေါက်ဈေးအတိုင်း ဆက်လက်တိုးမြှင့်ကောက်ခံသင့်ပါကြောင်းနှင့် ကြွေးမြီအသုံးစရိတ် ရှင်းလင်းချက် တွင် သုံးစွဲရန်လျာထားသော ရန်ကုန်မြို့တော်ဘဏ်လီမိတက်၏ နိုင်ငံခြားဘဏ်လုပ်ငန်း လုပ်ကိုင်ရန်အတွက် ရင်းနှီးလျာထားသော ငွေကျပ်သန်းပေါင်း ၆၀၀၀ အား မြို့နယ်အသီးသီး၏ တည်ဆောက်ရေးလုပ်ငန်းများ ပိုမိုလုပ်ဆောင်နိုင်ရန်အတွက် ခွင့်မပြုသင့်ကြောင်း တင်ပြခဲ့သည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)၊ ဓာတ်ပုံ - ထိန်လင်း**


ဇွန် ၁ ရက်က ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်အစည်းအဝေး ကျင်းပနေမှုကို တွေ့ရစဉ်။

**"တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ တင်ပြထားသော မော်တော်ယာဉ်များဝယ်ယူရန် တန်ဖိုးငွေကျပ်သန်း ၃၆၄၄ အား မြို့နယ်များတွင် လိုအပ်သည့် ဖွံ့ဖြိုးရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများ ပိုမိုလုပ်ဆောင်နိုင်ရန်အတွက် ခွင့်ပြုရန် မသင့်"**

## ယနေ့ ဈေးကွက်ပေါက်ဈေးများ

၃-၆-၂၀၁၈

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၄၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၉၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၄၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၉၅၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး |
|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၉၀/၉၁၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၀၅/၉၂၅ ကျပ် |
| အောက်တိန်း ၉၂ | ၈၅၅/၈၈၀ ကျပ် |
| အောက်တိန်း ၉၅ | ၉၀၅/၉၃၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၃၅၄ ·၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၅၈၃ ·၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၀၁၂ ·၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၇၉၉ ·၇ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၂၄၃ ·၄ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၂၄ ·၅ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၁၁ ·၂၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၀ ·၀၈ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၂၅ ·၇၆ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၄၀ ·၁၆ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၂ ·၂၄၇ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

**နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

# အခွန်ထမ်းကိုယ်တိုင် စည်းကြပ်တဲ့စနစ်ဟာ အခွန်ထမ်းကိုယ်တိုင် အခွန်ဥပဒေကို သိရှိလိုက်နာဖို့ အထူးလိုအပ်ပါတယ်

**ရန်ကုန် ဇွန် ၃**

ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် မူလကအခွန်ရုံးစည်းကြပ်သည့်စနစ်မှ အခွန်ထမ်းများ ကိုယ်တိုင်စည်းကြပ်သည့်စနစ်သို့ ၂၀၁၄ ခုနှစ်မှစတင်၍ အခွန်ထမ်းကြီးများအားလည်းကောင်း၊ ပြီးခဲ့သော ၂၀၁၇ ခုနှစ်တွင် အလယ်အလတ်အခွန်ထမ်းများအားလည်းကောင်း ရှေ့ပြေးစီမံချက်အနေဖြင့် စတင်ပြောင်းလဲဖော်ဆောင်ခဲ့သည်။ ယင်းအခွန်ထမ်းများကိုယ်တိုင် စည်းကြပ်သည့်စနစ်အပေါ် အခွန်ထမ်းများ ကိုယ်တိုင်နားလည်သဘောပေါက်၍ လိုက်နာဆောင်ရွက်မှုရှိခဲ့သလို၊ နားလည်သဘောပေါက်လွဲမှားမှုများလည်းရှိခဲ့သည်။ ၂၀၁၄ ခုနှစ်မှစတင်၍ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေအား ပြဋ္ဌာန်းခဲ့ပြီး နှစ်အလိုက် ပြဋ္ဌာန်းခဲ့သည်မှာ ယခု ၂၀၁၈ ခုနှစ်တိုင်အောင် ပြဋ္ဌာန်းသတ်မှတ်ခဲ့ပြီးဖြစ်သည်။ သို့ဖြစ်၍ အခွန်းထမ်းကိုယ်တိုင် စည်းကြပ်မှုစနစ်နှင့် အသစ်ထုတ်ပြန်လိုက်သော ၂၀၁၈ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေအား ရှင်းလင်းချပြဆွေးနွေးပွဲကို မေ ၂၉ ရက်က ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ UMFCCI ၌ ကျင်းပခဲ့ရာ အဆိုပါရှင်းလင်းပွဲသို့ တက်ရောက်လာသော အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၁)မှ တာဝန်ရှိသူများနှင့် အလယ်အလတ်အခွန်ထမ်းများအား မေးမြန်းခဲ့မှုများအား ဖော်ပြလိုက်ပါသည်။

**ညွှန်ကြားရေးမှူး ဒေါ်ခင်ယမုန်အောင်(ဌာနမှူး)**
**အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၁)**

ဒီနေ့ကျင်းပတဲ့အခမ်းအနားက အဓိကအချက်အနေနဲ့ ဝင်ငွေကြေညာလွှာကို ဖြည့်စွက်တဲ့နေရာမှာ အခွန်ထမ်းသိသင့်သိထိုက်တဲ့အချက်တွေကို ရှင်းလင်းဆွေးနွေးတဲ့ ကြေညာလွှာဖြည့်စွက်ပုံနည်းအဆင့်ဆင့် ဆွေးနွေးတာဖြစ်ပါတယ်။ အသစ်ပြဋ္ဌာန်းလိုက်တဲ့ အခွန်အကောက်ဥပဒေပြောင်းလဲမှုလည်း ပါဝင်တာပေါ့။ ကြေညာလွှာပုံစံဆိုတာကလည်း အခွန်ထမ်းကိုယ်တိုင်စည်းကြပ်တဲ့စနစ်ရဲ့ ကြေညာလွှာပုံစံကို ရှင်းလင်းဆွေးနွေးတာပါ။ ပြောင်းလဲတာအများစုက ကုန်သွယ်လုပ်ငန်းခွန်၊ ကင်းလွတ်ခွင့်ရတဲ့ ကုန်စည်တွေ တချို့ဆိုရင် ပိုပြီးကင်းလွတ်ခွင့်ရသွားတာတွေရှိတယ်။ တချို့ကုန်စည်တွေက ကုန်သွယ်လုပ်ငန်းခွန် ပြန်ပေးရမှာရှိတယ်။ နောက်တစ်ခုကတော့ အထူးကုန်စည်ခွန်ဖြစ်တဲ့ အရက်၊ ဘီယာ၊ စီးကရက်နဲ့ ကားတွေမှာ အနည်းငယ်နှုန်းထား ပြောင်းလဲလိုက်တာတွေရှိပါတယ်။ အဲဒါလောက်ပါပဲ။ ပြည်တွင်းအခွန်များဦးစီးဌာနအနေနဲ့ အခွန်ထမ်းကိုယ်တိုင်စည်းကြပ်တဲ့စနစ်ကို အလယ်အလတ်အခွန်များဆိုင်ရာ အခွန်ရုံး(၁)မှာ မနှစ်ကတည်းက ပြောင်းလဲကျင့်သုံးခဲ့တာပါ။ ဒီနှစ်ကဒုတိယနှစ်ဖြစ်ပါတယ်။ အခွန်ထမ်းကိုယ်တိုင်စည်းကြပ်တဲ့စနစ်ဆိုတဲ့အတိုင်းပဲ အခွန်ထမ်းတွေဟာ မိမိရတဲ့ဝင်ငွေအပေါ် ကျသင့်တဲ့အခွန်ကို မိမိဘာသာတွက်ချက်ပေးဆောင်ပြီး ကြေညာလွှာသွင်းရတဲ့ စနစ်ဖြစ်တာကြောင့် အခွန်ထမ်းတွေအနေနဲ့ကတော့ အခွန်ရုံးကနေ ဘယ်လောက်အခွန်ပေးပါလို့ တောင်းခံလွှာစောင့်နေစရာမလိုဘဲ သူတို့ရဲ့ ဘဏ္ဍာရေးအခြေအနေအရ ကျသင့်တဲ့အခွန်ကို မှန်းပြီးတွက်ထားလို့ရပါတယ်။ အခုကာလအနေနဲ့ ကြေညာလွှာတင်တဲ့ကာလဖြစ်ပြီး လက်ရှိမှာ မေလဖြစ်တာကြောင့် ကြေညာလွှာတင်သွင်းတဲ့ကာလရဲ့ဒုတိယလဆိုတော့ ဇွန်လဆိုရင် နောက်ဆုံးလဖြစ်ပါတယ်။ အဲဒီအချိန်မှာ အခွန်ထမ်းတွေအနေနဲ့ ငါတို့ဒီနှစ်အခွန်ဘယ်လောက်ကျတယ်ဆိုတာ သေချာတွက်ပြီးဖြစ်တဲ့အတွက်ကြောင့် အဲဒီအတိုင်းပဲ စည်းကြပ်ရမှာဖြစ်လို့ သူတို့ရဲ့ ဘဏ္ဍာရေးအခြေအနေကို သူတို့သိနိုင်တဲ့အတွက် သူတို့ရဲ့လုပ်ငန်းတွေကို ဘယ်လိုချဲ့ထွင်နိုင်မယ်၊ လုပ်ငန်းတွေမှာ ဘယ်လိုသုံးလို့ရမယ်ဆိုတာကို ကြိုတင်တွက်ချက်ထားလို့ရတာကြောင့် အခွန်ထမ်းတွေအနေနဲ့ အားသာချက်ရှိပါတယ်။ အခွန်စနစ်တစ်ခုပြောင်းတဲ့အခါမှာ အခွန်ရုံးပိုင်းရော၊ အခွန်ထမ်းဘက်ရော နှစ်ဦးနှစ်ဖက်မှာတော့ ဆောင်ရွက်နိုင်မှု အားနည်းချက် အနည်းအကျဉ်းရှိခဲ့ပါတယ်။ အခွန်ထမ်းကိုယ်တိုင်စည်းကြပ်ရတဲ့စနစ်က အခွန်ထမ်းကိုယ်တိုင် အခွန်ဥပဒေတွေ ပိုပြီးနားလည်အောင် လုပ်လာရပါတယ်။ အရင်ကအကြောင်းကြောင်းကြောင့် အခွန်ထမ်းတွေကိုယ်တိုင် အခွန်ဥပဒေပိုင်းဆိုင်ရာ ပြဋ္ဌာန်းချက်တွေကို သိရှိနိုင်မှု အားနည်းခဲ့သော်လည်း အခွန်ထမ်းတွေ ကိုယ်တိုင်စည်းကြပ်တဲ့ အခွန်စနစ်မှာတော့ အခွန်ထမ်းတွေကိုယ်တိုင် အခွန်ဥပဒေတွေကို နားလည်အောင် ကြိုးစားလာရတယ်။ အဲဒါကြောင့် ဒီကနေ့ အသေးစိတ်ထပ်မံရှင်းလင်းတာ ဖြစ်ပါတယ်။

**ဒေါ်နန်းပေါင်းခမ်း (ဒုတိယညွှန်ကြားရေးမှူး )**
**အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး (၁)**

ဒီနေ့ အဓိက ရှင်းတာက ၂၀၁၈ ခုနှစ် ပြည်ထောင်စုရဲ့အခွန်အကောက်ဥပဒေဖြစ်ပါတယ်။ ဥပဒေပါ ပြဋ္ဌာန်းချက်အားလုံးကိုတော့ ရှင်းလင်းတင်ပြတာ မဟုတ်ပါဘူး။ ပြီးခဲ့တဲ့ ၂၀၁၇ ခုနှစ် ပြည်ထောင်စုအခွန်အကောက်ဥပဒေမှာ ပြောင်းလဲပြဋ္ဌာန်းထားတဲ့ အချက်အချို့ကိုပဲ အခွန်ထမ်းတွေကို ရှင်းပြတာပါ။ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး(၁)ရဲ့အခွန်ထမ်းတွေကပြီးတဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်ကစပြီး အခွန်ထမ်းကိုယ်တိုင် အခွန်စည်းကြပ်တဲ့စနစ်နဲ့ ပြောင်းလဲကျင့်သုံးခဲ့ပါတယ်။ အခွန်ထမ်းတွေအနေနဲ့ အခွန်ရုံးက ပြဋ္ဌာန်းထားတဲ့ဥပဒေတွေ၊ နည်းဥပဒေတွေသိရှိနားလည်မှသာ လုပ်ငန်းအပေါ်မှာ အခွန်ဘယ်လိုတွက်ချက်ရမယ်၊ ဘယ်လိုအခွန်ဆောင်ရမယ် ဆိုတဲ့ လုပ်ထုံးလုပ်နည်းတွေကို နားလည်မှာဖြစ်ပါတယ်။ ဥပဒေပါပြဋ္ဌာန်းချက်တွေကို လိုက်နာမှုရှိမှသာ အခွန်တွေကို ပေးဆောင်နိုင်မှာ ဖြစ်တာကြောင့် အခွန်ထမ်းတွေအတွက် လိုအပ်ချက်တွေကို အခုလိုတွေ့ဆုံပြီး ရှင်းလင်းတင်ပြရတာ ဖြစ်ပါတယ်။ အခွန်ထမ်းအနေနဲ့ကတော့ အခွန်ပေးဆောင်မှုကနေရရှိတဲ့နိုင်ငံတော်ရဲ့အကျိုးစီးပွားတွေကို နားလည်ပြီးဖြစ်ပါတယ်။ အခွန်အကောက်ဥပဒေပြဋ္ဌာန်းချက်များအရဆိုရင် ကျွန်မတို့ဌာနကနေ အခွန်ကောက်ခံရတာ သုံးမျိုးရှိမယ်။ အထူးကုန်စည်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နဲ့ ဝင်ငွေခွန်ဖြစ်ပါတယ်။ အဲဒီမှာ နှုန်းထားအချို့ ပြောင်းလဲတာရှိပါတယ်။ အထူးကုန်စည်ခွန်မှာဆိုလည်း စီးကရက်နှုန်းထားတချို့ ပြောင်းလဲတယ်။ ကုန်သည်လုပ်ငန်းခွန်မှာဆိုလည်း ကုန်သွယ်လုပ်ငန်းခွန် မကျသင့်တဲ့ကုန်စည်၊ ကုန်သွယ်လုပ်ငန်းခွန်မကျသင့်တဲ့ ဝန်ဆောင်မှုလုပ်ငန်းခွန်ပေါ့။ အဲဒါတွေ အပြောင်းအလဲတချို့ရှိပါတယ်။ ဝင်ငွေခွန်မှာဆိုလည်း ပုဒ်မခွဲတစ်ခုတိုးလာတာရှိသလို အနည်းငယ်ပြောင်းလဲတာတွေလည်းရှိပါတယ်။ ဒီနေ့ကတော့ အဲဒီပြောင်းလဲမှုတွေကိုပဲ အဓိကထား ရှင်းပြခဲ့တာပါ။

**ဒေါ်ခင်ဆွေမြင့် IBC (International Business Center)**

အရင်ကတော့ အခွန်ရုံးက စည်းကြပ်တာကို ကျွန်မတို့က နှစ်ချုပ်စာရင်းလေးတင်ပြရုံနဲ့ လုပ်ခဲ့တာပါ။ ခုကျွန်မတို့ အခွန်ထမ်းတွေကိုယ်တိုင် မိမိဘာသာ စည်းကြပ်ရတာဖြစ်တယ်။ ဒီစနစ်က မနှစ်ကမှ စတာပါ။ ဒီပြောင်းလဲလိုက်တဲ့ အခွန်စနစ်အပေါ် မှာ အခွန်ရုံးကလည်း ညွှန်ကြားမှုတွေ အခုလိုပေးတာတွေရှိတော့ သိပ်အခက်အခဲတော့ မရှိပါဘူး။ အခွန်ရုံးဘက်ကလည်း အများကြီးထောက်ပံ့ပေးပါတယ်။ အခွန်ရုံးက ဆောင်ခိုင်းတုန်းကတော့ သတ်မှတ်ထားတဲ့အတိုင်း ဆောင်ရတာပေါ့။ ခုဟာက အခွန်ရုံးက ဘယ်လိုနည်းလမ်းတွေနဲ့ ဆောင်ပေးရမယ်ဆိုတဲ့ ညွှန်ကြားမှုအတိုင်း အခွန်ထမ်းတွေ ရေးဆွဲထားတဲ့ နှစ်ချုပ်အရ ဆောင်ရတာဆိုတော့ ဘာကိုမှ အခက်အခဲမရှိပါဘူး။ အခွန်ရုံးက ရှင်းလင်းပြောပြတဲ့အတွက် လွယ်လည်းလွယ်ကူပါတယ်။ မနှစ်က ဝင်ငွေကို ဒီနှစ်ဇွန်လမကုန်ခင်မှာ ဝင်ငွေခွန်ကြေညာလွှာတင်သွင်းရမှာပါ။ ပြောင်းလဲတယ်ဆိုပေမယ့် လိုက်မမီလောက်တဲ့အထိတော့ မဟုတ်ပါဘူး။ ကျွန်မတို့ အခွန်ထမ်းတွေအတွက် အနည်းအကျဉ်းတော့ အခက်အခဲရှိတာပေါ့။ ဒါကလည်း ပြောင်းလဲမှုရဲ့အစမို့ပါ။ အခွန်နဲ့ ပတ်သက်လို့ကတော့ နိုင်ငံသားတိုင်း ထမ်းဆောင်ရမယ့် တာဝန်ရှိပါတယ်။ ကျွန်မတို့ ကုမ္ပဏီတွေကလည်း ထမ်းဆောင်ရမယ့်တာဝန်ရှိပါတယ်။ ဒီနေ့ဆွေးနွေးတဲ့ ၂၀၁၈ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေနဲ့ ယခင် ၂၀၁၇ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကို နှိုင်းယှဉ်ရာမှာ ပြောင်းလဲတာ သိပ်လည်းကွာဟမှုမရှိတော့ အခွန်ထမ်းတွေအနေနဲ့ ခက်ခဲမှုတော့ မရှိပါဘူး။

အဆိုပါ အလယ်အလတ်အခွန်ထမ်းများနှင့် တွေ့ဆုံဆွေးနွေးပွဲသို့ ပြည်တွင်းအခွန်များဦးစီးဌာန အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၁)မှ ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူးများ၊ တာဝန်ရှိသူများနှင့် အလယ်အလတ်အခွန်ထမ်း ၃၀၀ ကျော် တက်ရောက်ခဲ့ကြောင်း ဆွေးနွေးခဲ့သည်။

**မောင်စိန်လွင်(မြန်မာ့အလင်း)**


ပြောင်းလဲလိုက်သော အခွန်ထမ်းကိုယ်တိုင် စည်းကြပ်သည့်စနစ်နှင့် ပတ်သက်၍ အခွန်ထမ်းများအား ရှင်းလင်းဆွေးနွေးစဉ်။


ဒေါ်ခင်ယမုန်အောင်(ဌာနမှူး)
ညွှန်ကြားရေးမှူး
အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ
အခွန်ရုံး(၁)


ဒေါ်နန်းပေါင်းခမ်း
ဒုတိယညွှန်ကြားရေးမှူး
အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ
အခွန်ရုံး (၁)


ဒေါ်ခင်ဆွေမြင့်
IBC (International Business Center)

**မြန်မာ့အလင်း**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်းမှူး | - | မြင့်ဆွေ (သတင်းထောက်ချုပ်) |
| စာတည်းများ | - | မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

**Gmail** mmalin.npt @ gmail.com,
**Facebook** www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၃၄၊ **စီမံ** ၀၁-၅၄၄၃၃၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၃၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၃၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

အ ခွင့် အ လမ်း ဖွေ ရှာ ဘ ဝ အ တွက် တာ

# ကလေးအလုပ်သမား ပပျောက်ရေး အားလုံးဝိုင်းဝန်းကူညီပေးရန် လိုအပ်နေ

ခင်ရတနာ

မြန်မာနိုင်ငံတွင် အလုပ်လုပ်ကိုင်နေသည့် ကလေးများ အားလုံးအနက်မှ ၆၁ ရာခိုင်နှုန်းသည် အနည်းဆုံးလုပ်ခကို တစ်ရက်တာအတွက်ရရှိနေကြပြီး ယောကျ်ားလေး ကလေးငယ်များသည် မိန်းကလေးများထက် ပိုမိုကာ လုပ်အားခ ရရှိကြသည်။ မြို့ပြတွင် နေထိုင်ကြသည့် အလုပ်လုပ်ကိုင်သော ကလေးများသည် လုပ်ခကို လစာအဖြစ် ရရှိနိုင်ကြပြီး ကျေးလက်ဒေသများတွင် နေထိုင်ကြသည့် ကလေးငယ်များမှာမူ နေ့တွက်အလိုက်သာ ရရှိနေကြသည်။ မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုဖြစ်သည့်အားလျော်စွာ ကလေးအလုပ်သမားပပျောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက်လည်း လိုအပ်ချက်များစွာ ရှိနေသေးသည်။ ကလေးလုပ်သားများသည် နိုင်ငံအတွင်းရှိ ကျေးလက်ဒေသအများစုနှင့် မြို့ပြအခြေခံလူတန်းစားများအတွင်း တည်ရှိနေကြပြီး ယင်းတို့ကို ပပျောက်ရေးအတွက်လည်းကောင်း၊ ယင်းတို့၏ အလုပ်သမားအခွင့်အရေး ကလေးလုပ်သားအခွင့်အရေး အပြည့်အဝရရှိရန်အတွက်လည်းကောင်း၊ အမြဲမစေခိုင်းခံရခြင်း မရှိစေရန်အတွက်လည်းကောင်း ကြိုးစားဖော်ဆောင်နေရဆဲကာလတစ်ခုဖြစ်သည်။

## ကလေးတွေအတွက် တရားမျှတမှု

"ကလေးသူငယ်တွေကို အများဆုံး စေခိုင်းတာ စက်ရုံ၊ အလုပ်ရုံလိုနေရာမျိုးတွေထက် နယ်တွေမှာ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းတွေ၊ အိမ်တွင်းစီးပွားရေးလုပ်ငန်းတွေနဲ့ အိမ်အကူလုပ်ငန်းတွေမှာ တွေ့နေရတယ်၊ တစ်နိုင်ငံလုံးအတိုင်းအတာဖြစ်တဲ့အတွက် ကြပ်မတ်ဆောင်ရွက်ဖို့အတွက် အခက်အခဲတွေရှိတယ်၊ အဲဒါကိုလည်း ပြည်သူတွေအနေနဲ့ ဝိုင်းဝန်းပူးပေါင်းပေးဖို့လိုအပ်ပါတယ်၊ ဥပမာပြောရရင် မိမိတို့ပတ်ဝန်းကျင်မှာ အသက်မပြည့်သေးတဲ့ ကလေးတွေကို အလုပ် လုပ်ကိုင်စေတယ်ဆိုရင် သူတို့ရတဲ့ အခကြေးငွေ သို့မဟုတ် လုပ်ခလစာဟာ ထိုက်သင့်တဲ့အခြေအနေမဟုတ်ဘူးဆိုရင် အလုပ်ရှင်ကိုလည်း နားလည်အောင်ရှင်းပြဖို့ လိုအပ်သလို မြို့နယ်အသီးသီးမှာ အလုပ်သမားရုံးတွေရှိတဲ့အတွက်တိုင်ကြားနိုင်ပါတယ်၊ ဒါတင်မကသေးပါဘူး၊ လူမှုဝန်ထမ်းအဖွဲ့အစည်းတွေကိုလည်း တိုင်ကြားပြီး ကလေးတွေအတွက် တရားမျှတမှုရရှိအောင် ကူညီပေးကြဖို့ အားလုံးမှာတာဝန်ရှိပါတယ်"ဟု အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်က ပြောသည်။

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ထုတ်ပြန်သည့် ကလေးအလုပ်သမားစာရင်းကောက်ယူမှုအရ ကလေးများ လခစားအလုပ်များ လုပ်ကိုင်ကြရာတွင် မိန်းကလေးများသည် ပိုမိုဝင်ငွေရရှိကြပြီး အသက်အရွယ်အလိုက် လစာရရှိမှုကို သုတေသနပြုခဲ့သည့်အခါ အသက်အုပ်စုအားလုံးတွင် လုပ်ခကို နေ့အလိုက်ရရှိမှုသည် မြင့်မားပြီး ပျမ်းမျှ ကလေးအလုပ်သမားတစ်ဦးသည် တစ်နာရီလျှင် ၄၀၀ ကျပ် ရရှိကာ သတ္တုနှင့် ကျောက်တူးဖော်ခြင်းလုပ်ငန်းများတွင် အမြင့်ဆုံး အနေဖြင့် တစ်နာရီလုပ်ခ ၆၀၀ ကျပ် ရရှိကြကြောင်း သိရှိရသည်။

အန္တရာယ်များသည့် အလုပ်များတွင် အများဆုံးလုပ်ကိုင်နေကြသူများမှာ အသက် ၁၅နှစ်မှ ၁၇ နှစ်အတွင်း ကလေးများဖြစ်ကြပြီး ၄င်းအသက်အုပ်စုအတွင်းရှိ ကလေးစုစုပေါင်း၏ ၁၈ ရာခိုင်နှုန်းမှာ အန္တရာယ်ရှိသည့် လုပ်ငန်းခွင်အတွင်း လုပ်ကိုင်နေကြသူများဖြစ်ကြောင်း ကလေးအလုပ်သမားစစ်တမ်းက ထုတ်ဖော်ထားသည်။ အထူးသဖြင့် ကျောင်းလုံးဝတက်ရောက်ခြင်းမရှိသည့် ကလေးသူငယ်များအနက် ၁၀ ရာခိုင်နှုန်းသည် အလုပ်လုပ်ကိုင်နေသော ကလေးများဖြစ်ကြပြီး ယင်းအနက် ထက်ဝက်ခန့်မှာ အန္တရာယ်ရှိသော လုပ်ငန်းခွင်များတွင် လုပ်ကိုင်နေကြသည်ကို တွေ့ရှိရသည်။ ကျေးလက်ဒေသရှိကလေးများသည် မြို့ပြကလေးများထက် ပိုမိုကာအန္တရာယ်ရှိသည့်လုပ်ငန်းခွင်ကို ရင်ဆိုင်နေကြရသည်။

"ပြီးခဲ့တဲ့ မေလကုန်ကပဲ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေနဲ့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရဲ့ ကလေးသူငယ်များနှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ အထူးကိုယ်စားလှယ်ဖြစ်တဲ့ Ms.Virginia Gamba ဦးဆောင်တဲ့ ကိုယ်စားလှယ်အဖွဲ့နဲ့ တွေ့ဆုံခဲ့ပါတယ်၊ တပ်မတော်နဲ့ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းတွေမှာ ကျန်ရှိနေသေးတဲ့ အသက်မပြည့်သေးတဲ့ ကလေးသူငယ်တွေရဲ့ အရေးကိစ္စတွေနဲ့ပတ်သက်ပြီး ဆွေးနွေးခဲ့ကြပါတယ်၊ ကျွန်တော်တို့ဟာ အသက်မပြည့်သေးတဲ့ ကလေးအလုပ်သမားတွေ၊ ကလေးစစ်သားတွေနဲ့ ပတ်သက်ပြီး နိုင်ငံတကာနဲ့လည်း ပူးပေါင်းဆောင်ရွက်သလို ရှေ့ဆက်ပြီးတော့လည်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ ကလေးသူငယ်များနှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ အဖွဲ့နဲ့လည်း ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု အမြဲတမ်းအတွင်းဝန်က ဆက်လက်ပြောကြားသည်။

အလုပ်လုပ်နေသော ကလေးသူငယ်များထဲမှ ၅၅ ဒသမ ၇ ရာခိုင်နှုန်းမှာ လယ်ယာစိုက်ပျိုးရေး လုပ်ငန်းများနှင့် ပင်လယ်ပြင်၊ မြစ်ချောင်းများတွင် ရေလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများ ဖြစ်ကြောင်း၊ ကျေးလက်တွင် အလုပ်လုပ်ကြသည့် ကလေးသူငယ်များအားလုံး၏ ၆၆ ရာခိုင်နှုန်းမှာ လယ်ယာလုပ်ငန်းခွင်အတွင်း ရောက်ရှိနေကြသည်ကို မြင်တွေ့ရကြောင်း၊ အသက် ၅ နှစ်မှ ၁၇ နှစ်အတွင်း ကလေးများကို အခကြေးငွေပေး အလုပ်လုပ်ခိုင်းလျှင် ကလေးလုပ်သားဟု သတ်မှတ်နိုင်ကြောင်း၊ သို့သော် အဆိုးရွားဆုံးပုံစံဖြင့် ကလေးငယ်များကို ခိုင်းစေခြင်း၊ လုပ်ငန်းခွင်သို့ ဝင်နိုင်မည့် အငယ်ဆုံးအသက်ထက်ငယ်သော ကလေးများကို အလုပ်လုပ်ခိုင်းခြင်းနှင့် အခကြေးငွေမပေးဘဲ အန္တရာယ်ရှိသည့် အိမ်မှုကိစ္စများ လုပ်ကိုင်စေခြင်းကို ရှောင်ကြဉ်သင့်ကြောင်း သိရသည်။

ကလေးများအား ကုန်ပစ္စည်းအဖြစ် ရောင်းချခြင်း၊ တရားမဝင် လူကုန်ကူးခြင်း၊ အဓမ္မပြုကျင့်ခြင်း၊ ကျေးကျွန်အဖြစ်စေခိုင်းခြင်း၊ စစ်မြေပြင်တွင် ကလေးများကို အသုံးပြုစေခိုင်းခြင်း၊ ပြည့်တန်ဆာလုပ်ငန်းတွင် စေခိုင်းခြင်း၊ မူးယစ်ဆေးရောင်းချဝယ်ယူသည့် လုပ်ငန်းများတွင် စေခိုင်းခြင်း၊ အန္တရာယ်ရှိသည့် လုပ်ငန်းခွင်များတွင် စေခိုင်းခြင်း၊ ကိုယ်ကျင့်တရားကို အန္တရာယ်ဖြစ်စေခြင်း စသည်တို့သည် ကလေးလုပ်သားများအတွက် ကာကွယ်ပေးသင့်သည့်အရာများဖြစ်ကြောင်း စစ်တမ်းတွင် ဖော်ပြထားသည်။

## ကလေးလုပ်သားစစ်တမ်း

"ကလေးလုပ်သားစစ်တမ်းမှာ ကလေးကို အသက် ငါးနှစ်ကနေ ၁၇ နှစ်အထိ အပိုင်းအခြားရှိသူတွေလို့ သတ်မှတ်ပြီး လေ့လာခဲ့ပါတယ်၊ ကလေးလုပ်သားသတ်မှတ်ချက်မှာ အသက် ငါးနှစ်က ၁၇ နှစ်တွင်း အန္တရာယ်ရှိအလုပ်မှာ တစ်ပတ်ကို အနည်းဆုံး တစ်နာရီအတွက် လုပ်ခသို့မဟုတ် အကျိုးအမြတ်ရဖို့ အလုပ်စေခိုင်းခံရတဲ့ကလေးတွေ၊ အသက် ငါးနှစ်က ၁၁ နှစ်အတွင်း တစ်ပတ်အနည်းဆုံး တစ်နာရီ လုပ်ခ သို့မဟုတ် အကျိုးအမြတ်ရဖို့ ခိုင်းစေခံရတဲ့ ကလေးတွေ၊ အသက် ၁၂ နှစ်ကနေ ၁၄ နှစ်အတွင်း လုပ်ခ သို့မဟုတ် အကျိုးအမြတ်ရဖို့ တစ်ပတ်ကို ၂၄ နာရီထက်ပိုပြီး နေ့ဆိုင်း၊ ညဆိုင်းခိုင်းစေခံရတဲ့ကလေးတွေ၊ အသက် ၁၅ နှစ်ကနေ ၁၇ နှစ်အတွင်း လုပ်ခသို့မဟုတ် အကျိုးအမြတ်ရဖို့အတွက် တစ်ပတ်ကို ၄၄ နာရီထက်ပိုပြီး အလုပ်လုပ်ခိုင်းစေခြင်းခံရတဲ့ ကလေးတွေကို ကလေးလုပ်သားလို့ သတ်မှတ်ပါတယ်၊ ကျန်တဲ့ အလုပ်လုပ်နေတဲ့ ကလေးတွေကိုတော့ ကလေးလုပ်သားအဖြစ် မရေတွက်ဘဲ အလုပ်လုပ်နေတဲ့ ကလေးတွေအဖြစ် သတ်မှတ်ထားပါတယ်"ဟု အလုပ်သမားညွှန်ကြားရေးဦးစီးဌာန လုပ်သားအင်အားကောက်ယူပြုစုရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါ်စန္ဒာအေးက ကလေးလုပ်သားအဖြစ် သတ်မှတ်ချက်ကို ရှင်းပြသည်။

အလုပ်လုပ်ကိုင်နိုင်သည့် အပိုင်းအခြားကို နိုင်ငံအလိုက် မိမိတို့နိုင်ငံ၏ စီးပွားရေး၊ လူမှုရေးစသည့် အခြေခံလိုအပ်ချက်များအပေါ် မူတည်ကာ သတ်မှတ်ထားတတ်ကြသည်။ အိုင်အယ်လ်အိုမှ အငယ်ဆုံးဖြစ်ရမည့် လုပ်သား၏ အသက်အရွယ်ကို ၁၃ နှစ်ဟု သတ်မှတ်ထားသည်။ ၂၀၁၅ခုနှစ် မြန်မာနိုင်ငံ လုပ်သားအင်အား၊ ကလေးလုပ်သားနှင့် ကျောင်းအပြီး လုပ်ငန်းခွင်ဝင်ရောက်မှု အကူးအပြောင်း ဆန်းစစ်ခြင်း စစ်တမ်းတွင် လုပ်သားတစ်ဦးကို အသက် ၁၅ နှစ် အထက်ဟူ၍ သတ်မှတ်ထားသည်ကို တွေ့ရသည်။ မြန်မာနိုင်ငံတွင် ကလေးဦးရေဟု သတ်မှတ်ထားသည့် အသက် ငါးနှစ်မှ ၁၇ နှစ်ကြား လူဦးရေမှာ ၁၂ သန်းခန့်ရှိပြီး အလုပ်လုပ်နိုင်သည့် ကလေးတိုင်းသည် ကလေးလုပ်သားများမဟုတ်ကြောင်း၊ ကလေးလုပ်သားဦးရေသည် ကလေးစုစုပေါင်း၏ ကိုးရာခိုင်နှုန်းရှိကြောင်း၊ ယင်းတို့ထဲမှ ၅၄ ဒသမ ၈ ရာခိုင်နှုန်းသည် အန္တရာယ်ရှိသည့် လုပ်ငန်းခွင်များတွင် လုပ်ကိုင်နေကြပြီး ကလေးလုပ်သား အသက်အုပ်စု ၁၅ နှစ်မှ ၁၇ ကြားမှာမူ သစ်တောများနှင့် လယ်ယာလုပ်ငန်း ကဏ္ဍများတွင် အများဆုံးလုပ်ကိုင်နေကြောင်း ၂၀၁၅ ခုနှစ် မြန်မာနိုင်ငံ လုပ်သားအင်အား၊ ကလေးလုပ်သားနှင့် ကျောင်းအပြီး လုပ်ငန်းခွင်ဝင်ရောက်မှု အကူးအပြောင်း ဆန်းစစ်ခြင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

ကလေးများအတွက် အန္တရာယ်ရှိသော အလုပ်များကို ဆုံးဖြတ်သတ်မှတ်ရာတွင် ကလေးများ၏ ရုပ်နှင့် စိတ်ပိုင်းဆိုင်ရာ အကာအကွယ်ကင်းမဲ့စေသည့် သို့မဟုတ် လိင်ပိုင်းဆိုင်ရာ အလွဲသုံးဖြစ်စေသည့် အလုပ်အကိုင်၊ မြေအောက်၊ ရေအောက်နှင့် အန္တရာယ်ရှိသည့် မြင့်မားသောနေရာများ၊ ပိတ်လှောင်နေသည့် နေရာများကို စေခိုင်းခြင်း၊ အန္တရာယ်ရှိသည့် စက်ယန္တရား၊ ကိရိယာတန်ဆာများ သို့မဟုတ် လူအားဖြင့် လေးလံသည့် ဝန်စည်များ တင်ဆောင်ခိုင်းခြင်း၊ ကျန်းမာရေးနှင့် မညီညွတ်သည့် လုပ်ငန်းခွင်များ၊ ဥပမာ မြင့်မားသော အပူချိန်နှင့် ဆူညံသံများ သို့မဟုတ် ဘေးသင့်နိုင်သည့် လုပ်ငန်းအဆင့်ဆင့်၊ အချိန်ကြာမြင့်စွာ အလုပ်လုပ်ကိုင်ရခြင်း သို့မဟုတ် ညဥ့်ကာလများတွင် လုပ်ကိုင်ရခြင်းတို့မှာ ကလေးလုပ်သားများအတွက် မဖြစ်သင့်သည့် အလုပ်အကိုင်များ ဖြစ်သောကြောင့် ခွင့်ပြုရန်မသင့်ကြောင်းသိရပြီး ယင်းသို့ စေခိုင်းနေသည်ကို မြင်တွေ့ရပါကလည်း သက်ဆိုင်ရာသို့ တိုင်ကြားသင့်ပါသည်။

ကလေးလုပ်သားစစ်တမ်းများအရ ကလေးလုပ်သားတစ်ဦး၏ ပျမ်းမျှအလုပ်ချိန်မှာ တစ်ပတ်လျှင် ၅၄ ဒသမ ၂၂ နာရီဖြစ်ပြီး တစ်ရက်လျှင် ၉ နာရီနှင့်အထက် လုပ်ကိုင်နေကြရသည်ကို တွေ့ရှိရသည်။ ထို့အပြင် အန္တရာယ်ရှိသော အလုပ်တွင် လုပ်ကိုင်နေသော ကလေးစုစုပေါင်းသည် ၆၁၆၈၁၅ ဦးရှိနေပြီး ၎င်းတို့မှာ တစ်ပတ်လျှင် ပျမ်းမျှအလုပ်ချိန် ၅၁ ဒသမ ၉ နာရီလုပ်ကိုင်နေကြရကြောင်း သိရသည်။ မြန်မာနိုင်ငံတွင် အိမ်ထောင်စု ၁၁ သန်းရှိသည့်အနက် ၆၀ ရာခိုင်နှုန်းသည် ကလေးရှိကြပြီး ယင်းတို့အနက် ခြောက်ပုံတစ်ပုံတွင် အနည်းဆုံး အလုပ်လုပ်နေသည့် ကလေးလုပ်သားတစ်ဦးရှိသည်ဟု သိရှိရသည်။



ဓာတ်ပုံ-အိုင်အယ်လ်အို(မြန်မာ)



## ကလေးအလုပ်သမားပပျောက်ရေး

မြန်မာနိုင်ငံသည် ကလေးအလုပ်သမား ပပျောက်ရေးအတွက် ILO Convention-182 ကို လက်ခံ ကျင့်သုံးပြီး အချိန်ကာလတိုအတွင်း ကလေးအလုပ်သမား ပပျောက်ရေးကို အားသွန်ဆောင်ရွက်နေမှုများ၊ နိုင်ငံတော်အဆင့် လုပ်ငန်းစီမံချက် ရေးဆွဲပြီး ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြနိုင်ရေး ဆောင်ရွက်နေမှု၊ အလုပ်လုပ်နိုင်သည့် ကလေးများ၏ အနိမ့်ဆုံးအသက်ကို ပြင်ဆင်သတ်မှတ်နိုင်ခဲ့မှုနှင့် ကလေးများအတွက် ဘေးအန္တရာယ်ရှိသော အလုပ်စာရင်းပြုစုနေမှု အခြေအနေများနှင့် မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီကိုလည်း ဖွဲ့စည်းနိုင်ရန် ကြိုးပမ်းလျက်ရှိသည်။

ထို့ပြင် ပြည်တွင်းဆောင်ရွက်လျက်ရှိသည့် ကလေးအလုပ်သမားပပျောက်ရေး လုပ်ငန်းစဉ်များ၊ အဓမ္မစေခိုင်းမှုတိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းစဉ်များ၏ တိုးတက်မှု ဖြစ်စဉ်များကိုလည်း နိုင်ငံတကာနှင့် အိုင်အယ်လ်အိုမှ တာဝန်ရှိသူများ၊ အလုပ်သမားအရေး ညီလာခံများနှင့် နိုင်ငံတကာအလုပ်သမားကိုယ်စားလှယ်များထံသို့လည်း မကြာခဏ ရှင်းလင်းပြောကြားနိုင်ခဲ့ပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင်ဖြစ်သည့် ကလေးအလုပ်သမား ပပျောက်ရေးဟူသည့် ရည်မှန်းချက်ကိုလည်း ပူးပေါင်းအကောင်အထည်ဖော်နိုင်မည်ဟု ယုံကြည်ကြောင်း ဦးမျိုးအောင်က ပြောကြားသည်။

အာဂျင်တီးနားနိုင်ငံ Buenos Aires မြို့တွင် ၂၀၁၇ နိုဝင်ဘာလ ၁၄ ရက်မှ ၁၆ ရက်အထိ ကျင်းပပြုလုပ်ခဲ့သည့် ကလေးအလုပ်သမား ရေရှည်ပပျောက်ရေးဆိုင်ရာ စတုတ္ထအကြိမ်မြောက် ကမ္ဘာလုံးဆိုင်ရာညီလာခံသို့ နိုင်ငံတော်သမ္မတရုံးမှ သဘောတူခွင့်ပြုချက်အရ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ ဦးဆောင်သောမြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်ခဲ့ခြင်းဖြင့်လည်း မြန်မာနိုင်ငံသည် အခြားနိုင်ငံများနှင့်အတူ ကလေးအလုပ်သမားများ ပပျောက်ရေးဆိုင်ရာ သဘောထားများကို ဆွေးနွေးခွင့်၊ ညှိနှိုင်းခွင့်နှင့် အခြားနိုင်ငံများ၏ အတွေ့အကြုံများကို သိမြင်ခွင့်ရရှိခဲ့သည်။ "ကမ္ဘာတစ်ဝန်းလုံးက နိုင်ငံတွေရဲ့ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာမူဝါဒတွေ၊ ကောင်းမွန်တဲ့ အလေ့အထတွေနဲ့ ကြားဝင်ဆောင်ရွက်တဲ့ပုံစံတွေ၊ မူဝါဒချမှတ်တာတွေ၊ နည်းပညာရပ်ဆိုင်ရာအကြောင်းတွေ ဆွေးနွေးတာကနေ သင်ခန်းစာတွေနဲ့ အတွေ့အကြုံကောင်းတွေ အပြန်အလှန်မျှဝေနိုင်ခဲ့ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ အိုင်အယ်လ်အိုနဲ့ ပူးပေါင်းဆောင်ရွက်နေတဲ့ ကလေးအလုပ်သမားပပျောက်ရေး ဆောင်ရွက်မှုတွေကို အများကြီးအထောက်အကူဖြစ်ခဲ့တဲ့အတွက် ရှေ့ဆက်ပြီး ကလေးအလုပ်သမားအရေးကိစ္စများတွင် များစွာအကူအညီကောင်းတွေရရှိထားခဲ့ပါတယ်"ဟု ဦးမျိုးအောင်က နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ပြောကြားသည်။

မြန်မာနိုင်ငံတွင် အသက် ၅နှစ်မှ ၁၇ နှစ်အထိ အလုပ်လုပ်ကိုင်လျက်ရှိသော ကလေးများ၏ ပျံ့နှံ့မှု အနေအထားကို လေ့လာကြည့်ရာ အလုပ်လုပ်ကိုင်နေသည့် ကလေးအရေအတွက်မှာ ၁၂၇၈၀၉ ဦးရှိနေပြီး ကလေးလုပ်သားအဖြစ် လုပ်ကိုင်သူ ၁၁၂၅၆၆၁ ဦးနှင့် ကလေးလုပ်သားမဟုတ်ဘဲ အလုပ်လုပ်ကိုင်နေသူမှာ ၁၅၃၃၄၈ ဦးရှိကြောင်း၊ ကလေးလုပ်သားများအနက် အန္တရာယ်ရှိသည့် လုပ်ငန်းခွင်တွင် လုပ်ကိုင်သူ ၆၁၆၈၁၅ ဦးနှင့် အခြားသော ကလေးလုပ်သား ၅၀၈၈၄၆ ဦးတို့ရှိကြောင်း ကလေးလုပ်သားစစ်တမ်းက ဖော်ပြထားရာ ကလေးသူငယ်များ အချိန်မတိုင်မီ စာသင်ကျောင်းနှင့် ဝေးကွာမှု မရှိစေရေး၊ အန္တရာယ်ရှိသည့် လုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်ရခြင်းနှင့် အခြားသော အလုပ်အကိုင်ဆိုင်ရာ စိန်ခေါ်မှုများမှ ကင်းဝေးရေး၊ ကျောင်းပြင်ပကလေးများအတွက် ဝါသနာအရင်းခံကာ ဒေသနှင့် ကိုက်ညီမည့် သက်မွေးပညာများ သင်ကြားပေးနိုင်ရေး၊ နိုင်ငံတကာအဆင့်မီ သက်မွေးပညာများအတွက် အရည်အသွေး ကိုက်ညီမှုများရရှိသည့် (Skills Labour) အဖြစ် မွေးထုတ်ပေးနိုင်ရေးအထိ ဝိုင်းဝန်းစဉ်းစား အဖြေရှာကြရန် လိုအပ်လျက်ရှိသည်။ ထို့အပြင် အလုပ်ရှင်များနှင့် မိဘအုပ်ထိန်းသူများအနေဖြင့်လည်း မိမိတို့ သားသမီးများနှင့် ကလေးလုပ်သားများအပေါ် ပိုမိုနားလည် သဘောပေါက်ကာ ကလေးသူငယ်အခွင့်အရေးများ အပြည့်အဝ ရရှိစေနိုင်ရေး ကူညီပေးရန် လိုအပ်နေပြီး အစိုးရနှင့်အတူ ကလေးအလုပ်သမားများ ပပျောက်ရေးအတွက် ဝိုင်းဝန်းအဖြေရှာသင့်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

## ကန့်ဘလူမြို့တွင် ပြည်သူများအား အခမဲ့ ဆေးဝါးကုသပေး

**ကန့်ဘလူ ဇွန် ၃**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ အသက် ၆၅ နှစ်အထက် သက်ကြီးဘိုးဘွားများ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ အသက် ငါးနှစ်အောက် ကလေးငယ်များအား မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ မိခင်နှင့်ကလေးကျန်းမာရေးဌာနတွင် ဇွန် ၂ ရက်က အခမဲ့ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အခမဲ့ဆေးဝါးကုသပေးရာတွင် မြို့နယ်ခုတင် ၁၀၀ ဆံ့ ဆေးရုံမှ ဒေါက်တာမြင့်မြင့်စန်းနှင့် ကျန်းမာရေးဆရာမများက လာရောက်ပြသသူ ဝေဒနာရှင်များအား တစ်ဦးချင်း ကြည့်ရှုစစ်ဆေး ကုသပေးကာ ဆေးဝါးကုသမှု အဆင်ပြေစေရေးအတွက် မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ကြသည်။ အခမဲ့ဆေးဝါးကုသမှုများကို အပတ်စဉ် စနေနေ့တိုင်းတွင် ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပြီး မြို့ပေါ်ရှိ ရပ်ကွက်ငါးခုအပြင် အနီးဝန်းကျင် ကျေးရွာများမှ လာရောက်ပြသပါကလည်း ကုသပေးမည်ဖြစ်ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**



## ကရင်ပြည်နယ်၏ ပထမဆုံး နိုင်ငံတကာအဆင့်မီ ဈေးဝယ်စင်တာ ဘားအံ၌ တည်ဆောက်မည်

**ဘားအံ ဇွန် ၃**

ကရင်ပြည်နယ် ဘားအံမြို့ အမှတ် ၉ ရပ်ကွက် ဗိုလ်ချုပ်လမ်းနှင့် ကြာအင်းတောင်ပေါ် လမ်းထောင့်ရှိ မြေဧရိယာ ၃ ဒသမ ၃၄၄ ဧက ကျယ်ဝန်းသည့် ယခင်ကားဝင်းဟောင်းမြေနေရာတွင် အများပြည်သူအတွက် နိုင်ငံတကာအဆင့်မီ အဆောက်အအုံတစ်ခုအဖြစ် အဆင့်မြင့်ဈေးဝယ်စင်တာ (Shopping Mall) တစ်ခုကို ကျန်ရှိသည့် အစိုးရသက်တမ်းကာလအတွင်း အပြီးတည်ဆောက်မည်ဖြစ်ကာ တည်ဆောက်မည့် ကုမ္ပဏီများအား တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီက ရွေးချယ်လျက်ရှိကြောင်းနှင့် ယခု တည်ဆောက်မည့် နိုင်ငံတကာအဆင့်မီ အဆင့်မြင့်ဈေးဝယ်စင်တာသည် ကရင်ပြည်နယ်၏ ပထမဆုံးသော နိုင်ငံတကာအဆင့်မီ ဈေးဝယ်စင်တာတစ်ခု ဖြစ်လာမည်ဖြစ်ကြောင်းလည်း သိရသည်။



တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ၏ အစည်းအဝေးတစ်ခု ပြုလုပ်နေစဉ်။

တင်ဒါခေါ်ယူရာတွင် ပွင့်လင်းမြင်သာစွာဖြင့် မှန်ကန်မှုရှိစေရေးအတွက် ၂၀၁၈ ခုနှစ် ဧပြီ ၁ ရက်မှစ၍ သတင်းစာတွင် ထည့်သွင်းကြေညာခဲ့ရာ လာရောက်တင်ပြသည့် ကုမ္ပဏီ ၁၀ ခုခန့်အနက် ချစ်လင်းမြိုင်အစုအဖွဲ့၊ UHMနှင့် ဂမုန်းပွင့်ကုမ္ပဏီတို့ သုံးခုကို အင်ဂျင်နီယာအဖွဲ့နှင့် တင်ဒါစိစစ်ရွေးချယ်ကော်မတီတို့၏ အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် ပဏာမရွေးချယ်ပြီးဖြစ်ကြောင်း သိရသည်။ ထိုကုမ္ပဏီများက တည်ဆောက်ရေး လုပ်ငန်းဆောင်ရွက်မည့်အကြောင်းကို ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပညာရှင်များပါဝင်သည့် စိစစ်ရွေးချယ်ရေးကော်မတီ ရှေ့မှောက်တွင် ကုမ္ပဏီတစ်ခုလျှင် အချိန်တစ်နာရီကြာ Presentation တင်ပြ၍ အမှတ်ပေးစနစ်ဖြင့် အစိုးရအဖွဲ့ထံတင်ပြပြီးနောက် အစည်းအဝေးဆုံးဖြတ်ချက်အရ တင်ဒါအောင်မြင်သည့်ကုမ္ပဏီကို ရွေးချယ်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အဆောက်အအုံ တည်ဆောက်မည့်ကာလနှင့်ပတ်သက်၍ ပြည်နယ်စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးသန်းနိုင်က "ကျွန်တော်တို့မှာ အချိန်ကန့်သတ်ချက်ရှိပါတယ်၊ ကျန်ရှိနေတဲ့အစိုးရသက်တမ်း ကာလအတွင်းမှာ မပြီးဘူးဆိုရင် နောက်အစိုးရအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်စေမယ့် ဟာမျိုးကိုလည်း မဖြစ်စေချင်ဘူး၊ ဒါကြောင့်မို့လို့ ကျွန်တော်တို့လက်ထက်မှာပဲ ဖွင့်လှစ်နိုင်အောင် ကြိုးစားသွားမှာဖြစ်ပါတယ်"ဟု ပြောသည်။

တင်ဒါစိစစ်ရွေးချယ်ရေးနှင့်ပတ်သက်၍ "ပြည်သူလူထုအတွက် ဘယ်လိုအကျိုးအမြတ်ရှိမလဲ၊ အမှန်တကယ်လည်း လုပ်ဆောင်ပေးနိုင်ပဲ့မလား၊ အတွေ့အကြုံရှိလား၊ အဆောက်အအုံဆောက်တာက ကုမ္ပဏီတိုင်း ဆောက်လို့တတ်တယ်၊ လူတွေကို ဈေးရောင်းအောင် ဆွဲတင်ဖို့တော့ ပညာက အင်မတန်မှအရေးကြီးတယ်၊ အဆောက်အအုံဆောက်ထားပြီးတော့ ဘယ်သူမှလည်း ဈေးလာမရောင်းဘူးဆိုရင်လည်း မဟုတ်သေးဘူးလေ"ဟု ဝန်ကြီးက ဆက်လက်ပြောကြားသည်။

တင်ဒါအောင်မြင်သည့် ကုမ္ပဏီကို ယခုလကုန်ပိုင်းတွင် ထုတ်ပြန်ကြေညာပေးသွားမည်ဖြစ်ပြီး ရရှိသည့် အကျိုးအမြတ်များကို ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် မြို့ရွာ စည်ပင်သာယာရေးလုပ်ငန်းများတွင် ပြန်လည်အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## ဆရာဇော်ဂျီ ရာပြည့်စာကြည့်တိုက်၏ မြန်မာစာဂုဏ်ထူးဆု ၁၉ ဦး ဆွတ်ခူးရရှိ

**ဖျာပုံ ဇွန် ၃**

တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဖျာပုံမြို့နယ် စာစစ်ဌာနများမှ ဖြေဆိုပြီး မြန်မာစာ ဂုဏ်ထူးရရှိကြသူများအား ဆရာဇော်ဂျီရာပြည့်စာကြည့်တိုက်၏ မြန်မာစာ ဂုဏ်ထူးဆုကို နှစ်စဉ် ချီးမြှင့်လျက်ရှိရာ ယခု ၂၀၁၈ ခုနှစ်တွင် ဖျာပုံမြို့နယ်အတွင်းမှ မြန်မာစာ ဂုဏ်ထူးရရှိသူ ၁၉ ဦး ပေါ်ထွက်ခဲ့ကြောင်း သိရသည်။

"ဖျာပုံမြို့နယ်အတွင်းရှိ ကျောင်းသားလူငယ်တွေ မြန်မာစာပေကို လေးစားတန်ဖိုးထား ချစ်မြတ်နိုးစေရေး၊ မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်ရေး၊ ဖျာပုံသား ဆရာဇော်ဂျီကို ဂုဏ်ယူလေးစား အတုယူလာနိုင်စေရေး ရည်ရွယ်ပြီး နှစ်စဉ် ဆရာဇော်ဂျီ ရာပြည့်စာကြည့်တိုက်ရဲ့မြန်မာစာဂုဏ်ထူးဆုတွေကို ချီးမြှင့်ရခြင်းဖြစ်ပါတယ်"ဟု စာကြည့်တိုက် အလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးသိန်းထွန်းက ပြောသည်။

ဆရာဇော်ဂျီ ရာပြည့်စာကြည့်တိုက်သည် ဖျာပုံမြို့ဇာတိ အမျိုးသားစာဆို ဆရာဇော်ဂျီအား ဂုဏ်ပြုသောအားဖြင့် ဆရာကြီး၏ဇာတိမြေ ဖျာပုံမြို့၌ ၂၀၀၈ ခုနှစ် ဧပြီလအတွင်းက စတင်တည်ထောင်ဖွင့်လှစ်ခြင်းဖြစ်ပြီး နှစ်စဉ် တက္ကသိုလ်ဝင်တန်း မြန်မာစာ ဂုဏ်ထူး ရရှိကြသူများအား ဆုချီးမြှင့်ပေးကာ ယခုနှစ် ဆုပေးပွဲအခမ်းအနားကို စာကြည့်တိုက် ၁၀နှစ်ပြည့် နှစ်ပတ်လည်ဖြစ်သည့် ၂၀၁၉ ခုနှစ် ဧပြီလတွင် ကျင်းပ၍ ဂုဏ်ပြုဆုတံဆိပ်နှင့် ဆုငွေများ ထိုက်တန်စွာ ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။



၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဖျာပုံခရိုင်အတွင်းမှ ကျောင်းသားကျောင်းသူပေါင်း ၁၃၆၀၀ ဝင်ရောက်ဖြေဆိုရာ ၃၉၃၃ ဦး အောင်မြင်ခဲ့ပြီး မြန်မာစာဂုဏ်ထူး ၅၄ ဦး၊ အင်္ဂလိပ်စာဂုဏ်ထူး လေးဦး၊ သင်္ချာဂုဏ်ထူး ၇၈ ဦး၊ ဓာတုဗေဒဂုဏ်ထူး ၈၅ ဦး၊ ရူပဗေဒဂုဏ်ထူး ၄၄ ဦး၊ ဇီဝဗေဒဂုဏ်ထူး ၁၀၂ ဦး၊ ပထဝီဂုဏ်ထူး ၁၇၅ ဦး၊ သမိုင်းဂုဏ်ထူး ၁၄၉ ဦး၊ ဘောဂဗေဒဂုဏ်ထူး ၇၇၂ ဦး ပေါ်ထွက်ခဲ့ကြောင်း ဖျာပုံခရိုင် ပညာရေးမှူး ဆရာမကြီး ဒေါ်စိန်မာအေးထံမှ သိရသည်။

**သူဇာနွယ် (ဖျာပုံ)**

## နမ္မတူမြို့နယ်တွင် မူးယစ်ဆေးဝါးပပျောက်ရေးအတွက် ဘိန်းအစားထိုးသီးနှံမျိုးစေ့များ ပေးအပ်

**နမ္မတူ ဇွန် ၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ္မတူမြို့နယ်အတွင်းမှ တောင်သူများအား ဘိန်းအစားထိုး သီးနှံမျိုးစေ့များနှင့် သွင်းအားစု ဓာတ်မြေသြဇာများ ပေးအပ်ပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခန်းမ၌ မေ ၃၁ ရက်က ကျင်းပခဲ့သည်။

မြို့နယ်အုပ်ချုပ်ရေးမှူးက မူးယစ်ဆေးဝါးပပျောက်ရေး စီမံကိန်းအရ ယခုလို မျိုးစေ့များ ပေးအပ်ခြင်းဖြစ်ကြောင်း၊ မူးယစ်ဆေးဝါးပပျောက်ရေးအတွက် ကာကွယ်ရေး၊ ကုသရေး၊ ပညာပေးရေးဟု ဆောင်ရွက်လျက်ရှိရာ ဘိန်းအစားထိုးသီးနှံမျိုးစေ့များ ပေးအပ်ခြင်းသည် ကာကွယ်ရေးအစီအစဉ်တွင် ပါဝင်ကြောင်း၊ ယခင်နှစ်ကလည်း ပေးအပ်ခဲ့ပြီး ယခုနှစ်တွင် ကျေးရွာအုပ်စု ရှစ်စုသို့ မျိုးစေ့နှင့် ဓာတ်မြေသြဇာများနှင့် ကျန်ကျေးရွာများသို့ နှစ်ရှည်ပင်များ ပေးအပ်မည်ဖြစ်ကြောင်း၊ မူးယစ်ဆေးဝါးပပျောက်ရေးတွင် တောင်သူများလည်း ပူးပေါင်းပါဝင်စေလိုကြောင်း ပြောကြားသည်။

ထို့နောက် ကျေးရွာအုပ်စု ၁၄ အုပ်စုမှ တောင်သူ ၁၁၇ ဦးထံသို့ စပါးမျိုးစေ့ ကီလို ၇၀၀၊ အစေ့ထုတ်ပြောင်းမျိုးစေ့ ၂၅ ကီလို၊ မြေ ငါးကေစာ နှစ်ရှည်ပင် ပျိုးပင်များနှင့် ဓာတ်မြေသြဇာ ၁၆ အိတ်တို့ကို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ပေးအပ်ခဲ့သည်။

**ဗထူး**

## မတူကွဲပြားမှုများ ငြိမ်းချမ်းစွာယှဉ်တွဲနေထိုင်ရေး လှုပ်ရှားမှု ဘားအံမြို့၌ ပြုလုပ်

**ဘားအံ ဇွန် ၃**

ငြိမ်းဖောင်ဒေးရှင်းနှင့် ကရင်ပြည်နယ် အရပ်ဘက်လူမှုအဖွဲ့အစည်းများကွန်ရက်တို့ ပူးပေါင်းပြုလုပ်သော နိုင်ငံသားကောင်းနှင့် မတူကွဲပြားမှုများ ငြိမ်းချမ်းစွာယှဉ်တွဲနေထိုင်ရေးလှုပ်ရှားမှု အခမ်းအနားကို ဘားအံမြို့ကန်သာဦးခန်းမ၌ ဇွန် ၂ ရက်က ပြုလုပ်သည်။

အခမ်းအနားတွင် ငြိမ်းဖောင်ဒေးရှင်းမှ လုပ်ငန်းလည်ပတ်ရေးဒါရိုက်တာ ဒေါ်စုစုဝေက လှုပ်ရှားပြုလုပ်သည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဇော်မင်းက အမှာစကား ပြောကြားကာ တက်ရောက်လာကြသော ဌာနဆိုင်ရာများ၊ ဘာသာပေါင်းစုံမှ တာဝန်ရှိသူများ၊ လူမှုအဖွဲ့အစည်းများမှ တာဝန်ရှိသူများက မိတ်ဆက်စကားပြောကြားသည်။ ထို့နောက် ကြားတောရကျောင်းတိုက် ဆရာတော် အရှင်စန္ဒာဝရက မတူကွဲပြားမှုများတွင် ငြိမ်းချမ်းစွာယှဉ်တွဲနေထိုင်ရေးအကြောင်းကို မိန့်ကြားပြီး ဗုဒ္ဓဘာသာ၊ ခရစ်ယာန်၊ ဟိန္ဒူ၊ အစ္စလာမ်ဘာသာများမှ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ဝင်များက လူငယ် များအတွက် အားပေးစကားပြောကြားခဲ့သည်။

မိမိတို့နေထိုင်ရာ လူမှုအသိုင်းအဝိုင်းအတွင်း ငြိမ်းချမ်းရေးကိုလက်ကိုင်ပြုပြီး လူမှုအသိုင်းအဝိုင်း ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန်၊ မတူကွဲပြားမှုများနှင့် ငြိမ်းချမ်းရေး၏ အခြေခံသဘောတရားများကို သိရှိစေရန်၊ နိုင်ငံသားကောင်းတစ်ဦး၏ တာဝန်နှင့် ဝတ္တရားများကို လူငယ်များသိရှိလာစေရန်နှင့် နိုင်ငံရေး ဘာသာရေးခေါင်းဆောင်များ ချိတ်ဆက်ဆောင်ရွက်မှု ပိုမိုအားကောင်းလာစေရန် ရည်ရွယ်လျက် လှုပ်ရှားမှုပြုလုပ်ခြင်းဖြစ်ပြီး အဆိုပါလှုပ်ရှားမှုတွင် လူမှုအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ကရင်လူငယ်မောင်မယ်များ ပါဝင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မင်းရာဇာ(မြစ်ကြီးနား)**

## ဧရာဝတီတိုင်းဒေသကြီး စာတိုက်လုပ်ငန်း လေယာဉ်လက်မှတ်နှင့် ဒေသထွက်ကုန်များ ဝန်ဆောင်မှုပေးနေ

**ပုသိမ် ဇွန် ၃**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းသည် သင့်တင့်သက်သာသော ဝန်ဆောင်ခများဖြင့် ပြည်သူများ၏ ချောစာ/ချောပစ္စည်းများကို လိပ်စာရှင်လက်ဝယ်သို့ လုံခြုံလျင်မြန်စွာ ရောက်ရှိစေရေး ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိသလို ခေတ်နှင့် လျော်ညီသော ထပ်ဆောင်းဝန်ဆောင်မှုများ ပေးအပ်နိုင်ရန်လည်း နည်းပညာအကူအညီဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီး မြန်မာ့စာတိုက်လုပ်ငန်းအနေဖြင့် အခြေခံစာတိုက်ဝန်ဆောင်မှုဖြစ်သော ချောစာ၊ ချောပစ္စည်းများ လက်ခံပေးပို့/ရရှိပေးဝေခြင်းလုပ်ငန်းကို ပြည်သူများနှစ်သက်ရာ ရွေးချယ်အသုံးပြုနိုင်ရေးအတွက် ရိုးရိုး၊ မှတ်ပုံတင်၊ အမြန်ချောပို့ ဟူ၍ အတန်းအစားသုံးမျိုး ခွဲခြားကာ ဝန်ဆောင်မှုပေးနေကြောင်း၊ ငွေကြေးဝန်ဆောင်မှုလုပ်ငန်းအနေဖြင့် ရိုးရိုးငွေပို့လွှာလုပ်ငန်းနှင့် အမြန်ငွေပို့လွှာလုပ်ငန်းများအပြင် CB Agent နှင့် My Kyat တို့ဖြင့်လည်း ပေးပို့ဆောင်ရွက်နိုင်ကြောင်း၊ ဖုန်းသုံးစွဲသူပြည်သူများအတွက် ဖုန်းငွေဖြည့်ကတ်များ ရောင်းချခြင်း၊ ခရီးသွားပြည်သူများအတွက် မြန်မာ့လေကြောင်းလိုင်း၏ လေယာဉ်လက်မှတ်များရောင်းချခြင်း လုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။



ပုသိမ်မြို့ရှိ တိုင်းစာတိုက်ကြီးအပါအဝင် မြို့နယ်စာတိုက် ၂၆ ခုမှ ပြည်ပ ၁၀၂ နိုင်ငံသို့ ပေးပို့လိုသော ချောစာ/ချောပစ္စည်းများကို လက်ခံတင်ပို့ပေးလျက်ရှိကာ မြန်မာနိုင်ငံအတွင်း ဒေသအသီးသီးမှ မှာယူလိုသည့် ဧရာဝတီတိုင်းဒေသကြီး၏ ဒေသထွက်ကုန်ပစ္စည်း(ဥပမာ-ရေကြည်ချင်းသုပ်၊ ပုသိမ်ဟာလဝါ၊ ပန်းတနော်သင်ဖြူးဖျာ၊ ပုစွန်ခြောက်)များကို ဒေသပေါက်ဈေးဖြင့် မှာယူပေးပို့ ပေးဝေသည့်(Hometown Product Delivery) လုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထို့အပြင် တိုးတက်လာသော ခေတ်စနစ်နှင့်အညီ e-Commerce လုပ်ငန်းဖြစ်သည့် Online Shopping Company များနှင့် ၎င်းတို့၏ ဖောက်သည်များအကြား ပစ္စည်းလက်ဝယ်ရမှ ငွေပေးချေရသည့်စနစ်ဖြင့် ပစ္စည်းပို့ဆောင်ပေးဝေခြင်း၊ ပစ္စည်းတန်ဖိုး ငွေပြန်လွှဲပေးခြင်းတို့ကို(ePost System )ဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ Online Shopping လုပ်ငန်း လုပ်ကိုင်သူများအနေဖြင့် စာတိုက်များနှင့် ပူးပေါင်းဆောင်ရွက်နိုင်ကြောင်း သိရသည်။

ချောစာ/ချောပစ္စည်းများ ပြည်သူ့လက်ဝယ်သို့ မြန်ဆန်စွာရောက်ရှိစေရေးအတွက် "ရောက်ရှိချောအိတ် ညမသိပ်" အစီအစဉ်ဖြင့် ဆောင်ရွက်နေပြီး စာတိုက်များသို့ ညနေ ၆ နာရီအထိ ရောက်ရှိလာသော ချောစာအိတ်များကို ချက်ချင်းဖွင့်ဖောက်၍ လိပ်စာရှင်များထံသို့ ပေးဝေဆောင်ရွက်လျက်ရှိသည်။

ထို့ကြောင့် တိုင်းဒေသကြီး စာတိုက်လုပ်ငန်း၏ ဝန်ဆောင်မှုများကို ပြည်သူလူထုက ယုံကြည်စွာ ပို၍သုံးစွဲလာရာ ဝင်ငွေလည်း တိုးတက်လာပြီး ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီး မြန်မာ့စာတိုက်လုပ်ငန်းအနေဖြင့် အခွန်ဝင်ငွေ ကျပ် ၁၅၈ ဒသမ ၉၀၆ သန်း ရရှိခဲ့ရာမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ကျပ် ၂၇၆ ဒသမ ၀၇၈ သန်းအထိ ရရှိကြောင်း သိရသည်။

မြန်မာ့စာတိုက်လုပ်ငန်းအနေဖြင့် ဆက်လက်၍လည်း ပြည်သူလူထုအား ပိုမိုဝန်ဆောင်မှုပေးနိုင်ရန် လုပ်ငန်းသစ်များ တိုးချဲ့ဆောင်ရွက်ခြင်း၊ ဝန်ထမ်းများ၏ အရည်အသွေးကို မြှင့်တင်ခြင်းများ ဆောင်ရွက်သွားရန် ခံယူချက်ထားပြီး ဝန်ဆောင်မှုများ ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်မြင့်(ပြန်/ဆက်)**

# မြန်မာအပါအဝင် ဒေသတွင်းနိုင်ငံများမှ ဆန်တန်ချိန်ငါးသိန်းကို အင်ဒိုနီးရှားက တင်သွင်းရန်ရှိနေ

**ရန်ကုန် ဇွန် ၃**
အင်ဒိုနီးရှားနိုင်ငံအနေဖြင့် ဆန်တန်ချိန် ငါးသိန်းခန့်ကို မြန်မာအပါအဝင် ဒေသတွင်းနိုင်ငံများမှ မကြာမီ တင်သွင်းရန် ရှိနေခြင်းကြောင့် ယခုနှစ်အတွင်း ဆန်တင်ပို့မှု လျာထားချက်အတွက် အလားအလာ ပိုကောင်းလာနိုင်ကြောင်း ဆန်ကုန်သည်များထံမှ သိရသည်။

အဆိုပါ ဆန်တင်သွင်းမှုအတွက် အင်ဒိုနီးရှားနိုင်ငံ နိုင်ငံတော်ထောက်ပံ့ပို့ဆောင်ရေးအဖွဲ့အား ခွင့်ပြုခဲ့ပြီး ဗီယက်နမ်၊ ထိုင်း၊ မြန်မာ၊ ကမ္ဘောဒီးယား၊ အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံများမှ ဆန်များတင်သွင်းပြီး ပြည်တွင်းဆန်ဈေးကြီးမြင့်မှုကို ထိန်းချုပ်လိုဟန်ရှိကြောင်း ကုန်သည်များက ခန့်မှန်းထားသည်။

"အရင်ဘဏ္ဍာနှစ်လျာထားချက်ထက် မနည်းအောင်တော့ ကြိုးပမ်းတင်ပို့ရမှာပေါ့၊ လက်ရှိဘဏ္ဍာနှစ်မှာ ဆန်ပို့ကုန်တိုးတက်ဖို့ ဆောင်ရွက်နေသလို တရုတ်ဘက်ကို ဆန်တန်ချိန်တစ်သိန်းပို့နိုင်ဖို့လည်း နားလည်မှုစာချွန်လွှာ ရေးထိုးဖို့ရှိတယ်၊ ဆန်ကတော့ G to G မဟုတ်လည်း ဒီအတိုင်းဝယ်နေတာတွေတော့ ရှိတယ်၊ G to G ဆိုတာလည်း တကယ်တော့ အစိုးရက ဦးဆောင်ပေးတဲ့ သဘောပဲ၊ ရောင်းတာကတော့ အောက်က B to B (ကုန်သည်အချင်းချင်း)ပဲ အရောင်းအဝယ်လုပ်ကြတာ"ဟု မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ ဒုတိယဥက္ကဋ္ဌတစ်ဦးဖြစ်သူ ဦးသောင်းဝင်းက ပြောသည်။

အင်ဒိုနီးရှားနိုင်ငံသည် ယခင်နှစ်အတွင်း မြန်မာ့ဆန်တင်သွင်းမှုကို ခေတ္တဆိုင်းငံ့ခဲ့ဖူးသည်။ ယခုတင်သွင်းမည့် ဆန်တန်ချိန် ငါးသိန်းကို ဇူလိုင်လမကုန်ခင် တင်သွင်းရန်ရှိနေပြီး ဈေးကွက်ဝေစု ရရှိလျက်ရှိသော မြန်မာနိုင်ငံအနေဖြင့် ပိုမိုတင်ပို့ရန် အလားအလာကောင်းနေကာ ပြည်တွင်းဆန်စားသုံးမှု၊ ထုတ်လုပ်မှုနှင့် အရန်ပိုလျှံစပါးအရေအတွက် စာရင်းများအရ ဆန်စပါး တိုးတက်တင်ပို့ရန် အခြေအနေကောင်းများရှိနေကြောင်း သိရသည်။

မြန်မာနိုင်ငံမှ ဆန်ဝယ်ယူလိုကြောင်း ဘင်္ဂလားဒေ့ရှ်၊ နီပေါ၊ သီရိလင်္ကာနှင့် ဖိလစ်ပိုင်နိုင်ငံတို့ကလည်း ကမ်းလှမ်းထားမှုများရှိနေကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့်က ပြောသည်၊ "လက်ရှိမှာတော့ ဘင်္ဂလားဒေ့ရှ်နဲ့ လက်မှတ်ထိုးထားတာရှိတယ်၊ ကျန်တဲ့နိုင်ငံတွေကတော့ ကမ်းလှမ်းထားတာရှိတယ်၊ အခု နီပေါတို့ဆိုလည်း ကမ်းလှမ်းထားတယ်၊ သီရိလင်္ကာလည်း ကမ်းလှမ်းထားတာရှိတယ်"ဟု ၎င်းက ဆိုသည်။

အင်ဒိုနီးရှားနိုင်ငံရှိ ဂျာဗား၊ တောင်စူမားတြား၊ ဘာလီနှင့် ဒေသအချို့တွင် လက်လီဆန်ဈေးအမြင့်ဆုံးသတ်မှတ်ချက် တစ်ကီလိုလျှင် ၉၄၀၀ ရူပီးယားအထက် မြင့်မားနေခြင်းကြောင့် ပြည်ပမှ တင်သွင်းခြင်းဖြစ်ကြောင်း ဆန်ကုန်သည်များထံမှ သိရသည်။



မြန်မာနိုင်ငံအနေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ပြည်ပသို့ ဆန်တန်ချိန် ၃ ဒသမ ၅ သန်းကျော် တင်ပို့ခဲ့ပြီး ယခုဘဏ္ဍာနှစ်တွင် ဆန်တန်ချိန် လေးသန်းခန့် ပြည်ပတင်ပို့ရန် လျာထားကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ သိရသည်။

**ဇာလင်းသူ**(AMIA)
**ဓာတ်ပုံ- ကေဇူး**(AMIA)

# ဈေးကွက်ကောင်းသော ငါးမြစ်ချင်းသားပေါက်မွေးမြူရေးကို ဂျပန်နည်းပညာဖြင့် လုပ်ကိုင်မည်

**ရန်ကုန် ဇွန် ၃**
ပြည်တွင်း၊ ပြည်ပ ဈေးကွက်ကောင်းသော ငါးမြစ်ချင်းသားပေါက်မွေးမြူရေးလုပ်ငန်းကို ဂျပန်နည်းပညာဖြင့် မွေးမြူလုပ်ကိုင်မည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

"ဂျပန်နိုင်ငံနည်းပညာနဲ့ ပညာရှင်တွေ ပူးပေါင်းပြီးတော့ ရန်ကုန်တိုင်းအတွင်းက တွံတေး ငါးလုပ်ငန်းစခန်းမှာ ငါးမြင်းမျိုးရင်း မျိုးစိတ်တွေကို သေချာစိစစ်ထည့်မွေးမယ်၊ ငါးအသေတစ်ကောင်၊ အရှင်တစ်ကောင်ရဲ့ တစ်သျှူးတွေကို စမ်းသပ်စစ်ဆေးပေးခဲ့ပြီးပြီ၊ နည်းပညာမြင့်လုပ်ကိုင်လာတဲ့အခါ တိုင်းရင်းငါးတွေ မျိုးဖောက်တဲ့အခါ ရေရှည်ထိန်းသိမ်းနိုင်ဖို့ ရည်ရွယ်ချက်နဲ့ ဆောင်ရွက်တာဖြစ်တယ်"ဟု ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးထွန်းဝင်းမြင့်က ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း မိုးရာသီ ငါးသားဖောက်နိုင်ရန် မွေးမြူရေးကန်များနှင့် မြစ်ချောင်းများတွင် ငါးမျိုးစိုက်ထည့်ပေးသည့် လုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ငါးသားဖောက်စခန်းများမှ ထုတ်လုပ်သည့် ငါးသားပေါက်များကို ပြည်တွင်း၌ ငါးမွေးမြူရေးလုပ်ကိုင်နေသော လုပ်ငန်းရှင်များနှင့် တစ်ပိုင်တစ်နိုင် ငါးမွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများအား ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ငါးမြစ်ချင်းသားဖောက်ကိစ္စက လွယ်တော့ မလွယ်ဘူး၊ အကြေးခွံမပါတဲ့ငါးဖြစ်လို့ လုပ်ရတာမလွယ်ဘူး၊ သားဖောက်တဲ့လုပ်ငန်း လုပ်ကိုင်မယ်ဆိုရင် ငါးမြစ်ချင်းက ပြည်ပပို့တာများတော့ တိုင်းရင်းမျိုးငါးအနေနဲ့ ထိန်းသိမ်းနိုင်ဖို့ လုပ်ဆောင်နိုင်ရမယ်"ဟု တွံတေးမြို့နယ်ရှိ ငါးမွေးမြူရေးလုပ်ငန်းရှင် ဦးအောင်ကျော်ကျော်က ပြောသည်။



လက်ရှိတွင် လယ်ယာမြေများအတွင်း စိုက်ပျိုးရေးနှင့် ငါးမွေးမြူရေး တွဲဖက်လုပ်ကိုင်နိုင်ရန် တောင်သူများအား ကူညီပေးလျက်ရှိကြောင်း၊ အစိုးရက ငါးသားပေါက်ထုတ်လုပ်နေသော စခန်းပေါင်း ၂၅ ခုရှိပြီး ယင်းမှတစ်ဆင့် ငါးသားပေါက်များ ဖြန့်ဖြူးပေးနေခြင်းဖြစ်ကြောင်းနှင့် နှစ်စဉ် ငါးအစာကုန်ကြမ်းဈေးနှုန်း မြင့်တက်မှုကြောင့် ငါးမွေးမြူထုတ်လုပ်သောလုပ်ငန်းရှင်များ ဆုံးရှုံးမှုမဖြစ်ပေါ်စေရေးကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ငါးသားပေါက်များ ထုတ်လုပ်မှုတိုးတက်လာစေရန် ဆောင်ရွက်နေပြီး သင့်တင့်သောဈေးနှုန်းများဖြင့် ဖြန့်ဖြူးပေးနိုင်ရန်နှင့် အဓိကအားဖြင့် ငါးမွေးမြူထုတ်လုပ်ရေး လျော့ကျမှုမရှိစေရန်နှင့် သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်ပါက ငါးမွေးမြူရေးလုပ်ငန်းများကို ထိခိုက်မှု မရှိစေသည့်နည်းလမ်းများ အသုံးပြု၍ မွေးမြူနိုင်ရန် နည်းပညာများပေးမည်ဖြစ်ကြောင်း သိရသည်။

**ဇာလင်းသူ**(AMIA)
**ဓာတ်ပုံ- ကေဇူး**(AMIA)

# ရန်ကုန်ဈေးကွက်၌ နှစ်ပတ်အတွင်း ပဲထုတ်ရောင်းမှု များပြားနေ

**ရန်ကုန် ဇွန် ၃**
အိန္ဒိယနိုင်ငံက ပဲမျိုးစုံ ပြန်လည်တင်သွင်းခွင့် ပြုလိုက်သည့်အတွက် ပြည်တွင်းရှိ ပဲကုန်သည်များအနေဖြင့် ပဲလက်ကျန်များနှင့် လှောင်ထားသည့်ပဲများကို ငွေပေါ်စေရန် ထုတ်ရောင်းနေခြင်းကြောင့် နှစ်ပတ်အတွင်း ပဲတန်ချိန်နှစ်သိန်းခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ပဲကုန်သည်များထံမှ သိရသည်။

"အိန္ဒိယက ဝယ်မယ့်သတင်းကြောင့် ပဲဈေး လှုပ်ခတ်လာတယ်၊ အရောင်းအဝယ်သွက်လာတယ်၊ အရင်က ဈေးတွေ အဆမတန်ကျခဲ့လို့ တက်လာမလားဆိုပြီး လှောင်ထားတဲ့ပဲတွေ ထုတ်ရောင်းလာကြတယ်၊ ဒါပေမယ့်လည်း အိန္ဒိယက တင်သွင်းခွင့်ပြုလိုက်ပေမယ့် ကန့်သတ်ချက်က ရှိနေဆဲပဲ၊ လက်ရှိ ဈေးကွက်အတွင်းမှာတော့ ပဲအမျိုးအစားအလိုက် တစ်တန်ကို ကျပ် ငါးသောင်းကနေ တစ်သိန်းကြား ဈေးမြောက်လာတယ်၊ ပဲစင်းငုံဆိုရင် တစ်နေ့ကို တန် ၂၀၀ ကနေ ၃၀၀ ကြား နေ့စဉ် အရောင်းအဝယ်ဖြစ်နေတယ်၊ ပဲစင်းငုံက လုံးခြမ်းပဲ တင်သွင်းခွင့်ပြုပေမယ့် ဒီတိုင်း အလုံးအတိုင်းလည်း သွားနေတာပါပဲ"ဟု ဘုရင့်နောင်ရှိ ဝင်းပွဲရုံပိုင်ရှင် ဦးရဲမြင့်က ပြောသည်။

အိန္ဒိယနိုင်ငံသို့ မတ်ပဲ တန်ချိန် တစ်သိန်းခွဲ၊ ပဲတီစိမ်း တန်ချိန် တစ်သိန်းခွဲနှင့် ပဲစင်းငုံ တန်ချိန် နှစ်သိန်း စုစုပေါင်း ငါးသိန်းကို မြန်မာနိုင်ငံက ဇွန်လမှစ၍ ဩဂုတ်လကုန်အတွင်း အပြီးတင်သွင်းရန် ခွင့်ပြုလိုက်ပြီး တင်သွင်းမည့် အိန္ဒိယကုန်သည်များအား မေ ၁၂ ရက်မှ ၂၅ရက် အတွင်း ပါမစ်များလျှောက်ထားရန် မေလ ၁၁ ရက်က ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

"မြန်မာထွက်ရှိမှုနဲ့ သူ့နိုင်ငံကထွက်ရှိမှုကို နှိုင်းယှဉ်ပြီးတော့ ပြည်ပကနေ တင်သွင်းတာဖြစ်တယ်၊ လက်ရှိ ၂၀၁၈ ခုနှစ်အတွင်း အိန္ဒိယရဲ့ ပဲအထွက်နှုန်းက ပဲစင်းငုံချည်းပဲ တန်ချိန် ၃ ဒသမ ၂ သန်းကျော်ရယ်၊ မြန်မာက ပဲစင်းငုံ တန်တစ်သိန်းခွဲရယ်၊ အာဖရိကက ပဲစင်းငုံ တန်သုံးသိန်းရယ် အားလုံး ပေါင်းလိုက်ရင် ၃ ဒသမ ၆သန်းကျော် ရှိပြီးတော့ သူ့နိုင်ငံရဲ့စားသုံးမှုက ၃ ဒသမ ၅သန်းကျော် ရှိနိုင်တယ်လို့ ခန့်မှန်းထားတယ်၊ ဒါကြောင့် ပဲစင်းငုံက တိုးတက်တင်ပို့ဖို့တော့ မဖြစ်နိုင်ဘူး၊ မြန်မာဘက်ကတော့ ခွဲတမ်းအတိုင်းပဲ ပို့ရမယ့်သဘောရှိတယ်"ဟု မန္တလေးတိုင်းဒေသကြီးရှိ ပဲစင်းငုံကုန်သည် ဦးကျော်မြတ်ဦးက ပြောသည်။

အိန္ဒိယသို့ မြန်မာနိုင်ငံမှ နှစ်စဉ် ပဲတန်ချိန်ကိုးသိန်းခန့် တင်ပို့နေပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း အိန္ဒိယအပါအဝင် နိုင်ငံပေါင်း ၆၄ နိုင်ငံသို့ ကန်ဒေါ်လာ သန်း ၈၀၀ တန်ဖိုးရှိ ပဲမျိုးစုံ တန်ချိန် ၁ ဒသမ ၂ သန်းကျော် တင်ပို့ထားသည်။ **မြတ်သူ**(AMIA)

# တရုတ်က မြန်မာထွက်ပဲတီစိမ်းကို တစ်နှစ်ပတ်လုံးဝယ်နေသော်လည်း ကိုတာသတ်မှတ်ချက် မရှိသေး

**မူဆယ် ဇွန် ၃**
တရုတ်နိုင်ငံတွင် စက်တင်ဘာနှင့် အောက်တိုဘာက ပဲတီစိမ်းများ ထွက်ရှိသော်လည်း မြန်မာဘက်မှ ပဲတီစိမ်းကိုလည်း တစ်နှစ်ပတ်လုံးဝယ်ယူလျက်ရှိကြောင်းနှင့် တရားဝင် တင်သွင်းခွင့်ပြုထားသည့် ကုန်ပစ္စည်းဖြစ်သော်လည်း ကိုတာသတ်မှတ်ချက် မရှိသေးကြောင်း မူဆယ်ရှိ ပဲကုန်သည်များထံမှ သိရသည်။

"ပဲတီစိမ်းက အိန္ဒိယက ဝယ်ဝယ် မဝယ်ဝယ် တရုတ်ဈေးကွက်အကြိုက်ပစ္စည်းဖြစ်လို့ နှစ်စဉ်တန်နဲ့ချီပြီး ရောင်းနေရဦးမှာပဲ၊ ဒါပေမယ့် ကိုတာစနစ်တော့ ပေးမထားဘူး၊ ဒါ့အပြင် တရုတ်က တရားဝင်ခွင့်ပြုထားတဲ့ပစ္စည်းလည်းဖြစ်လို့ ဖမ်းခံရတာတွေ မပူရဘူး၊ ငွေပေးချေမှုကတော့ မြန်မာနိုင်ငံကုန်သည်က တရုတ်နိုင်ငံမှာ ဘဏ်အကောင့်ဖွင့်ထားပြီး ရောင်းရပစ္စည်းတန်ဖိုးငွေကို တရုတ်ကုန်သည်က မြန်မာကုန်သည် ဘဏ်စာရင်းထဲ ထည့်ပေးထားမျိုးနဲ့ ချေတယ်၊ မူဆယ်မြို့က မြန်မာ့စီးပွားရေးဘဏ်နဲ့ တရုတ်နိုင်ငံက ဘဏ်တွေနဲ့ စာချုပ်ချုပ်ဆိုထားတာဖြစ်လို့ ပဲတီစိမ်း ပို့ကုန်လုပ်ငန်းရှင်တွေအနေနဲ့ ငွေပေး၊ ငွေယူလုပ်ငန်းတွေကို ဆောင်ရွက်ရာမှာ ဘဏ်စနစ်ကို အသုံးပြုတော့ စိတ်ချတယ်"ဟု မန္တလေး-မူဆယ် ပဲကုန်သည်တစ်ဦးဖြစ်သည့် ဦးသောင်းထိုက်က ပြောသည်။

လက်ရှိ အညာဒေသမှ ပဲတီစိမ်းများ ထွက်ပေါ်လျက်ရှိပြီး မန္တလေးဈေးကွက်တွင် တစ်နေ့ အိတ်ရေ နှစ်သောင်းကြားအထိ အရောင်းအဝယ် ရှိနေကြောင်း သိရသည်။ မြန်မာမှဝယ်ယူပြီးသည့် ပဲတီစိမ်းများကို တစ်ဖက်နိုင်ငံသို့ ပေးပို့ရာတွင် ကြူကုတ်-ပန်ဆိုင်းလမ်းများမှသွားပြီး ဝမ်တိမ်ဘက်ခြမ်းရှိ တရုတ်ဂိုထောင်များတွင် ကုန်ပစ္စည်းများကိုချကာ တရုတ်ဘက်မှကားများဖြင့် အဆိုပါဂိုထောင်များတွင် လာရောက်သယ်ယူကြသလို အချို့ကားများသည် ရွှေလီရှိဂိုထောင်များတွင် ပဲများချပေးကြကြောင်း သိရသည်။

"မိုးပဲတီစိမ်း အစိုက်နည်းတဲ့နှစ်ဆိုပေမယ့် ထွက်ရှိနှုန်းကတော့ ကျမသွားသေးဘူး၊ တစ်နှစ်မှာ သုံးကြိမ်လောက် စိုက်နိုင်တာမို့ ဒေသတစ်ခုနဲ့ တစ်ခု ထွက်ရှိချိန်မတူလို့ တစ်နှစ်ပတ်လုံး အရောင်းအဝယ်ဖြစ်တာပါ၊ မြန်မာ့ပဲတီစိမ်းရွှေဝါက တခြားနိုင်ငံတွေနဲ့ယှဉ်ရင် အရည်အသွေးပိုရှိသလို ရန်ကုန်တိုင်းကထွက်ရှိတဲ့ ပဲတီစိမ်းကလည်း နိုင်ငံတကာထက် အရည်အသွေးမတူဘဲ ထူးထူးခြားခြား ပိုကောင်းမွန်နေလို့ အီးယူက ကြိုက်နှစ်သက်တာဖြစ်တယ်"ဟု ရန်ကုန်-မူဆယ် ပဲကုန်သည် ဦးကျော်မြင့်ထွေးက ပြောသည်။

ပဲတီစိမ်းကို တစ်ဖက်နိုင်ငံသို့ တင်ပို့မည်ဆိုပါက လိုင်စင်လျှောက်ထားရန်မလိုဘဲ အကောက်ခွန်ဦးစီးဌာနမှ ပို့ကုန်ကြေညာလွှာ ED နှင့် ပြည်တွင်းအခွန်များဦးစီးဌာနတွင် ၂ ရာခိုင်နှုန်း အခွန်ဆောင်ပြီး တင်ပို့ကြောင်း၊ ရွှေလီမြို့ရှိ အကောက်ခွန်ဦးစီးဌာနတွင် ပဲတီစိမ်းတစ်တန်လျှင် ၁၆၀ ယွမ် အခွန်ဆောင်ရကြောင်း သိရသည်။

တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံမှ ပဲတီစိမ်း (အညာ)၊ ပဲတီစိမ်း(ရွှေဝါ)၊ ပဲတီစိမ်း(ခရမ်း)များကို ဝယ်ယူပြီး ပဲတီစိမ်း(ရွှေဝါ)ကို ပိုကြိုက်ကြောင်း၊ ပဲတီစိမ်း(အလုံး)သာမက ခွဲခြမ်းနှင့် အခွံချွတ်ကိုလည်း ဝယ်ယူကြကြောင်း၊ ပဲတီစိမ်းအတွက် ကိုတာစနစ်မရှိကြောင်း ကုန်သည်များထံမှ သိရသည်။ မြန်မာ့ပဲတီစိမ်းများကို တရုတ်ကုန်သည်များက ပြန်လည်သန့်စင်ပြီး ၎င်းတို့ကုမ္ပဏီတံဆိပ် ရိုက်နှိပ်ကာ ပြန်လည်ရောင်းချကြကြောင်း သိရသည်။



ပဲတီစိမ်းကို မြန်မာနိုင်ငံအထက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ မြန်မာနိုင်ငံအလယ်ပိုင်းတွင် မကွေးနှင့် မန္တလေး၊ မြန်မာနိုင်ငံအောက်ပိုင်းတွင် ရန်ကုန်၊ ပဲခူး၊ ဧရာဝတီ၊ မွန်နှင့် ကရင်ပြည်နယ်ဒေသများတွင် စိုက်ပျိုးကြပြီး ဒေသအလိုက် စိုက်ပျိုးသည့် အချိန်၊ စနစ်များ ကွဲပြားကာ ရာသီမရွေး စိုက်ပျိုးနိုင်ရန်မှာ ပဲရွေးချယ်မှုက အဓိကကျကြောင်း သိရသည်။ မြန်မာ့ပဲတီစိမ်းကို တရုတ်နှင့် အိန္ဒိယ ဈေးကွက်များသို့သာမက အခြားသော ဈေးကွက်ရှိသည့် အီးယူ၊ ဂျပန် ၊ အရှေ့တောင်အာရှနိုင်ငံများသို့လည်း တင်ပို့လျက်ရှိသည်။

**မြတ်သူ**(AMIA)
**ဓာတ်ပုံ- ကေဇူး**(AMIA)

# ချောင်းကူးတံတားနှင့် မြစ်ကမ်းထိန်းကျောက်စီတမံကို ကရင်ပြည်နယ်ဝန်ကြီးချုပ် သွားရောက်စစ်ဆေး

**ဘားအံ ဇွန် ၃**

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်သည်ဘားအံမြို့နယ် ဖါကတာ ကျေးရွာရှိ ချောင်းကူးတံတား ဖွင့်ပွဲသို့ ဇွန် ၂ ရက်က တက်ရောက်ဖွင့်လှစ်ပေးပြီး တရုတ်လှ ကျေးရွာရှိ သံလွင်မြစ်ကမ်းထိန်း ကျောက်စီတမံ တည်ဆောက်ပြီးစီးမှုကိုလည်း သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ဖါကတာကျေးရွာ ချောင်းကူးတံတားဖွင့်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊သတ္တု၊ သစ်တောနှင့်လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးစောပြည်သာ၊ မွန်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးမင်းတင်ဝင်းနှင့် တာဝန်ရှိသူများက တံတားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တံတားပေါ်မှ ဖြတ်သန်း ကြည့်ရှုကြသည်။ ဖါကတာကျေးရွာချောင်းကူးတံတားကို ဆောက်လုပ်ရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ နည်းပညာထောက်ပံ့ ကြီးကြပ်မှုဖြင့် တည် ဆောက်ခဲ့ခြင်းဖြစ်ပြီး အရှည် ပေ ၁၀၀၊ လူသွားလမ်း တစ်ပေခွဲစီပါ အကျယ် ၁၈ ပေရှိ သံကူကွန်ကရစ်တံတား အမျိုးအစားဖြစ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများသည် တရုတ်လှကျေးရွာ၌ သံလွင် မြစ်ကမ်းထိန်း ကျောက်စီတမံ တည်ဆောက်ပြီးစီးမှု အခြေအနေများကို သွားရောက် ကြည့်ရှုပြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ် ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကျောက်စီတမံ တည်ဆောက်ရေးလုပ်ငန်း ဆိုင်ရာများကို တင်ပြကာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်စွက် မှာကြားခဲ့သည်။

တရုတ်လှကျေးရွာသည် သံလွင်မြစ်ကမ်းနဖူးတွင် တည်ရှိပြီး ယခင်က ရေဝဲလှည့်ပြီး ကမ်းပြိုသဖြင့် ကာကွယ်နိုင်ရန် ကျောက်စီတမံကို တည်ဆောက်ခြင်းဖြစ်ကြောင်း သိရသည်။ တမံကို ၂၀၁၇-၂၀၁၈ ခုနှစ် အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးရန်ပုံငွေ ကျပ် ၁၆၁ ဒသမ ၂၆ သန်းဖြင့် ရေအရင်းအမြစ်နှင့် မြစ်ချောင်း များဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တည်ဆောက်ခဲ့ကာ အလျား ပေ ၃၀၀၊ အမြင့် ၄၅ ပေရှိပြီး မေ ၃၁ ရက်က ပြီးစီးခဲ့၍ ပြည်နယ်ဝန်ကြီးချုပ်က သွားရောက်ကြည့်ရှုစစ်ဆေး ခြင်းဖြစ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# မိုင်းယောင်း၌ မိုးစပါးအထွက်နှုန်းတိုးတက်ရေး နည်းပညာပေး

**မိုင်းယောင်း ဇွန် ၃**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းယောင်းမြို့နယ် ဝမ်ဘိုးကျေးရွာအုပ်စု၊ မုန်းလိုက်ကျေးရွာ အုပ်စုနှင့် ဝမ်ကောင်းကျေးရွာအုပ်စုတို့အတွင်းရှိ ကျေးရွာများ၌ ယခု မိုးစပါး စိုက်ပျိုး ရာသီတွင် မိုးစပါးများ အထွက်နှုန်းတိုးတက်အောင် ဆောင်ရွက်နိုင်ရေးအတွက် တောင်သူများအား နည်းပညာပေးဆွေးနွေးပွဲများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသည်။

ဆွေးနွေးပွဲများတွင် တောင်သူများအနေဖြင့် သီးနှံစိုက်ပျိုးမှုများအတွက် မျိုးကောင်းမျိုးသန့်များ သုံးစွဲလာစေရေး၊ မြေဆီလွှာပြုပြင်မှုကို အချိန်ရာသီနှင့်အညီ ဆောင်ရွက်ရေး၊ သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာများကို အချိုးကျ ရောစပ် သုံးစွဲရေး၊ စိုက်ပျိုးရေးလုပ်ငန်းအဆင့်တိုင်းတွင် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့် ကောင်းများကို အလေးအနက်ထား ဆောင်ရွက်ရေး စသည်တို့ကို မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှူး ဦးကျော်ကျော်မိုးနှင့် စိုက်ပျိုးရေးနည်းပညာအဖွဲ့များက အကြံပြုဆွေး နွေးပေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မကွေးတိုင်း၌ တက္ကသိုလ်ဝင်တန်းအောင်ချက် လျော့ကျသည့်အပြင် လုံးဝမအောင်သည့် ၁၆ ကျောင်းရှိ

**မကွေး ဇွန် ၃**

တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်စာရင်းများ ဇွန် ၂ ရက်က ထွက်ခဲ့ရာ မကွေးတိုင်း ဒေသကြီးအတွင်း စာမေးပွဲအောင်ချက်မှာ ယမန်နှစ်ကထက် ၆ ရာခိုင်နှုန်းအထိ လျော့ကျသွားခဲ့သလို အောင်မြင်မှုလုံးဝမရှိဘဲ အောင်ချက်ရာနှုန်း သုညဖြစ်နေသည့် ကျောင်း ၁၆ ကျောင်း ရှိနေကြောင်း မကွေးတိုင်းဒေသကြီး အခြေခံပညာဦးစီးဌာန တိုင်းပညာရေးမှူး ဦးအောင်မြင့်က မကွေးဒေသခံမီဒီယာများနှင့်တွေ့ဆုံစဉ် ပြောကြား ချက်အရ သိရသည်။

“၂၀၁၈ ခုနှစ် မတ်လမှာ ကျင်းပခဲ့တဲ့ တက္ကသိုလ်ဝင်စာမေးပွဲမှာ စာစစ်ဌာန ၁၆၀၊ ဖြေဆိုသူ ၇၇၂၂၀ ဦး ရှိပြီးတော့ ဒီနေ့အောင်စာရင်းအရ အောင်မြင်သူ ၂၄၇၉၀ ဦး၊ အောင်ချက်က ၃၁ ဒသမ ၇၁၄၂ ရာခိုင်နှုန်း ဖြစ်ပါတယ်၊ မနှစ်က ဖြေဆိုသူ ၇၀၂၉၁ ဦးရှိပြီး အောင်မြင်သူ ၂၆၇၀၀ ဦး ရှိခဲ့ပါတယ်၊ အောင်ချက်က ၃၇ ဒသမ ၉၈ ရာခိုင် နှုန်း ဖြစ်ပါတယ်၊ ဒီနှစ် အောင်ချက်က မနှစ်ကထက် ခြောက်ရာခိုင်နှုန်းလျော့ပါတယ်၊ မနှစ်က အောင်ချက်သုညရာနှုန်းကျောင်း ၁၀ ကျောင်း ရှိခဲ့ပါတယ်၊ ဒီနှစ်မှာ အောင် ချက်ရာနှုန်း သုညဖြစ်ခဲ့တဲ့ ကျောင်းက ၁၆ ကျောင်းပါ”ဟု မကွေးတိုင်းဒေသကြီး ပညာရေးမှူးက အတည်ပြုပြောကြားသည်။

အောင်ချက်ရာနှုန်း သုညဖြစ်ခဲ့သည့် ကျောင်းများမှာ မကွေးမြို့နယ်မှ အထက(ခွဲ) ညောင်ကန်၊ ချောက်မြို့နယ်မှ အထက(ခွဲ)နရွဲတော၊ တောင်တွင်းကြီးမြို့နယ်မှ (အထက)တက်ပုအောင်၊ နတ်မောက်မြို့နယ်မှ အထက(ခွဲ)လေးအိမ်နှင့် အထက(ခွဲ) ဖက်သန်းတောင်၊ မြို့သစ်မြို့နယ်မှ အထက(ခွဲ)ငွေ့ကြီး၊ မြိုင်မြို့နယ်မှ အထက(ခွဲ) ချောင်းဆုံ၊ မြိုင်မြို့နယ်မှ အထက(ခွဲ)မြို့စိုးနှင့် အထက(ခွဲ)ဝယ်တောင် (တောင် ကျောင်း)၊ ရေစကြိုမြို့နယ်တွင် အထက(ခွဲ)ရွှေလုံနှင့် အထက(ခွဲ)သာစည်၊ သရက် မြို့နယ်တွင် အထက(ခွဲ)တလပါးနှင့် အထက(ခွဲ)အလတ်လယ်၊ ကံမမြို့နယ်တွင် အထက(ခွဲ)ကျောက်မ၊ မင်းတုန်းမြို့နယ်တွင် အထက(ခွဲ)ထန်းပင်ကုန်းနှင့် အထက (ခွဲ)အလယ်ချောင်းတို့ ဖြစ်သည်။

မကွေးတိုင်းဒေသကြီးအတွင်း ဂုဏ်ထူးဖြင့်အောင်မြင်သူပေါင်း ၆၉၀၆ ဦးရှိပြီး အောင်ချက်အများဆုံးမြို့မှာ မကွေးမြို့နှင့် အောင်ချက်အနည်းဆုံးမြို့မှာ ဆောမြို့ဖြစ် ကြောင်း၊ အောင်ချက်ရာနှုန်း သုညဖြစ်ရသည့် ကျောင်းများအတွက် ထိုသို့ဖြစ်ရသည့် အကြောင်းအရာများကို အဖြေရှာ၍ မိဘ၊ဆရာ ပူးပေါင်းကာ အောင်မြင်မှုများရရှိရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သိပ္ပံဘာသာတွဲ ယှဉ်သူများသာမက ဝိဇ္ဇာတွဲတွင် ဂုဏ်ထူးထွက်သူများစွာလည်း ရှိနေသည့်အတွက် မည်သည့်ဘာသာတွဲကိုယူယူ မိမိ ကြိုးစားမှုသာ အဓိကဖြစ်ကြောင်းလည်း မကွေးတိုင်းဒေသကြီး ပညာရေးမှူးက ပြော ကြားသည်။

**ဇေယျာတု(မကွေး)**

# ကော့သောင်းခရိုင်မှ တက္ကသိုလ်ဝင်တန်းအောင် အမှတ်စာရင်းများကို မြို့နယ်ပညာရေးမှူးရုံးများတွင် မိုဘိုင်းစနစ်ဖြင့် ထုတ်ပေးမည်

**ကော့သောင်း ဇွန် ၃**



ကော့သောင်းမြို့နယ်မှ အောင်စာရင်းကြည့်နေသော ကျောင်းသားများနှင့် မိဘများ

၂၀၁၇-၂၀၁၈ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ကော့သောင်းခရိုင်အတွင်းရှိ ကော့သောင်းမြို့နယ်နှင့် ဘုတ်ပြင်းမြို့နယ် စာစစ်ဌာနများမှ ဖြေဆိုအောင်မြင် ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများ၏ အမှတ် စာရင်းများကို ဇွန် ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် သက် ဆိုင်ရာ မြို့နယ်ပညာရေးမှူးရုံးများ၌ မိုဘိုင်းစနစ်ဖြင့် ထုတ်ပေးသွားမည်ဖြစ်ကြောင်း ပညာရေးဌာနမှ သိရ သည်။

တက္ကသိုလ်ဝင်စာမေးပွဲကို ကော့သောင်းမြို့နယ် အတွင်းရှိ စာစစ်ဌာနများမှ ဝင်ရောက်ဖြေဆိုသူ ၁၂၄၃ ဦးအနက် ၃၀၇ ဦး အောင်မြင်ခဲ့ကြပြီး ဘုတ်ပြင်းမြို့နယ် မှ ဖြေဆိုသူ ၅၁၀ တွင် ၁၁၈ ဦး အောင်မြင်ခဲ့ကြကြောင်း၊ အောင်မြင်သူများထဲတွင် ကော့သောင်းမြို့နယ်မှ ငါး ဘာသာဂုဏ်ထူးရှင် တစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၁၄ ဦးနှင့် တစ် ဘာသာဂုဏ်ထူးရှင် ၇၈ ဦး ရှိခဲ့ပြီး ဘုတ်ပြင်းမြို့နယ်မှ လေးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ နှစ်ဘာသာဂုဏ်ထူး ရှင် တစ်ဦးနှင့် တစ်ဘာသာဂုဏ်ထူးရှင် ၂၀ ဦး ရှိခဲ့ ကြောင်း သိရသည်။

စာမေးပွဲအောင်မြင်သော အဆိုပါ ကျောင်းသား ကျောင်းသူများ၏ အမှတ်စာရင်းများကို မိုဘိုင်းစနစ်ဖြင့် မြို့နယ်များသို့ ကွင်းဆင်းထုတ်ပေးရာတွင် မြန်မာနိုင်ငံ စာစစ်ဌာန တာဝန်ရှိသူများက ဇွန် ၁၆ ရက်တွင် ဘုတ် ပြင်းမြို့နယ်ပညာရေးမှူးရုံးသို့လည်းကောင်း၊ ဇွန် ၁၇ ရက်တွင် ကော့သောင်းမြို့နယ် ပညာရေးမှူးရုံးသို့လည်း ကောင်း လာရောက်၍ နံနက် ၉ နာရီမှ ညနေ ၄ နာရီ အတွင်း အမှတ်စာရင်းများ ထုတ်ပေးသွားမည်ဖြစ် ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

# ပုသိမ်မြို့မှ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၏ သားသမီးများအား ပညာသင်စရိတ်ထောက်ပံ့

**ပုသိမ် ဇွန် ၃**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ အမှတ်(၁၃)ယာဉ်ထိန်းရဲဒုတပ်ဖွဲ့ခွဲ(ဧရာဝတီ)မှ ရဲတပ်ဖွဲ့ဝင်များ၏ သားသမီးများအား ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွက် ပညာသင်စရိတ်ထောက်ပံ့ပေးအပ်ပွဲကို ဒုတပ်ဖွဲ့ခွဲမှူးရုံး(ပုသိမ်)၌ ဇွန် ၂ ရက်က ကျင်းပရာ ဒုတပ်ဖွဲ့ခွဲမှူး ရဲမှူးလှအေးက ပညာသင်စရိတ် ထောက်ပံ့ပေးအပ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီးနောက် မူလတန်း တစ်ဦးလျှင် ၅၄၀၀ ကျပ်နှုန်းဖြင့် ၂၀ ဦး၊ အလယ်တန်း တစ်ဦးလျှင် ၆၆၀၀ ကျပ်နှုန်းဖြင့် ၁၃ ဦးနှင့် အထက်တန်း တစ်ဦးလျှင် ၈၄၅၀ ကျပ်နှုန်းဖြင့် ခုနစ်ဦးအတွက် ကျပ် ၂၅၂၉၅၀ တန်ဖိုးရှိ စာရေးကိရိယာများကို ထောက်ပံ့ပေးအပ်ခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**

# တစ်ပတ်အတွင်း စိုက်ပျိုးရေးထွက်ကုန်ဈေးကွက်

**(မေ ၂၈ ရက်မှ ဇွန် ၁ ရက်အထိ)**

**ဆန်၊ စပါး**

ပုသိမ်ဈေးကွက်မှာတော့ ဆန်ဈေးရော စပါးဈေးပါ ငြိမ်နေခဲ့ပါတယ်။ ဧရာဝတီတိုင်း ဒေသအချို့မှာတော့ စပါးဈေး အနည်းငယ်မြင့်တက်ခဲ့ပါတယ်။ ရန်ကုန်ကုန်စည်ဒိုင် မှာတော့ ဆန်ကြမ်းဈေး အနည်းငယ်အပြောင်းအလဲရှိပေမယ့် ဆန်အဝင် ပုံမှန်ရှိပြီး အရောင်းအဝယ်အေးသလို ဈေးကလည်း အေးနေတဲ့သဘောရှိပါတယ်။ မေလ တစ်လလုံးကို နှိုင်းယှဉ်ရမယ်ဆိုရင် စပါးရော ဆန်ရော ဈေးအနည်းငယ်တက်လာပါ တယ်။

ဆန်ချောတွေဖြစ်တဲ့ ပေါ်ဆန်းရင်က မေလအစမှာ စပါးတင်း ၁၀၀ ကို ၉၄၀၀၀၀ ကျော်ကနေ မေလကုန်မှာ ၉၈၀၀၀၀ ကျော် ရှိလာပြီး ဆန်ကတော့ တစ်တင်းခွဲ တစ်အိတ်ကို တစ်ထောင်လောက် ဈေးတက်ခဲ့ကာ လက်ရှိပေါက်ဈေးက တစ်အိတ် ကျပ် ၄၂၀၀၀ ရှိပါတယ်။ ဖျာပုံပေါ်ဆန်းကတော့ တစ်လလုံး စပါးဈေးက ၁၀၄၀၀၀၀ ကျော်နဲ့ ဈေးငြိမ်ခဲ့ပြီးတော့ ဆန်ကတော့ တစ်အိတ် ကျပ် ၂၀၀၀ လောက် တက်ခဲ့ပါ တယ်။

ဒုတိယတန်းစားစပါးဖြစ်တဲ့ ရွှေသွယ်လေး၊ ရောမင်း၊ မနောသုခ၊ မီးကောက် သီးထပ်ရင်တို့ကလည်း စပါးဈေးရော ဆန်ဈေးပါ တက်ခဲ့ပါတယ်။ ရွှေသွယ်လေး၊ ရောမင်း စပါးတွေက တင်း ၁၀၀ မှာ ကျပ်လေးသောင်းကျော် ဈေးတက်ခဲ့ပြီး လက်ရှိ ပေါက်ဈေး ကျပ် ၇၃၀၀၀၀ ကျော် ရှိနေပါတယ်။

မနောသုခနဲ့ သီးထပ်ရင်တို့ကတော့ ကျပ်နှစ်သောင်းကျော်စီ ဈေးတက်ခဲ့ပြီး လက်ရှိဈေးက မနောသုခနဲ့ မီးကောက်စပါး တင်း ၁၀၀ ကို ကျပ်ခြောက်သိန်းနီးပါး၊ သီးထပ်ရင်က ကျပ် ၅၂၀၀၀၀ ကျော် ဈေးရှိနေပါတယ်။

**မတ်ပဲ (FAQ/RC)**

မတ်ပဲက ဒီတစ်ပတ်မှာ ဈေးတက်လာခဲ့ပါတယ်။ အိန္ဒိယနိုင်ငံကို ရန်ကုန် ဆိပ်ကမ်းကနေတစ်ဆင့် တင်ပို့မှုများနေတဲ့အတွက် တစ်တန်ကို ကျပ် ငါးသိန်းကျော် အထိ ဈေးတက်သွားပါတယ်။ နယ်ကုန်စည်ဒိုင်တွေမှာလည်း ရန်ကုန်ဝယ်လက်ရှိတဲ့ အတွက် နေ့စဉ် အရောင်းအဝယ်ဖြစ်နေပါတယ်။

မတ်ပဲဈေးက မေလတစ်လလုံး လှုပ်လှုပ်ရှားရှားဖြစ်ခဲ့ပြီး ပဲဝယ်ယူမှုအတွက် အိန္ဒိယနိုင်ငံရဲ့ ပြောင်းလဲသွားတဲ့မူဝါဒကြောင့် မတ်ပဲဈေး ပြန်လည် ဦးမော့လာခဲ့ ပေမယ့် ထင်သလောက် မတက်လာခဲ့ဘဲ အိန္ဒိယနိုင်ငံရဲ့တိကျမှုမရှိတဲ့ ထုတ်ပြန်ချက် ကလည်း ဈေးကို ဆက်ပြီးမတက်စေဘဲ ဖြစ်နေပါတယ်။ မေလ တတိယအပတ်မှာ အနည်းငယ် ဈေးပြန်မြင့်တက်ခဲ့ပေမယ့် တောင်သူတွေလက်ထဲ ပဲမရှိတော့တဲ့ အတွက် တောင်သူအနည်းငယ်သာ အတက်ဈေးနဲ့ ရခဲ့ကြပြီး အရှုံးကို မကာမိတဲ့ အခြေအနေပါ။

လက်ရှိအချိန် ရန်ကုန်ကုန်စည်ဒိုင်မှာ မတ်ပဲဈေးက တစ်ပတ်အတွင်း တစ်တန်ကို လေးသောင်းကျော် မြင့်တက်ခဲ့ပြီး ကျပ် ၅၃၀၀၀၀ ကျော် ရှိနေသလို နယ်ကုန်စည် ဒိုင်တွေဖြစ်တဲ့ မုံရွာနဲ့ ပြည်တို့မှာလည်း ဈေးတက်လာပါတယ်။

**ပဲစင်းငုံနီ**

ပဲစင်းငုံနီကတော့ ဒီတစ်ပတ်မှာ ဈေးအနည်းငယ်ငြိမ်နေပါတယ်။ အိန္ဒိယနိုင်ငံကို တင်ပို့မှု နည်းပေမယ့် ဝယ်လက်တွေက ပုံမှန်ဝယ်ယူနေတဲ့အတွက် ဈေးကျဆင်း မသွားဘဲ အမြင့်ဈေးနဲ့ ငြိမ်နေတာဖြစ်ပါတယ်။

ပဲစင်းငုံနီကလည်း မေလ တစ်လလုံးမှာ လှုပ်ခတ်မှုတွေရှိခဲ့ပြီး အိန္ဒိယနိုင်ငံက မဝယ်တော့ဘူးဆိုတဲ့ သတင်းတွေကြောင့် တောင်သူတွေမှာ ရသလောက်ဈေးနဲ့ ရှိတဲ့ပဲတွေကို ထုတ်ရောင်းတာတွေ လုပ်ခဲ့ပါတယ်။ ပဲအသင်းကလည်း ပဲစင်းငုံနီ အစား အခြားသီးနှံတွေကို ပြောင်းစိုက်ဖို့အထိ တိုက်တွန်းမှုတွေ လုပ်ခဲ့ပါတယ်။

ဒါပေမယ့် ပဲလုပ်ငန်းရှင်အသင်းနဲ့ အစိုးရက အိန္ဒိယအစိုးရကို တောင်းဆိုမှုတွေ ပြုလုပ်ခဲ့ပြီး အပေးအယူတွေ ပြုလုပ်ခဲ့တဲ့အတွက် လာမယ့်သုံးလအတွင်း တန်ချိန် နှစ်သိန်း ပြန်လည်ဝယ်ယူမယ်ဆိုတဲ့ ထုတ်ပြန်ချက် ထွက်လာခဲ့ပါတယ်။ ဒီထုတ်ပြန် ချက်ကြောင့် ပဲစင်းငုံနီဈေးက တစ်တန်ကို ၅၃၀၀၀၀ ကျော်အထိ ဈေးပြန်တက်ခဲ့ပြီး တစ်လလုံးကို ကြည့်မယ်ဆိုရင် တစ်တန်ကို ကျပ်နှစ်သိန်းနီးပါး ဈေးတက်ခဲ့တာ ဖြစ်ပါတယ်။

ဒီတစ်ပတ်ထဲမှာတော့ ရန်ကုန်ကုန်စည်ဒိုင်မှာ ဈေးအေးနေပေမယ့် နယ်ကုန်စည် ဒိုင်တွေဖြစ်တဲ့ မုံရွာ၊ ပခုက္ကူနဲ့ ပြည်ကုန်စည်ဒိုင်တွေမှာ ပဲစင်းငုံနီဈေး အနည်းငယ်စီ တက်ခဲ့ပါတယ်။

**ပဲတီစိမ်း**

ပဲတီစိမ်းကတော့ ဒီတစ်ပတ်မှာ ဈေးတက်လာပါတယ်။ တစ်ပတ်နဲ့တစ်ပတ် ဈေး က အကျမရှိဘဲ နယ်ကုန်စည်ဒိုင်ရော ရန်ကုန်ကုန်စည်ဒိုင်မှာပါ ဈေးတက်နေခဲ့ပါ တယ်။ နယ်ကုန်စည်ဒိုင်တွေမှာလည်း အဝင်ပုံမှန်ရှိနေပြီး အရောင်းကလည်း ပုံမှန် ရှိနေပါတယ်။ ပြည်ပဝယ်ယူမှု တိုးလာတဲ့အတွက် ဈေးက ပုံမှန်တက်နေတာဖြစ်ပြီး ဈေးအမြင့်ဆုံးရရှိတဲ့ ပဲကြီးကိုပါ ကျော်သွားတာကြောင့် လက်ရှိ ဈေးအမြင့်ဆုံးပဲ ဖြစ်နေပါတယ်။ ပြည်ပဝယ်လိုအားကို ပြည့်မီဖို့တောင် ခက်ခဲတဲ့အခြေအနေဖြစ်လို့ ၂၀၁၈ က ပဲတီစိမ်းနှစ်လို့ ပြောလို့ရပါတယ်။

မေလအစမှာ ပဲတီစိမ်း တစ်တင်းကို အများဆုံး ကျပ် ၃၈၀၀၀ ကျော်ကနေ မေလ ကုန်မှာ ကျပ် ၄၃၀၀၀ ကျော်အထိ ဈေးမြင့်တက်လာပါတယ်။ ပဲတီစိမ်း ခရမ်းရွှေဝါ ကတော့ ဈေးအမြင့်ဆုံးရှိနေပါတယ်။

နယ်ကုန်စည်ဒိုင်တွေဖြစ်တဲ့ မုံရွာကုန်စည်ဒိုင်နဲ့ ပခုက္ကူကုန်စည်ဒိုင်တွေမှာလည်း တစ်ပတ်အတွင်း ပဲတီစိမ်းတစ်တင်းမှာ ကျပ်နှစ်ထောင်ကျော် ဈေးတက်ခဲ့ပါတယ်။

**ကုလားပဲ**

ပြီးခဲ့တဲ့ မေလ တစ်လလုံး ကုလားပဲဈေး တက်ခဲ့ပေမယ့် ဒီတစ်ပတ်မှာတော့ ပြန် ကျသွားပါတယ်။ အရောင်းအဝယ် မရှိသလောက် နည်းသွားတဲ့အတွက် ဈေး ကျဆင်းသွားခဲ့တာဖြစ်ပါတယ်။ မုံရွာ၊ ပခုက္ကူနဲ့ ပြည်ကုန်စည်ဒိုင်တွေမှာလည်း အနည်းငယ်စီ ဈေးကျခဲ့ပေမယ့် မေလအစဈေးနဲ့ နှိုင်းယှဉ်လိုက်ရင်တော့ လက်ရှိ ကုလားပဲဈေးက အတက်ဈေးမှာပဲ ရှိနေပါတယ်။

**ကြက်သွန်ဖြူ**

ပြီးခဲ့တဲ့အပတ်က အနည်းငယ်ဈေးကျဆင်းသွားတဲ့ ကြက်သွန်ဖြူ (ကြူကုတ်) က ဒီတစ်ပတ်မှာ ရန်ကုန်ကုန်စည်ဒိုင်မှာ ဈေးတက်လာခဲ့ပြီး နယ်ကုန်စည်ဒိုင်တွေ မှာတော့ ကြက်သွန်တွေ အဝင်များတဲ့အတွက် ဈေးငြိမ်နေပါတယ်။ မြင်းခြံကုန်စည် ဒိုင်မှာ ကြက်သွန်ဖြူ(ရှမ်း) တစ်ပိဿာ ကို ၁၀၅၀ ကျပ်၊ (ကြူကုတ်) တစ်ပိဿာကို ၁၁၅၀ ကျပ်နဲ့ဈေးငြိမ်နေပြီး နေပြည်တော်ကုန်စည်ဒိုင်မှာတော့ ရှမ်းက တစ်ပိဿာ ကို ၂၂၀၀ ကျပ်နဲ့ ၂၀၀ ကျပ်ဈေးတက်ကာ (ကြူကုတ်)ကတော့ ၁၅၀၀ နဲ့ ဈေးငြိမ် နေခဲ့ပါတယ်။ ပြည်ကုန်စည်ဒိုင်မှာတော့ ရှမ်းတစ်ပိဿာကို ၁၃၀၀ ကျပ်နဲ့ ဈေးငြိမ် နေပြီး (ကြူကုတ်)ကတော့ ကျပ် ၁၁၀၀ နဲ့ အနည်းငယ် ဈေးကျသွားပါတယ်။

မေလတစ်လလုံး ကြည့်မယ်ဆိုရင်တော့ လအစမှာ ရန်ကုန်ကုန်စည်ဒိုင်မှာ ကြက် သွန်ဖြူ (ရှမ်း)က တစ်ပိဿာကို ၇၅၀ ကနေ ၁၁၀၀ ကျပ်ရှိခဲ့ပြီး လကုန်မှာ ၁၁၀၀ ကနေ ၁၆၅၀ ကျပ်အထိ ရှိနေလို့ တစ်လအတွင်း တစ်ပိဿာမှာ ၅၅၀ ကျပ်ခန့် ဈေးတက်လာခဲ့ပါတယ်။

**ဝတ်ရည်မွန်(AMIA)**

ပြည့်စုံတိကျသော ဖြေဆိုလမ်းညွှန်မှုများနှင့် လေ့လာလေ့ကျင့်ရန် အကောင်းဆုံးစာအုပ်များ . . . .

ကျောင်းသားအများဆောင်

# ရွှေလက်ဆောင်

၂၀၀၂ ခုနှစ်မှ ၂၀၁၈ ခုနှစ်ထိ

တက္ကသိုလ်ဝင်စာမေးပွဲများမှမေးခဲ့သမျှမေးခွန်းဟောင်းများအားလုံးကို

၂၀၁၉ ခုနှစ် မေးခွန်းပုံစံသစ်နှင့်အညီ

မေးခွန်းပုံစံသစ်နှင့်အညီ ပြင်ဆင်ပေးထားသော

## မေးခွန်းဟောင်းအပြည့်အစုံနှင့်စံပြအဖြေများ




အပိုအလိုမပါ

ထွက်နေပါပြီ

ဘာသာစုံ၊ တစ်ဘာသာချင်း၊ တစ်အုပ်ချင်း

နယ်မြို့အသီးသီးရှိ စာအုပ်ဆိုင်တိုင်းတွင်ရရှိနေပါပြီ



မြန်မာနိုင်ငံတစ်ဝှမ်းလုံးရှိ တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်သော ကျောင်းသား၊ကျောင်းသူများ မိဘများနှင့်ထပ်တူ *Metro* မိသားစုမှ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် မိမိတို့ အနာဂါတ်လမ်းကြောင်းကို *IT Engineer* တစ်ယောက်အဖြစ်ရပ်တည်ချင်သူများအတွက် *Japan Style Education* အတိုင်း ပြုစုပျိုးထောင်ပေးနေသည့် *Metro* ကျောင်းမှ လက်ကမ်းကြိုဆိုနေပါတယ်။

**Metro IT & Japanese Language Centre** မှ **July** လတွင်စတင်၍ ဖွင့်လှစ်သင်ကြားမည့် **Diploma** အောင်လက်မှတ်ရရှိနိုင်မည့် ဘာသာရပ်များ

### ★ System Creator Course ( 2 years )

ဂျပန်နိုင်ငံတွင် **IT Engineer ( Software Engineer)** တစ်ယောက်အဖြစ် ရပ်တည်ချင်သူများအတွက် သင်ကြားပေးနေသော **Diploma** အောင်လက်မှတ်ရ သင်တန်း




METRO
IT & Japanese Language Centre

### ★ Web Engineer Course ( 2 years )

**Web Developer** တစ်ယောက်အဖြစ် ရပ်တည်ချင်သူများ၊ **Website** များတီထွင်ဖန်တီးမှုကို စိတ်ဝင်စားသူများအတွက် သင်ကြားပေးနေသော **Diploma** အောင်လက်မှတ်ရ သင်တန်း

မိမိတို့၏ဘဝ အောင်မြင်မှုအတွက်

**" Create Your Future Together "**

**09-976334160, 09-262007900**

IT Course Seminar ကို 2018 June 10 ( Sun ) နေ့လည် 1:00 တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ဖုန်းဖြင့် ကြိုတင်စာရင်းပေးပြီး အခမဲ့ တက်ရောက်ဆွေးနွေးနိုင်ပါသည်။

Room No(A,B,C,D), 3rd Floor, Kyaw Business Tower Condo,Pansodan Street (Middle Block), Kyauktada Township, Yangon. Phone No: 01-372691

Room No(7), Mandalay ICT Park, 3rd Floor, Yadanarbon Super Center, Corner of 34 x 78 Street, Mandalay. Phone No: 09-401000510, 09-401000520

mminfo@metro-myanmar.com www.metro-myanmar.com/mic metrogroupmyanmar

**2018 July Intake**

တန်းခွဲသစ်အတွက် ကျောင်းအပ်လက်ခံနေပါပြီ။


**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 5J/8602 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၃ဖယ/၃၅၈၉၀ Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းရွှေ ၁၀/ပမန(နိုင်)၀၃၆၆၃၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(သထုံ)

## အောင်လံဆရာတော် အသျှင်စန္ဒိမာ၏ ယောဂီအဟောင်းများအတွက် အချောသပ်အထူးတရားစခန်း ရန်ကုန်မြို့တွင် ကျင်းပမည်

အောင်လံမြို့၊ စက်ရုံရပ်ကွက်၊ တိုက်ခွဲအမှတ်(၃၂)၊ သဲအင်းဂူဝိပဿနာဓမ္မရိပ်သာ၏ ဦးစီးပဓာန နာယက၊ သောတာပတ္တိမဂ်ရှုဖွယ်ကျမ်းနှင့် ယောနသံစင်ရော်၏ နက်နဲသော ပဟေဠိများကို ဖွင့်ဆိုခြင်းကျမ်းပြု၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တစန္ဒိမာ(အောင်လံ)သည် ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ကုန်းတလပေါင်စံပြကျေးရွာရှိ တိုက်ခွဲအမှတ်(၃၂)၊ သဲအင်းဂူဝိပဿနာဓမ္မရိပ်သာ၊ ရန်ကုန်ရိပ်သာကြီးတွင် တစ်ကြိမ်ဝင်ဖူးသော ယောဂီအဟောင်းများအတွက်(၁၀)ရက် အဓိဋ္ဌာန်အချောသပ် အထူးတရားစခန်းကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ တရားစခန်းဝင်ရောက်လိုသော ယောဂီများသည် ၇-၆-၂၀၁၈ ရက် နံနက် ၈း၀၀ နာရီတွင် ရဟန်းနှင့် အမျိုးသားယောဂီများအတွက် ဖုန်း-၀၉-၄၄၄၄၃၆၀၇၀ နှင့် ၀၉-၄၄၄၄၃၆၀၉၉ များသို့လည်းကောင်း၊ သီလရှင်နှင့် အမျိုးသမီးယောဂီများအတွက် ဖုန်း-၀၉-၇၈၂၂၁၁၆၆၇၊ ၀၉-၂၅၂၂၅၅၈၄၅နှင့် ၀၉-၇၉၈၇၂၁၉၂၀ များသို့လည်းကောင်း ဆက်သွယ်၍ စာရင်းပေးသွင်းရပါမည်။

**စခန်းဝင်ရမည့်ရက်/အချိန်** - ၁၇-၆-၂၀၁၈ ရက် နံနက် ၈ နာရီမှ မွန်းလွဲ ၁ နာရီအထိ
**စခန်းထွက်ရမည့်ရက်/အချိန်** - ၂၈-၆-၂၀၁၈ ရက် နံနက် ၇း၀၀ နာရီ
**မှတ်ချက်။** ။စုစုပေါင်းယောဂီဦးရေ (၅၅၀)သာ လက်ခံပါမည်။

စာရင်းပေးသွင်းပြီး မဝင်ဖြစ်ပါက တရားစခန်းမတိုင်မီ ဖုန်း-၀၉-၅၁၇၇၈၂၅နှင့် ၀၉-၄၅၀၀၁၁၉၄၇ သို့ ဖုန်းဆက်၍ အကြောင်းကြားပေးရန်နှင့် အကြောင်းကြားရန် ပျက်ကွက်ခဲ့ပါက နောင်တွင်လုံးဝဝင်ခွင့်ပြုမည်မဟုတ်ပါ။

**ရန်ကုန်ဥပဋ္ဌာကအဖွဲ့**

## ဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ဓေယျာလူမှုထူးချွန်ဆု၊ နိုင်ငံ့စွမ်းဆောင်ရည်ဆု၊ ကမ္ဘာ့ငြိမ်းချမ်းရေး စေတမန်ဆုများရှင် ဒေါက်တာဘဒ္ဒန္တကုဒ္ဒိဗလ ဆရာတော်အရှင်သူမြတ်အား ဗုဒ္ဓသာသနာတော်အတွက် နေ့၊ ညမနား စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ခြင်းများကြောင့် ၇-၄-၂၀၁၈ ရက်က အိန္ဒိယနိုင်ငံ Kolkata မြို့၊ THE GLOBAL ACADEMY မှ ဆက်ကပ်လှူဒါန်းသော (Sewa Chakra Award- SOCIAL WORK, PEACE AND HARMONY) ဆုတံဆိပ်ကိုလည်းကောင်း၊ ၁၃-၅-၂၀၁၈ ရက်က ထိုင်းနိုင်ငံ Mahachula longkorn rajavidyalaya University Council က ဆက်ကပ်လှူဒါန်းသော Honorary Doctorate Degree ဒေါက်တာဘွဲ့ကိုလည်းကောင်း၊ ၂၅-၅-၂၀၁၈ ရက်က ထိုင်းနိုင်ငံ၊ ထိုင်းဘုရင့်သမီးတော် မဟာချက်ကရီသီရိဒုံက ဆက်ကပ်သည့်(Dhamma Jakra Award) သာသနာပြု ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ ဆက်ကပ်လှူဒါန်းခြင်းအပေါ် သမိုင်းဝင်ကျိုက္ကစံ ဆံတော်ရှင်စေတီတော်၊ ဂေါပကအဖွဲ့က အထူးပင် ဂုဏ်ယူဝမ်းမြောက် သာဓုခေါ်ဆိုပါကြောင်းနှင့် ဆရာတော်ကြီး ကျန်းမာသက်ရှည်ပြီး သာသနာတော်အတွက် ဆတက်တိုး၍ သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

**သမိုင်းဝင်ကျိုက္ကစံဆံတော်ရှင်စေတီတော်**
**ဂေါပကအဖွဲ့**

### ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့၊ အမှတ်(၂)ရပ်ကွက်၊ သံပုရာခြံ ကိုယ်ပိုင်အထက်တန်းဆင့်သင်ကျောင်း တက္ကသိုလ်ဝင်တန်းအခန်း(B)မှ မခိုင်သဇင်၏ ဖခင်အမည်မှန်မှာ ဦးသီဟ ၈/မမန(နိုင်)၁၅၉၇၆၂ ဖြစ်ပါကြောင်း။ **ဖခင်-ဦးသီဟ**
**သံပုရာခြံကိုယ်ပိုင်အထက်တန်းကျောင်း မြိုင်မြို့**

### ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ် ကိုင်းတောမ အထက တက္ကသိုလ်ဝင်တန်း(B) မှ မအိအိဖြူ၏ ဖခင်အမည်မှန်မှာ ဦးပေါ်ဦး ၈/မမန(နိုင်)၁၈၉၅၅၄ ဖြစ်ပါကြောင်း။ **ဖခင်-ဦးပေါ်ဦး**
**ကန်နက်ရွာ**

### တစ်ဦးတည်းဖြစ်ကြောင်း

ကချင်ပြည်နယ်၊ ရွှေကူမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ၂၀၁၇- ၂၀၁၈ ပညာသင်နှစ် ပထမတန်းအောင်မြင်သော (ဘ)ဦးဇော်နိုင်ဝင်း ၁၂/လမန(နိုင်)၁၃၂၃၁၄၏သမီး မနှင်းသီရိဝင်းနှင့် သွန်းသီရိဝင်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

### မိဘအမည်မှန်

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင် အထက်မင်းလှမြို့၊ မြို့မရပ်ကွက်နေ အမက(မြို့မ)ကျောင်း စတုတ္ထတန်းမှ မပိုအိနန္ဒာ၏ မိဘအမည်မှန်မှာ ဦးဗညားအောင် MGE-၁၇၆၆၃၄နှင့် ဒေါ်မော်မော်နိုင် ၈/မလန(နိုင်)၀၅၂၉၉၈ ဖြစ်ပါကြောင်း။

## ပြင်ဦးလွင်ဂေါက်သီးရိုက်အသင်း နှစ်ပတ်လည်သင်းလုံးကျွတ် မျက်နှာစုံညီအစည်းအဝေး ဖိတ်ကြားခြင်း

ပြင်ဦးလွင်ဂေါက်သီးရိုက်အသင်း၏ ၂၀၁၈-၂၀၁၉ ခုနှစ်၊ နှစ်ပတ်လည်သင်းလုံးကျွတ် မျက်နှာစုံညီအစည်းအဝေးကျင်းပခြင်း၊ အလုပ်အမှုဆောင်အသစ်ရွေးချယ်တင်မြှောက်ခြင်းနှင့် အသင်းဥက္ကဋ္ဌ ဖလား(Captain Cup)ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပခြင်းတို့အား အောက်ပါအစီအစဉ်များအတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ပြင်ဦးလွင်ဂေါက်သီးရိုက်အသင်းသားများအားလုံး မပျက်မကွက်တက်ရောက်ပေးနိုင်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်-

| အစီအစဉ် | နေ့ရက် | အချိန်၊ နေရာ |
|---|---|---|
| မျက်နှာစုံညီအစည်းအဝေးနှင့် ၂၀၁၈-၂၀၂၀ ခုနှစ် အလုပ်အမှုဆောင်အသစ် ရွေးချယ်တင်မြှောက်ပွဲ | ၉-၆-၂၀၁၈ရက်(စနေနေ့) | နံနက် ၀၈း၃၀ နာရီ ပြင်ဦးလွင်ဂေါက်သီးရိုက်အသင်း အစည်းအဝေးခန်းမ |
| အသင်းဥက္ကဋ္ဌဖလား၊ ဂေါက်သီးရိုက်ပြိုင်ပွဲ | ၁၀-၆-၂၀၁၈ရက်(တနင်္ဂနွေနေ့) | နံနက်(၀၇း၀၀)နာရီ(တာလွှတ်ချိန်) ပြင်ဦးလွင်ဂေါက်ကွင်း |
| ဆုပေးပွဲနှင့်ညစာစားပွဲ | ၁၀-၆-၂၀၁၈ရက်(တနင်္ဂနွေနေ့) | ညနေ ၁၈း၃၀ နာရီ ပြင်ဦးလွင်ဂေါက်သီးရိုက်အသင်း မက်ခင်းပြင် |

**အလုပ်အမှုဆောင်အဖွဲ့**
**ပြင်ဦးလွင်ဂေါက်သီးရိုက်အသင်း**

## လက်ထပ်ပြီးစီးခြင်း

မော်လမြိုင်မြို့၊ ဈေးကြီး၊ ဖက်တန်းရပ်နေ
ဦးထင်ကျော်-ဒေါ်စန်းစန်းဝင်းတို့၏သားငယ်
**ဒေါက်တာရဲဝင်းလှိုင် M.B.,B.S (Ygn).**
**နှင့်**
ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၈)မိုင်နေ
ဦးစိန်ထွန်း-ဒေါ်ချိုချိုခိုင်တို့၏
တစ်ဦးတည်းသောသမီး
**ဒေါက်တာပွင့်သစ်ထွန်း**
**M.B.,B.S (Ygn)**
တို့သည် နှစ်ဖက်သော လူကြီးမိဘများ ရှေ့မှောက်တွင် လက်ထပ်ပြီးစီးပါကြောင်း။

**ဒေါက်တာရဲဝင်းလှိုင်-ဒေါက်တာပွင့်သစ်ထွန်း**

### မိခင်အမည်မှန်

ဆောမြို့နယ်၊ ခွေးမည်းကန်ကျေးရွာနေ မောင်လွတ်ထူးမောင်နှင့် မောင်ပြည့်ဖြိုးအောင်တို့၏ မိခင်အမည်မှန်မှာ ဒေါ်သန်းမြင့် ၈/ဆမန(နိုင်)၀၆၁၀၆၁၃ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

ရွှေဘိုမြို့၊ အထက(၄)၊ ပဉ္စမတန်း(အောင်)မှ မခင်မေခန့်၏ ဖခင်အမည်မှန်မှာ ဦးထွန်းမြင့်ထွန်း ၅/ကဘလ(နိုင်)၁၄၃၁၂၉ဖြစ်ပါသည်။
**ဦးထွန်းမြင့်ထွန်း**

### မိဘအမည်မှန်

ဆောမြို့နယ်၊ ခွေးမည်းကန်ကျေးရွာနေ မောင်ဇင်လင်းဖြိုးနှင့် မောင်ရဲရင့်ဖြိုးတို့၏မိဘအမည်မှန်မှာ ဦးမောင်နု ၈/ဆမန(နိုင်)၀၄၅၄၂၁၊ ဒေါ်ဝင်းမေ ၈/ဆမန(နိုင်)၀၄၅၄၃၂ ဖြစ်ပါကြောင်း။

### အမည်ပြောင်း

တောင်တွင်းကြီးမြို့ အထက(၃) ဆဋ္ဌမတန်း(အောင်)မှ မောင်မိုးမြင့်သူအား မောင်ဟန်သူဟု ပြောင်းလဲခေါ်ပါရန်။**ဦးအေးမင်းထွန်း ၈/တတက(နိုင်)၁၃၀၂၇၇**

### ဖခင်အမည်မှန်

မြဝတီခရိုင်၊ ဝေါလေမြိုင်မြို့၊ အထက၊ ပဥ္စမတန်းမှ မောင်ချစ်သူထွေး၏ဖခင်အမည်မှန်မှာ ဦးအောင်ချစ်(ခ) ဦးဘချစ် ၃/ကကရ(နိုင်)၀၅၇၄၅၆ ဖြစ်ပါသည်။

### ဖခင်အမည်မှန်

သထုံမြို့၊ အထက(၂) တက္ကသိုလ်ဝင်တန်း(D)မှ မစုမြတ်ခိုင်၏ ဖခင်အမည်မှန်မှာ ဦးတင်ဝင်း ၁၀/သထန(နိုင်)၀၉၆၀၀၈ဖြစ်ပါကြောင်း။
**ဦးတင်ဝင်း**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
လားရှိုးခရိုင် တရားမရုံး၌။
၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ်-၄၉

| | | |
|---|---|---|
| ကမ္ဘောဇဘဏ်လီမိတက် (၎င်း၏ကိုယ်စား ဒေါ်နန်းမိုဟွမ်၊ လားရှိုးကြီးဘဏ်ခွဲတာဝန်ခံ လားရှိုး-၂) | နှင့် | ၁။ ဦးစိုင်းသော်စိုး ၂။ ဦးသန်းထွန်း ၃။ ဒေါ်ခင်အေးမူ |
| တရားလို | | တရားပြိုင်များ |

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (၂၄)ရပ်ကွက်၊ ရေနံ့သာလမ်း၊ အမှတ် (၁၀၅/၁)၊ (ယခုနေရပ်လိပ်စာမသိ) (၁) ဦးစိုင်းသော်စိုး၊ (၂) ဦးသန်းထွန်း၊ (၃) ဒေါ်ခင်အေးမူတို့ သိစေရမည်။

သင့်အပေါ်၌ ကမ္ဘောဇဘဏ်လီမိတက် (၎င်း၏ကိုယ်စားဒေါ်နန်းမိုဟွမ် လားရှိုးကြီး ဘဏ်ခွဲတာဝန်ခံ၊ လားရှိုး-၂က ချေးငွေအတိုးအရင်းပေါင်း (၉၈၇၈၄၈၈ကျပ်/၇၈၁း) (ကိုးရာရှစ်ဆယ်ခုနစ်သိန်းရှစ်သောင်းလေးထောင်ရှစ်ရာရှစ်ဆယ့်ခုနစ်ကျပ်နှင့် ခုနစ်ဆယ်ရှစ်ပြားတိတိ) ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၈ ခုနှစ် ဇွန် ၇ရက် (၁၃၈၀ပြည့်နှစ် နယုန်လပြည့်ကျော် ၉ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် လိုအပ်သည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၈ ခုနှစ် မေ ၂၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ညီရွှေ)**
**ဒုတိယခရိုင်တရားသူကြီး (၂)၊ လားရှိုးခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
မြို့နယ်တရားရုံး (မိုးကောင်းမြို့)
၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ်-၃/၁၈

| | | |
|---|---|---|
| ဦးတင်ရွှေ (ဘ)ဦးမောင်အေး ၁/ဗမန(နိုင်)၀၀၂၀၁၆ | နှင့် | ဒေါ်ဝေဝေမွန် (ဘ)ဦးသန်းမြင့် ၇/ရတန(နိုင်)၀၉၈၇၅၆ |
| တရားလို | | တရားပြိုင် |

ကချင်ပြည်နယ်၊ မိုးကောင်းမြို့နယ်၊ ပင်းဘောကျေးရွာ၊ ရပ်ကွက်(၃)နေ ဒေါ်ဝေဝေမွန် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက လင်မယားကွာရှင်းပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၈ ခုနှစ် ဇွန် ၂၀ရက် (၁၃၈၀ ပြည့်နှစ် ပထမဝါဆိုလဆန်း ၈ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၈ ခုနှစ် မေ ၃၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။ **(အားစီမီး)**

**ဒုတိယမြို့နယ်တရားသူကြီး**
**မိုးကောင်းမြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
တာချီလိတ်မြို့နယ်တရားမရုံး
၂၀၁၈ခုနှစ် တရားမကြီးမှုအမှတ်-၇

| | | |
|---|---|---|
| ဦးသန်းမင်းစိုး | နှင့် | ဒေါ်သူဇာဝင်း |
| တရားလို | | တရားပြိုင် |

အမှတ် ၆၆၊ ရန်အောင်မြေ(၂)ရပ်ကွက်၊ တာချီလိတ်မြို့နေ ဒေါ်သူဇာဝင်း (ယခုနေရပ် လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက လင်မယားကွာရှင်းပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၈ခုနှစ် ဇွန် ၂၀ရက် (၁၃၈၀ပြည့်နှစ် ဝါဆိုလဆန်း ၈ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၈ခုနှစ် မေ ၃၁ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကျော်ကိုကိုနိုင်)**
**တွဲဖက်မြို့နယ်တရားသူကြီး)**
**တာချီလိတ်ခရိုင်တရားရုံး**

## ဦးတင်အောင်မိုး(ခ)ဦးတိတ်မိုး ၁၀/သထန(နိုင်)၂၃၇၉၃၆ ကိုယ်တိုင်နှင့် အများသိစေရန်ကြေညာခြင်း

သထုံမြို့နယ်၊ သုဝဏ္ဏဝတီမြို့၊ ကျိုက္ကော်ရပ်ကွက်၊ တမံကြီးရပ်၊ မင်းလမ်းနေ ဦးစိုးမင်း ၁၀/သထန(နိုင်)၁၀၅၆၉၁မှ ဦးတင်အောင်မိုး(ခ)ဦးတိတ်မိုးအား အထွေထွေကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းခြင်းကိစ္စနှင့်ပတ်သက်၍ ၂၅-၁၂-၂၀၁၇ ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ၏ စာမျက်နှာ ၂၅ တွင် သတင်းစာကြေညာထည့်သွင်းခဲ့ပါသည်။

အဆိုပါကြေညာမှုတွင် ကျွန်တော် ဦးစိုးမင်းမှ ဦးတင်အောင်မိုး(ခ)ဦးတိတ်မိုးသည် ၎င်းအားလွှဲအပ်ထားသည့် ကိုယ်စားလှယ်လွှဲစာအား အသုံးချ၍ ကျွန်တော်နှင့်ကျွန်တော်၏ သားဖြစ်သူတို့၏ ကိစ္စအရပ်ရပ်အား ဝင်ရောက်စွက်ဖက်ခြင်း၊ ကန့်ကွက်ခြင်း အလွဲအသုံးချခြင်းများ ပြုလုပ်နေပါကြောင်း ဖော်ပြပါရှိခဲ့ပါသည်။

အထက်ပါစာသားများနှင့်ပတ်သက်၍ ကျွန်တော် ဦးစိုးမင်းမှ ကျွန်တော့်အား စိတ်စေတနာကောင်းဖြင့် အဘက်ဘက်မှ ကူညီပေးခဲ့သော ဦးတင်အောင်မိုး(ခ)ဦးတိတ်မိုးအပေါ် အထင်အမြင်လွဲမှားမိ၍ ထည့်သွင်းဖော်ပြမိခဲ့ခြင်းသာ ဖြစ်ပါသည်။

အဆိုပါစာသားများသည် ဦးတင်အောင်မိုး(ခ)ဦးတိတ်မိုး၏ ဂုဏ်သိက္ခာကို ထိခိုက်ညှိုးနွမ်း စိတ်ဆင်းရဲမှုဖြစ်ပေါ်စေခဲ့သဖြင့် အဆိုပါစာသားများအား ပြန်လည်ရုပ်သိမ်းပါကြောင်းနှင့် ဦးတင်အောင်မိုး(ခ)ဦးတိတ်မိုးအား ကျေနပ်သည်အထိ အနူးအညွတ်ပြန်လည်ဝန်ချတောင်းပန်ပါကြောင်း ဦးတင်အောင်မိုး(ခ)ဦးတိတ်မိုးနှင့်တကွ အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစိုးမင်း ၁၀/သထန(နိုင်)၁၀၅၆၉၁**

## အများသိစေရန်ကြော်ငြာ

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄ဒီ၊ မြေကွက်အမှတ်V၇၉၊ မြေကွက်တည်နေရာအမှတ် ၂၉၊ (၁၃၆)လမ်း၊ အမည်ပေါက်ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်စစ်မှုထမ်းဟောင်းများအဖွဲ့ နှစ်(၉၀)ဂရန်(သက်ကုန်)မြေအား မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းများအဖွဲ့၊ ဗဟိုဌာနချုပ်၏ ၇-၁၂-၂၀၁၇ ရက်စွဲပါစာအမှတ် ၀၁/၀၄၃/ စီးပွား/စထဟဖြင့် မြေငှားစာချုပ်တိုးမြှင့်ပေးရန်နှင့် ဗဟိုစစ်မှုထမ်းဟောင်းအဖွဲ့၊ ဗဟိုဌာနချုပ်၏ကိုယ်စားတာဝန်ပေးအပ်ခံရသူ ဗိုလ်မှူးရဲလင်းနိုင်(ငြိမ်း) ၁၂/အလန(နိုင်)၀၃၆၃၈၁ မှ မြေငှားစာချုပ်ထုတ်ပေးနိုင်ပါရန် ဂရန်ပျောက်ဖြင့် မြေငှားစာချုပ်(ဂရန်)သက်တမ်းတိုးလျှောက်ထားလာခြင်းအား မအူကုန်းရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၊ တာမွေမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် သီးခြားသတင်းစာတို့တွင် ကြော်ငြာခဲ့ရာ သတ်မှတ်ရက်ပြည့်ပြီး ကန့်ကွက်မှုမပေါ်ပေါက်ပါသဖြင့် မြေငှားစာချုပ်(ဂရန်)သက်တမ်းတိုးခွင့်ပြုခဲ့ပြီးဖြစ်၍ အထက်ဖော်ပြပါ သက်ကုန်ဂရန်မူရင်းစာအုပ်အား မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနမှ ပယ်ဖျက်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗဟန်းမြို့နယ်၊ ရေတာရှည်ရပ်ကွက်၊ နန္ဒာဝန်လမ်း၊ မဟာဝိသုဒ္ဓါရုံကျောင်းတိုက်တည်ရှိရာ မြေဖြစ်သော ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၂၊ မြေကွက်အမှတ် ၃၇+၄၃/၁၊ အမည်ပေါက် မဟာဝိသုဒ္ဓါရုံ ပါဠိတက္ကသိုလ်၊ မြေအမျိုးအစား အခွန်လွတ်သာသနာ့မြေကို မဟာဝိသုဒ္ဓါရုံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသိရိန္ဒာဘိဝံသ ၁၂/ဗဟန(နိုင်)၀၀၀၅၄၃မှ ၁၁-၄-၂၀၁၈ရက်တွင် ဂရန်မိတ္တူလျှောက်ထားလာပါသည်။ လျှောက်ထားမှုအတွက် ယခင်အမှုတွဲအမှတ် (ဗဟ-အခွန်လွတ်သာသနာ့ဂရန် ၂/၉၇)အရ မဟာဝိသုဒ္ဓါရုံ ပါဠိတက္ကသိုလ်အမည်ပေါက်ဖြင့် ထုတ်ပေးခဲ့သော အခွန်လွတ်သာသနာ့ဂရန်မိတ္တူယင်းဂရန်မူရင်းပျောက်ဆုံးသွားကြောင်း ရဲစခန်းထောက်ခံစာ၊ ရေတာရှည်ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံစာ၊ မြို့နယ်နှင့်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့၏ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံချက်၊ မြို့နယ်နှင့်တိုင်းသာသနာရေးမှူးထောက်ခံချက်၊ တိုင်းသံဃနာယကအဖွဲ့၏ထောက်ခံချက်၊ ဂရန်မူရင်းပျောက်ဆုံး၍ မိတ္တူမှန်လျှောက်ထားခြင်းအတွက် ဆရာတော်မှ ဦးစိုးမြတ်အောင် ၁၂/ဗဟန(နိုင်)၀၁၅၆၀၈သို့ လွှဲအပ်သော ကိုယ်စားလှယ်လွှဲစာနှင့်အတူ ဂရန်မူရင်းပျောက်ဆုံးသည်မှာ မှန်ကန်ကြောင်း ဦးစိုးမြတ်အောင်မှ မင်္ဂလာတောင်ညွန့်မြို့နယ် တရားရုံးတွင် ကျိန်ဆိုသည့် ကျမ်းကျိန်အမှတ်စဉ်(၃/၁၈၀၁) ကို တင်ပြထားပါသည်။ လျှောက်ထားမြေပေါ်တွင် မဟာဝိသုဒ္ဓါရုံကျောင်းတိုက်တည်ရှိပါသည်။ သို့ဖြစ်ပါ၍ မဟာဝိသုဒ္ဓါရုံ ပါဠိတက္ကသိုလ်ကျောင်းတိုက်အမည်ပေါက် အခွန်လွတ်သာသနာ့ဂရန်မိတ္တူလျှောက်ထားလာမှုကို တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖောင်းကြွန်ပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7L/7754 ၏ ဖောင်းကြွန်ပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွန်ပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

**နှစ်ကိုးဆယ်ဂရန်ကြီးကျပြီး ကိုးကေခန့်မြေကွက်ကြီး ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်** ဖုန်း-၀၉-၂၀၃၉၅၆၆၊ ၄၄၈၅၄၈၇၇၈၊ ၈၃၀၀၄၄၂

နေပြည်တော်၊ မြို့မဈေးအနီး၊ ရွှေနံ့သာတန်ဖိုးနည်းအိမ်ရာအနီး၊ မင်းကုန်းအုတ်စက်ရုံအနီး၊ ပတ်ကားခြံဝတ်ပြီး၊ (11 KVA) ဓာတ်အားလိုင်းသွယ်တန်းပြီး ပေ(၆၀×၃၀) (RC)တစ်ထပ် အဆောက်အအုံအသစ်တစ်လုံးပါပြီး၊ မြေပြင်ရန်မလို၊ ရေမီးအပြည့်အစုံရပြီး (ပျဉ်းမနား-တောင်ညိုကားလမ်းမကြီးဘေးမေးတင်) (KLO)စက်သုံးဆီဆိုင်ရှေ့တွင်ရှိသော နေရာအလွန်ကောင်း၊ နှစ်ကိုးဆယ်ဂရန်ကြီးကျပြီး ငါးကေခန့်အပြင်(၁၀၅/၁၀၆)ရပြီး တစ်ဆက်တစ်စပ်တည်းရှိ ကျန်လေးကေနီးပါးခန့် စုစုပေါင်းကိုးကေခန့်ရှိ မြေကွက်ကျယ်ကြီးရောင်းမည်။ ခွဲ၍ မရောင်းပါ။ **ဈေးနှုန်း(ညှိနှိုင်း)**







## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့နယ်၊ အောင်းကုန်းခွဲ(အထက) နဝမတန်းမှ မခင်မျိုးထွေး ၅/အတန(နိုင်)၁၀၉၄၈၂ ၏ဖခင်အမည်မှန်မှာ ဦးစံသိန်း ၅/အတန(နိုင်)၀၁၆၅၉၃ ဖြစ်ပါကြောင်း။

**ဦးစံသိန်း**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မိတ္ထီလာမြို့နယ်၊ မွေ အထကကျောင်းမှ ဆဌမတန်းကျောင်းသူ မစုမွန်မြတ်၏ဖခင် ဦးသိန်းဇော်ဦး(ခ)ဇော်ဦး ၉/မထလ(နိုင်)၂၃၁၆၃၆ သည် တစ်ဦးတည်းသာဖြစ်ပါသည်။ **သိန်းဇော်ဦး(ခ)ဇော်ဦး**

## ဖခင်အမည်မှန်

မော်လမြိုင်မြို့နယ်၊ အလက(ခွဲ)ဖားအောက် အဌမတန်းအောင်မှ မနှင်းပွင့်လွှာ၏ ဖခင်အမည်မှန်မှာ ဦးဇော်မိုးအောင် ဖြစ်ပါကြောင်း။

**ဦးဇော်မိုးအောင်**

## မိဘအမည်မှန်

မန်စီမြို့နယ်၊ မန်ဝိန်းကြီး အထကကျောင်း စတုတ္ထတန်းမှ မဂျာဆိုင်းပန်၏ မိဘအမည်မှန်မှာ ဦးဘရန်ဖန် ၁/မစန(နိုင်)၀၂၉၇၁၆ နှင့် ဒေါ်ဘောက်ဂျာ ၁/မစန(နိုင်)၀၂၉၇၁၇ ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ကြောင်း

မိတ္ထီလာမြို့၊ မြို့မရဲစခန်းနေ ဦးကျော်ဇံ၏သမီး မအိအိကျော်နှင့် မအိအိဇော် ၉/ပသက(နိုင်)၁၂၁၉၂၁ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**မအိအိကျော်(ခ)မအိအိဇော်**

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့နယ်၊ အောင်းကုန်းခွဲ(အထက) နဝမတန်းမှ မကြည်ကြည်အောင် ၅/အတန(နိုင်)၁၀၇၇၈၆ ၏ ဖခင်အမည်မှန်မှာ ဦးမြင့်လွင် ၅/အတန(နိုင်)၀၁၈၄၂၁ ဖြစ်ပါကြောင်း။ **ဦးမြင့်လွင်**

## ဖခင်အမည်မှန်

မိုးညှင်းမြို့နယ်၊ အထက(၂)၊ နဝမတန်းအောင်မှ မဆောင်းသဇင်၊ အထက (ရွာသစ်ကြီး)၊ အဌမတန်းအောင်မှ မနွေပိတောက်ဝါနှင့် ဆဌမတန်းမှ မောင်မိုးထက်အောင်တို့၏ ဖခင်အမည်မှန်မှာ ဦးအေးဝင်း ဖြစ်ပါသည်။

## ဖခင်အမည်မှန်

ပုတာအိုမြို့၊ အထက(လေယာဉ်ကွင်း) သတ္တမတန်းမှ မောင်ဒါဝိဒ်၏ ဖခင်အမည်မှန်မှာ ဦးမဖန်းဖုန်ဆိုင်း ဖြစ်ပါသည်။

## ပတ်စ်ပို့ပျောက်

ကျွန်မ ဒေါ်နန်ပူ ၁/မကတ(နိုင်)၀၀၀၁၆၁၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၇၈၉၄၆၈၃၄**

**ပျောက်ဆုံးကြောင်း**

ကျွန်တော် ကိုလင်း(ဘ)ဦးကိုကို ၉/တကန(နိုင်)၁၅၁၁၉၃ ၏ နိုင်ငံကူးလက်မှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၉၇၈၂၃၈၈၄**

**ပျောက်ဆုံးကြောင်း**

ကျွန်မ မို့မို့ရွှေ (ဘ)ဦးတင်ရွှေ ၈/မလန(နိုင်)၀၄၅၅၀၀ ၏ နိုင်ငံကူးလက်မှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၆၄၁၇၆၂၉၂**

**ပျောက်ဆုံးကြောင်း**

ကျွန်တော် ဇော်မျိုးအောင်(ဘ)ဦးကျော်ဌေးစိန် ၉/တကန(နိုင်)၁၉၄၆၉၁ ၏ နိုင်ငံကူးလက်မှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၆၇၈၃၇၀၅၃**

**ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်**

## အကြောင်းကြားစာ

**(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**
**မှော်ဘီမြို့နယ်တရားမရုံးတော်၌**
**၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၅ နှင့်ဆက်သွယ်သည့်**
**၂၀၁၇ခုနှစ် တရားမဇာရီမှုအမှတ်-၂၈**

| | | |
|---|---|---|
| ဦးကိုကိုကျော် | **နှင့်** | ဦးကျော်စိုး |
| **ဒီကရီအနိုင်ရသူ** | | **တရားရုံး** |

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ မင်းရွာအုပ်စု၊ သာယာကုန်းလမ်းနေ တရားရုံး ဦးကျော်စိုး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၅တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုစေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၈ ခုနှစ် ဇွန် ၁၄ ရက် (၁၃၈၀ပြည့်နှစ် ပထမဝါဆိုလဆန်း ၂ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၁၈ခုနှစ် မေ ၃၁ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကျော်ဇင်ထွန်း)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**မှော်ဘီမြို့နယ်တရားရုံး**

## ဖခင်အမည်မှန်

နေပြည်တော် ဇေယျာသီရိမြို့နယ်၊ အထက(ခွဲ)ကျောက်ချက် (က/၀၁၀၆) မဆုမွန်မြင့်၏ဖခင်အမည်မှန်မှာ ဦးစိုးလွင် ၉/ပမန(နိုင်)၁၅၂၃၄၉ ဖြစ်ပါသည်။

**ဦးစိုးလွင်**

## အမည်ပြောင်း

မူ/လွန်(ရေချမ်းပြင်) ကျောင်းမှ တတိယတန်းအောင် (ဘ)ဦးအောင်အောင်၏သမီး မရွှေရည်လင်းအားယနေ့မှစ၍ မထားလဲ့လဲ့ညှိဟု ပြောင်းလဲခေါ်ပါရန်။ **မထားလဲ့လဲ့ညှိ**

## ဖခင်အမည်မှန်

ပေါက်တောမြို့၊ အထက K.G တန်းမှ မောင်တင်ထွန်းအောင်၏ ဖခင်အမည်မှန်မှာ ဦးအောင်ထူး(ခ)ဦးအောင်ကျော်ဇော်လင်း ၁၁/ပတန(နိုင်)၀၄၉၃၃၄ ဖြစ်ပါကြောင်း။ **ဦးအောင်ကျော်ဇော်လင်း**

## အများသိစေရန်အသိပေးကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ ချမ်းမြသာစည်ရပ်ကွက်၊ ကွင်းအမှတ် (၇၀၄·S.ကွင်းချောင်းမြောက်)၊ ဦးပိုင်အမှတ် (A.ဂ·၁၉၉)၊ ဧရိယာ ၀ဒသမ၀၉၂ဧက အကျယ်အဝန်းရှိ မြို့မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်မြတ်စုလှိုင်နှင့် ဒေါ်အိဖြိုးပိုင်တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးဝင်ငွေတချို့တစ်ဝက်ကို ပေးချေခဲ့ပြီးဖြစ်ပါသည်။

အဆိုပါ မြေကွက်၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစိုးထွန်းထွန်းဇော် LL.B.(Q)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၅၃၄)**
**အမှတ် (ဏ-၁/၆၁)၊ ၆၄လမ်း၊**
**စွယ်တော်လမ်းနှင့် သရဖီလမ်းကြား၊ မြို့သစ် (၁)ရပ်**
**ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့၊**
**ဖုန်း-၀၉-၂၀၁၆၇၁၄၊ ၀၂-၇၈၈၅၇**

## အများသိစေရန်အသိပေးကြေညာခြင်း

မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ ဖက္ကလိတ်ကျေးရွာ၊ ကွင်းအမှတ်(၁၅၄-ခ/သုံးအိမ်စုကွင်း)၊ ဦးပိုင်အမှတ်(၄၂)၊ ဧရိယာ ၀ဒသမ၀၅ ဧကရှိ ဒေါ်အေးအေးသန်း အမည်ပေါက် အိမ်ရာမြေအမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်အေးအေးသန်းထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးဝင်ငွေအချို့အဝက်ကို ပေးချေခဲ့ပြီးဖြစ်ပါသည်။

အဆိုပါ မြေကွက်၏ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစိုးထွန်းထွန်းဇော် LL.B(Q)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၅၃၄)**
**အမှတ်(ဏ-၁/၆၁)၊ ၆၄ လမ်း၊**
**စွယ်တော်လမ်းနှင့်သရဖီလမ်းကြား၊ မြို့သစ်(၁)ရပ်၊**
**ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့၊**
**ဖုန်း-၀၉-၂၀၁၆၇၁၄၊ ၀၂-၇၈၈၅၇**

## အများသိစေရန်အသိပေးကြေညာခြင်း

ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ်၊ ကျုံဒိုးမြို့၊ အမှတ်(၄)ရပ်ကွက်၊ ကွင်းအမှတ် ၈၃၊ ဒေါ်နော်အေးမြင့် အမည်ပေါက် မြို့မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်နော်ခင်မေဝင်းထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေတချို့တစ်ဝက်ကို ပေးချေခဲ့ပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစိုးထွန်းထွန်းဇော် LL.B(Q)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၅၃၄)**
**အမှတ် ဏ-၁/၆၁၊ ၆၄ လမ်း၊ စွယ်တော်လမ်းနှင့်သရဖီလမ်းကြား၊**
**မြို့သစ်(၁)ရပ်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့၊**
**ဖုန်း-၀၉-၂၀၁၆၇၁၄၊ ၀၂-၇၈၈၅၇**

## အများသိစေရန်အသိပေးကြေညာခြင်း

မွန်ပြည်နယ်၊ သထုံမြို့နယ်၊ ပေါ်တော်မူကျေးရွာ၊ ကွင်းအမှတ် (၆၄၉/ရဟန္တာမြို့ကွင်း)၊ ဦးပိုင်အမှတ် (၅၄/၅) ဒေါ်သင်းသင်းမော် အမည်ပေါက် ရွာမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်သင်းသင်းမော်ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးငွေတချို့တစ်ဝက်ကို ပေးချေခဲ့ပြီးဖြစ်ပါသည်။

အဆိုပါ မြေကွက်၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစိုးထွန်းထွန်းဇော် LL.B(Q)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၅၃၄)**
**အမှတ် (ဏ-၁/၆၁)၊ ၆၄လမ်း၊**
**စွယ်တော်လမ်းနှင့် သရဖီလမ်းကြား၊ မြို့သစ် (၁)ရပ်၊**
**ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့၊**
**ဖုန်း-၀၉-၂၀၁၆၇၁၄၊ ၀၂-၇၈၈၅၇**

## အများသိစေရန်အသိပေးကြေညာခြင်း

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ မြိုင်သာရပ်ကွက်၊ အကွက်အမှတ် ၁၄၄၁၊ လဝွန်းအိမ်လမ်း၊ ဧရိယာ ၀ဒသမ ၀၅၅၁ဧကရှိ ဦးလှဝင်းအမည်ပေါက် မြိုင်သာယာဝန်ထမ်းအိမ်ရာ ဖော်ထုတ်ချထားရေးဗဟိုကြီးကြပ်မှုကော်မတီမှ ချထားပေးသောမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်သက်သက်ငယ်ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးငွေတချို့တစ်ဝက်ကို ပေးချေခဲ့ပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစိုးထွန်းထွန်းဇော် LL.B(Q)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၅၃၄)**
**အမှတ် ဏ-၁/၆၁၊ ၆၄ လမ်း၊ စွယ်တော်လမ်းနှင့်သရဖီလမ်းကြား၊**
**မြို့သစ်(၁)ရပ်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့၊**
**ဖုန်း-၀၉-၂၀၁၆၇၁၄၊ ၀၂-၇၈၈၅၇**



ရန်ကုန်မြို့၌ ယနေ့ကျင်းပသော ကမ္ဘာ့စက်ဘီးနေ့ (World Bicycle Day) ကို အားကစားဝါသနာရှင်များ စည်ကားသိုက်မြိုက်စွာ ဆင်နွှဲစဉ်။ ဓာတ်ပုံ- မင်းထက်

# မြန်မာတစ်နိုင်ငံလုံး၌ ကမ္ဘာ့စက်ဘီးနေ့အား ကမ္ဘာ့နိုင်ငံများနည်းတူ ကျင်းပ

**ရန်ကုန် ဇွန် ၃**

ကမ္ဘာ့ကုလသမဂ္ဂမှ ပို့ဆောင်ရေးနှင့် အပျော်တမ်းအတွက် စက်ဘီးအသုံးပြုမှု၏ ကောင်းကျိုးများကို သတိပြုမိစေရန် နှစ်စဉ် ဇွန်လ ၃ ရက်နေ့အား World Bicycle Day အဖြစ် ကြေညာသတ်မှတ်ခဲ့၍ ယင်းနေ့ကို ဂုဏ်ပြုသောအားဖြင့် ယနေ့နံနက်တွင် မြန်မာနိုင်ငံတစ်ဝန်း ကမ္ဘာ့နိုင်ငံများနည်းတူ ကျင်းပခဲ့သည်။

ယနေ့ကျရောက်သော World Bicycle Day တွင် ကမ္ဘာ့နိုင်ငံအသီးသီးတို့နှင့်အတူ မြန်မာနိုင်ငံအတွင်းရှိ နေပြည်တော် ကောင်စီနယ်မြေ၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့အပြင် ကချင်ပြည်နယ်... ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင်လည်း တပျော်တပါး ကျင်းပခဲ့သည်။ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်ရှိ အမျိုးသားအားကစားပြိုင်ပွဲ ရုံ-၁ သုဝဏ္ဏ၌ World Bicycle Day အဖြစ် ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီး ဦးစိုးအောင်(ညွှန်ကြားရေးမှူး)၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မိုး၊ မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးခင်မောင်ဝင်းနှင့် ဒုတိယဥက္ကဋ္ဌများ၊ ရန်ကုန်တိုင်းဒေသကြီး စက်ဘီးဆပ်ကော်မတီဥက္ကဋ္ဌ ဦးကိုကိုကြီးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ် အတွင်းရေးမှူး ဦးကျော်မင်းသန်းနှင့် အပျော်တမ်းစက်ဘီးစီးအားကစားသမားများ ပါဝင်တက်ရောက်သည်။ *စာမျက်နှာ ၈ ကော်လံ ၄* ❖

## မြိုင်မြို့နယ်၌ မိုးသည်းထန်မှုကြောင့် ချောင်းရေများကျ၊ ပုသိမ်-မုံရွာလမ်း ရေကျော်၍ သွားလာရေးခက်ခဲ

စာမျက်နှာ » ၁၁

## မင်္ဂလာဒုံနှင့် ထန်းတပင်မြို့နယ်တို့တွင် နိုင်ငံခြားဖြစ်အရက်တုများ ပြုလုပ်ရောင်းချသူများကို ဖမ်းဆီးရမိ

စာမျက်နှာ » ၁၃

# MNL ပွဲစဉ်(၁၄) ဆောက်သမ်းနှင့် ရှမ်းယူနိုက်တက်အနိုင်ရ

**ရန်ကုန် ဇွန် ၃**

၂၀၁၈ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၄) ဒုတိယနေ့ကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပရာ Southern နှင့် ရှမ်းယူနိုက်တက်အသင်းတို့ အနိုင်ရခဲ့သည်။

မော်လမြိုင်ကွင်း၌ ကျင်းပသည့်ပွဲတွင် Southern အသင်းက ဇွဲကပင်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ကြားရက်က ယှဉ်ပြိုင်ကစားခဲ့သည့် ရှုံးထွက်ပြိုင်ပွဲတွင် GFA အသင်းကို ရှုံးနိမ့်ပြီး ပြိုင်ပွဲမှထွက်ခဲ့ရသည့် Southern အသင်းသည် အမှတ်ပေးပွဲတွင် အာရုံစိုက်ကစားခဲ့ပြီး အိမ်ကွင်းနိုင်ပွဲ ပြန်လည်ရယူနိုင်ခဲ့သည်။ ဇွဲကပင်အသင်းသည် ဒုတိယအကျော့အဖွင့်ပွဲတွင် ဟံသာဝတီကို အနိုင်ရခဲ့သော်လည်း ယခုပွဲတွင် ယင်းခြေစွမ်းမျိုး ပြသနိုင်ခြင်းမရှိဘဲ ခြေစွမ်းမတည်ငြိမ်မှုကြောင့် ရလဒ်ဆိုးရွားခဲ့ခြင်းဖြစ်သည်။

Southern အသင်းသည် အိမ်ကွင်း၌အနိုင်ရရန် လူစုံထုတ် ကစားခဲ့ပြီး ဇွဲကပင်အသင်းတွင်မူ ပွဲပယ်ခံထားရသည့် တိုက်စစ်မှူး သန်းထက်အောင်နှင့် နောက်ခံလူ ဝက်စ်တို့မှလွဲ၍ လူစုံပါဝင်ခဲ့သော်လည်း လိုအပ်ချက်များရှိနေပြီး အဝေးကွင်း၌ ရှုံးနိမ့်ခဲ့ရသည်။ *စာမျက်နှာ ၁၂ ကော်လံ ၁* ●



၂၀၁၆ အာဆီယံ အမျိုးသမီးပြိုင်ပွဲ ယှဉ်ပြိုင်ခဲ့သည့် မြန်မာအမျိုးသမီးအသင်း။ ဓာတ်ပုံ-စိုးညွှန့်

# မြန်မာအမျိုးသမီးအသင်း အာဆီယံပြိုင်ပွဲမတိုင်မီ နိုင်ငံတကာခြေစမ်းပွဲလေးပွဲ ကစားမည်

**ရန်ကုန် ဇွန် ၃**

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ၂၀၁၈ အာဆီယံ အမျိုးသမီးပြိုင်ပွဲမတိုင်မီ နိုင်ငံတကာခြေစမ်းပွဲ လေးပွဲယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး နောက်ဆုံးပွဲအဖြစ် အင်ဒိုနီးရှားအမျိုးသမီးအသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် ပြိုင်ပွဲအတွက် နောက်ဆုံးပြင်ဆင်မှုအဖြစ် ၂၀၁၈ အာဆီယံ အမျိုးသမီးပြိုင်ပွဲအား အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် *စာမျက်နှာ ၁၂ ကော်လံ ၅* ❐

ဂုဏ်ထူး မြန်မာစာ နှစ်ပေါက် သင်တန်းကြီး
ပြောင်းလဲလိုက်သော မေးခွန်းသစ်နှင့် အညီ
၁။ တစ်ခုတည်းသော စာစီစာကုံး တန်းခွဲ
(ဆရာကြီး ဦးသိန်းနိုင် ကိုယ်တိုင် သင်မည်)
တနင်္ဂနွေနေ့တိုင်း နံနက် ၇:၀၀ မှ ၈:၃၀
စာစီစာကုံး(၁)ပုဒ်၊ အဆို အချေ (၁)ပုဒ်၊ သဒ္ဒါအသုံးအနှုန်း(၁)ပုဒ်
ထူးချွန်လိုသူ အလုပ် လုပ်လိုသူများသာ တက်ပါရန်...
၂။ တက္ကသိုလ်ဝင်သင်ရိုးနှင့် စာကုံး ဇွန်(၁၀)ရက် ဖွင့်မည်
အဆို အချေကို အပတ်စဉ် သင်မည်။
မေးခွန်း ပုံစံသစ်နှင့် လုံးဝ ကိုက်ညီစေသည်

"ထူးချွန် ပြောင်မြောက်သူတို့၏ အောင်မြေအမွှန်"
ဂုဏ်ထူးဦးသိန်းနိုင် ကိုယ်ပိုင်အထက်တန်းကျောင်း
ယခုနှစ်မှ စ၍
နှစ်ဆတိုး ပညာရေးမြှင့်တင်ချက် အထူးအစီအစဉ်
ဂုဏ်ထူးမြန်မာစာ နည်းပြ
၁၈၈ (၃)ထပ်၊ ဆိပ်ကမ်းသာလမ်း(အလယ်)၊
ရန်ကုန်မြို့။
ဖုန်း ၀၉ ၅၀ ၁၂၆၁၁၊ ၀၉ ၄၅၀ ၀၅၅ ၈၅၂
ဤအထက်တန်းကျောင်းကြီးတွင် တက်ရောက်နေသူ ဘော်ဒါကျောင်းသား/သူများနှင့် DAY ဘော်ဒါများ အားလုံး
■ နံနက် ၇:၃၀ နာရီ မှ ၁၂:၁၅ နာရီအထိ ကျောင်းတက်ချိန်။
■ ၁၂:၁၅ မှ ၁:၀၀ နာရီအထိ နေ့လယ်စာ ထမင်းစားချိန် ခေတ္တနား။
■ နေ့လယ် ၁:၀၀ နာရီ မှ ၅:၃၀ နာရီအထိ ဝါရင့် ကျွမ်းကျင် GUIDE ဆရာ (၆)ဦးနှင့် GUIDE အချိန်။
■ ညနေ ၆:၀၀ နာရီ မှ ၇:၃၀ နာရီအထိ သီးခြား ဝါရင့် ကျွမ်းကျင် GUIDE တစ်ဖွဲ့နှင့် ထပ်မံ GUIDE လုပ်ပြီး၊ တစ်နေ့တာ လေ့ကျင့်ခန်းများ ပြီးစီးအောင် လုပ်ချိန်။
■ ည ၈:၃၀ မှ ၁၀:၃၀ နာရီအထိ စာ အရကျက်ချိန်။
ပညာရေး အဆင့်မြင့် ဓနန်းသွင်း ဘော်ဒါ နှင့် နေ့တက် ဘော်ဒါ
မြေအမှတ် ၂၈ (A)+၂၈ (B)၊ ဝေဠုယန္တာလမ်းမကြီး၊ လှိုင်သာယာစက်မှုဇုန်...
ORANGE SUPER MART ညာဖက်
ဖုန်း ၀၉ ၅၀ ၂၄၀၄၁၊ ၀၉ ၄၀၀၄၅၂၄၃၉၊
အတု မရှိ၊ အတူမရှိ ပညာရေးအင်အား
• ဂုဏ်ထူးဦးသိန်းနိုင်
• ဆရာနေအုပ်(စိန်ပေါလ်)
• ဂုဏ်ထူးဦးအောင်ခိုင်
• ဒေါက်တာညီညီ(Ph.D)
• ပါမောက္ခ ဒေါက်တာထွန်းခင်
• ဆရာမကြီး ဒေါ်ဆွေညွန့်လွင်
• ဆရာ ဇော်လင်းအောင်
• ဒေါက်တာ ဇီဝ (Dr. ညီညီနိုင်)
• စိုင်းစိန်မြင့်အောင်